www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မောင်ညိုဗြအား (ပန်းတော)

(လုံး ချင်း ဝ တ္ထု သစ်)

---

**တမ်းတတိုင်တည်တေး**

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့ဖ်စက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER

■ တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
ဖုံး-၅၈၁၇၃၃-၄၄၄

■ တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဉယျာဉ်မြို့တော်။
ဖုန်း-၅၉၃၂၆၅

■ E-mail: EPC@mail2world.com

■ P.O. Box-234

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၃၂၅/၂၀၀၄ (၃)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၄၀/၂၀၀၄ (၅)

**ထုတ်ဝေခြင်း**

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ ဇွန်လ။

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၅၅၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# တမ်းတတိုင်တည်တေး

မောင်ညိုအေး (ပန်းတော)

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( တစ် )

www.burmeseclassic.com

www.burmeseclassic.com

သူ့အပြင်
သူ့အရင်မှာလည်း
ကြင်နာခံစား
နှလုံးသားက
စကားအပို မဆိုတတ်ခဲ့...။
တစ်ပါးသော
တခြားသောသူနဲ့
အတူကြုံလျက်
စုံဖက်ရကောင်း ဆုမတောင်းခဲ့...။
စိတ်တူကိုယ်တူ
ရင်ချင်းတူလို့
နှစ်ကိုယ့်တစ်စိတ်
ချစ်အရိပ်မှာ
တစ်ကမ္ဘာတည်
သူသာ ရင်နှစ် 'ချစ်သူ' ဖြစ်၏ ။ ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁။

"မိတကွဲ ဖတကွဲနဲ့ သူတစ်ယောက်တည်း နေရ
မှာကို ဘယ်လိုလုပ် ရင်အေးနိုင်မှာလဲ မောင်ခင်ဝင်း"

မုံရွာမှ ရန်ကုန်သို့ အလုပ်ပြောင်းရွှေ့ရသည်။ သူ့အနေအထိုင်၊ သူ့အခြေအနေကို စိတ်မချ၍ မေမေတို့တစ်တွေ အုံလိုက်ကျင်းလိုက် လိုက်ခဲ့ကြ၏။

သူ့အသိုင်းအဝိုင်းက မုံရွာတစ်ဝိုက်မှာ အထည်စက်တွေ၊ ယက်ကန်းစက်တွေ အခြားလုပ်ငန်းတွေဖြင့် စီးပွားရေးအခြေကျနေသူတွေ။

"အန်တီရယ် . . . 'ကျော်ဇင်ငြိမ်း' က ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

သားတစ်ယောက် မဟုတ်တော့ဘူး၊ အသက်နှစ်ဆယ့်ခြောက်နှစ်ထဲ ရောက်နေတဲ့ တက္ကသိုလ်ကျောင်းဆရာဖြစ်နေပါပြီ”

“အငယ်ဆုံးမို့ စီးပွားရေးကို စိတ်မဝင်စားဘဲ ပညာရေးကို စိတ်ဝင်စားတာ အန်တီတို့ အပြစ်မမြင်ပါဘူး၊ သားလေးရဲ့အနေအထိုင်ကိုလည်း စိတ်ချတယ်၊ ဒါပေမဲ့ကွယ် ဒီအရွယ် ဒီအခြေအနေမှာတော့ သူ့အိုးသူ့အိမ်နဲ့ နေသင့်ပြီ မဟုတ်လား၊ သူ့ဇနီးမယား ရှိနေရင် အန်တီတို့အနေနဲ့ အခုအခြေအနေထိ လိုက်ပူစရာ မလိုတော့ဘူးလေ”

ခင်ဝင်းရှေ့မှာ ဓာတ်ပြားဟောင်းကို မေမေ ဖွင့်လေ၏။

သူ့ကို အိမ်ထောင်ကျစေချင်သော ခင်ဝင်းနှင့် စည်းဝါးကိုက်လေပြီ။

“ဒီစကားကတော့ ဟုတ်တယ် ကျော်ဇင်ငြိမ်း၊ ငါတောင်မှ အိမ်ထောင်ပြုပြီး တည်တည်ငြိမ်ငြိမ် ဖြစ်နေပြီ၊ မင်းဘဝက အစစ ပြည့်စုံနေတဲ့သူ၊ အရွယ်ကလည်း အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ”

“သူ အမြီးပြတ်တိုင်း သားကို အမြီးပြတ်စေချင်


www.burmeseclassic.com

www.burmeseclassic.com

နေတာ၊ အိမ်ထောင်သည်ဖြစ်သွားလို့ သူ့လွတ်လပ်မှုတွေ ဆုံးရှုံးသွားတာကိုတော့ မပြောဘူး၊ တစ်ယောက်တည်းနေတာက မေမေတို့အတွက် စိတ်ချမ်းသာရာရသေးတယ်၊ ယူဖြစ်တဲ့မိန်းမကို စိတ်တိုင်းမကျရင် သားကိုယ်တိုင်ရော မေမေတို့အားလုံးပါ စိတ်ဆင်းရဲနေရမှာ၊ ဆေးမင်ကြောင်ထိုး၊ အိမ်ထောင်မှု ဘုရားတည် . . . တဲ့ မေမေ”

“အဲဒါသာကြည့် . . အိမ်ထောင်ပြုဖို့ပြောတိုင်း ဒီစကားနဲ့ ကိုင်ကိုင်ပေါက်နေတာ၊ အန်တီတို့ ရှာပေးတော့လည်း ဈေးဆစ်တာ ဈေးများတာနဲ့ မျက်နှာပူရတယ်၊ သူကိုယ်တိုင် သူ့စိတ်ကြိုက်ရှာပါဆိုတော့လည်း ဒီနေ့အထိ အလုပ်မဖြစ်ဘူး၊ အန်တီတို့က ဆင်းရဲချမ်းသာ မရွေးပါဘူး၊ သားလေးသဘောကျတဲ့သူ ဖြစ်ရင်ပြီးပါတယ်”

မေမေတို့ ရှာပေးဖူးသော မိန်းကလေးက သူ့ရည်ရွယ်ရာနှင့်သူ ဖြစ်နေခဲ့သည်ကိုတော့ ထည့်မပြော။

ခင်ဝင်းနှင့်အတူတူ ကျောင်းသားဘဝတုန်းက သူ့ကိုလှည့်ဖြားဖို့ ကြိုးစားခဲ့သော ‘ယမင်းခိုင်’ ဆိုသူ မိန်းကလေး


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အကြောင်းကိုလည်း ခင်ဝင်း မေ့လျော့ထားသည်လား မပြောတတ်။

"အန်တီပြောတာ ကြားတယ်နော် ကျော်ဇင်ငြိမ်း၊ စိတ်ချအန်တီ . . . ရန်ကုန်မှာ ဒီကောင် အိမ်ထောင်ကျကို ကျစေရမယ်"

"အေးပါကွယ်၊ သူ့အစ်ကို အစ်မတွေကလည်း သူ့ကို မိန်းမ ပေးစားချင်နေကြတာ၊ ဟိုမှာတွေ့လား၊ သူ့ညီ ရန်ကုန်မှာ ကျောင်းသွားကျောင်းပြန် အဆင်ပြေအောင်လို့ ပွဲစားတန်းသွားပြီး ကားတစ်စီး ချက်ချင်းရှာလာတာလေ"

မေမေ့စကားကြောင့် ခင်ဝင်းနှင့်အတူလှမ်းကြည့်လိုက်၏။

သူတစ်ယောက်တည်း ငှားရမ်းနေထိုင်မည့် ခြံဝင်းအတွင်းသို့ ကားနှစ်စီးရှေ့ဆင့်နောက်ဆင့် ဝင်လာ၏။

ကားရောင်းမည့်သူတွေကို မေမေရှေ့မှောက်သို့ ကိုကိုကြီးကိုယ်တိုင် ခေါ်လာခြင်း ဖြစ်သည်။ သူစီးဖို့ကားကို, ကိုကိုကြီး ရှာလာပေးပြီး မေမေက ငွေအဆင်သင့် ချေပေးလိုက်သည်။

"ရန်ကုန်တက္ကသိုလ်မှာ စတက်ကတည်းက မင်းနဲ့ငါ ခင်ဖြစ်ကြတာ၊ ယမင်းခိုင်ကိစ္စကိုတော့ မင်းမေ့ပစ်လိုက်ပါ၊ အခုအချိန်မှာ မင်းဘဝအတွက်



www.burmeseclassic.com

www.burmeseclassic.com

အဖော်ကို ဦးနှောက်နဲ့ရော၊ နှလုံးသားနဲ့ပါ မင်း ရှာသင့်ပြီ ကျော်ဇင်ငြိမ်း”

မေမေတို့ တဖွဖွပြောနေသော စကား။

ခင်ဝင်းပြောသော စကားများကို သူ မသိ၍မဟုတ်။

အရင်းအတိုင်း ဝန်ခံရပါလျှင် မိန်းမနှင့်ပတ်သက်ပြီး ခံမှန်ဖူးသော သူ့နှလုံးသားကို ဒီနေ့အထိ လှုပ်ကိုင်နိုင်စွမ်းသောသူအား ရှာမတွေ့သေးပေ။

“ဒီအိမ်လေးနဲ့ ဒီခြံလေးက နေချင်စဖွယ်ကောင်းတာ အမှန်ပဲ ခင်ဝင်း၊ မင်းဦးလေးထားခဲ့တဲ့ ပစ္စည်းတွေက ငါ့အတွက်တော့ ပြည့်စုံနေတယ်၊ မင်းနဲ့ တစ်ရပ်ကွက်တည်းဆိုတော့ ပိုအဆင်ပြေတယ်”

“ငါ့ဦးလေးနဲ့မင်း နှစ်ခါလောက်တော့ ဆုံဖူးခဲ့မှာပဲ၊ သေချာပြန်တွေးမှ ဒီခြံနဲ့အိမ်က ပညတ်သဘော ရှိနေသလား မသိဘူး၊ ငါ့ဦးလေးက အလုပ်တာဝန်နဲ့ နိုင်ငံခြားသာ ထွက်သွားရတာ ဒီနေ့အထိ လူပျိုကြီးပဲ၊ သူ့မိဘအသိုင်းဝိုင်းနဲ့ အတူမနေဘဲ ဒီခြံကို ဝယ်ပြီး တစ်ယောက်တည်းနေလာခဲ့တာ၊ မင်းမို့လို့ သူ လက်ခံတာ၊ မိသားစုတွေ ဘာတွေဆိုရင်တော့ သူပေးနေမှာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး . . . ကျော်ဇင်ငြိမ်း”

“အေးကွာ . . . ငါ ဒီမှာနေရတာ အဆင်ပြေရင်တော့ ဒီခြံကို ဝယ်ဖို့ စဉ်းစားရမယ်၊ မင်းဦးလေး ပြန်ရောက်တဲ့အခါ ဒီ့ထက်ကောင်းတဲ့နေရာကို ပြန်ဝယ်နေပေါ့ကွာ”

သူ့စိတ်ကူးနှင့်သူ ပြောလိုက်မိသည်။

❧❧

သချ်ာနှင့် မဟာဘွဲ့ရတာချင်း တူပေမယ့် သူ ရန်ကုန်ပြောင်းဖြစ်တော့ ဆေးတက္ကသိုလ်မှာ တာဝန်ကျသည်။ ခင်ဝင်းကတော့ ရိုးရိုးဝိဇ္ဇာသိပ္ပံမှာ ဖြစ်၏။

ဌာနမှာ အစည်းအဝေးရှိသည်မို့ နောက်ကျပြီးမှ ပြန်ဖြစ်သည်။ အပြန်မှာ မေမေတို့ပို့သော ငွေလွှဲဝင်ယူလိုက်သည်မို့ နည်းနည်းမှောင်သွားသည်။

ရပ်ကွက်ထဲကို ကားအဝင်မှာတော့ လူလုံးမကွဲချင်တော့။ ဆောင်းနှင်းဖြူတို့ကြောင့်ပင် မီးထိုးလိုက်သည်။

“ဟာ . . . ရန်ဖြစ်နေတာပဲ”


www.burmeseclassic.com

www.burmeseclassic.com

သူရှေ့ဆက်ရမည့် လမ်းမပေါ်မှာ လူငယ်တစ်သိုက် ရှု
ဖြစ်နေ၏။ မလှမ်းမကမ်းမှာပင် ကားရပ်ထားလိုက်ရသည်။

ကြည့်နေရင်းကပင် ဖြစ်စဉ်များကို ပီပီသသ မြင်ရ၏။

"အုပ်စုလိုက်ဖြစ်တာမှ မဟုတ်ဘဲ၊ တစ်ယောက်တည်းကို လေးယောက်က ဝိုင်းရိုက်နေတာပဲ"

ကားပေါ်မှာထိုင်ပြီး ဆက်ကြည့်နေလို့ မဖြစ်တော့မှန်း နားလည်လိုက်သည်။ ဒီအတိုင်းသာဆိုရင် တစ်ယောက်သမား သေဖို့သာ ရှိတော့သည်ပဲ။

ကားပေါ်မှ အမြန်ဆင်းပြီး ရန်ဖြစ်ရာသို့ ပြေးသွားမိ၏။

"ဟေ့ . . မလုပ်ကြနဲ့၊ နေကြပါဦး၊ မောင်ရင်တို့က ကြည့်ကောင်းကောင်းနဲ့ ဒီအတိုင်းကြည့်နေကြတာလား၊ တစ်ရပ်ကွက်သားချင်းတွေ မဟုတ်ကြဘူးလား"

တစ်ယောက်တည်း အရိုက်ခံနေရတာကို လူငယ်လေးငါးယောက်က မဆိုင်သလိုဖြင့် ကြည့်နေကြသည်။

သေချာကြည့်မိမှ ကောင်မလေးတစ်ယောက်က အော်ဟစ်ပြီး အကူအညီတောင်းနေသည်ကို တွေ့ရ၏။

"လုပ်ကြပါဦး . . . 'ဖွဲ့' သေတော့မယ်၊ ဒီ့ပြင်ရပ်ကွက်ကလူတွေ ဖွဲ့ကို ဝိုင်းရိုက်နေကြတာပါ"


www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှပြန်လာသည်မို့ တိုက်ပုံကို မချွတ်ရသေး။ မ
နိုင်တော့ဘဲ အနီးမှလူတွေကိုပြောရင်း ရန်ပွဲပြေအောင် ကြိုးစား လိုက်၏။

"ကလေးမ အော်နေတာ ကြားလား၊ ရန်ပွဲပြေ
အောင် မကြိုးစားကြဘူးလား၊ ဟော့ကောင်တွေ . . .
တစ်ယောက်တည်းသမားကို အဲဒီလောက်ထိ မလုပ်
ကြနဲ့လေကွာ"

အရဲစွန့်ပြီး သူလျှောက်ပြော၊ လျှောက်လုပ်နေခြင်းဖြစ်၏။

တကယ်တမ်းမှာတော့ သူကိုယ်တိုင်က ရန်တွေ ဘာတွေ ဖြစ်ဖူးတာမဟုတ်။ သူဝင်လိုက်တော့မှ မှန်သွားသည်။

သူ့ပြောသံ ဆိုသံကြောင့် ရပ်ကြည့်နေသောသူများ လှုပ်ရှားလာပြီး ဝိုင်းရိုက်နေသောသူများလည်း ထွက်ပြေးသွားကြ၏။

"ဖွဲ့ရယ် ရန်မဖြစ်ပါနဲ့လို့ အတန်တန်ပြောထား
ရဲ့နဲ့၊ သည်းခံလိုက်ရင် ပြီးတာပဲဥစ္စာ၊ အခုတော့
ကောင်းကြသေးရဲ့လား၊ ခေါင်းမှာလည်း သွေးတွေနဲ့"

ကောင်လေးကို ကောင်မလေးက ကရုဏာဒေါသောနှင့် ပြောလိုက်၏။

ထွက်ပြေးသွားသူများ၏ လက်ချက်ကြောင့် အတော်အထိ



www.burmeseclassic.com

www.burmeseclassic.com

နာမည် . . . ဟု သူတွေးနေခိုက်မှာ . . .

"ဒီကောင်တွေကို ငြိမ်ခံလို့ မဖြစ်ဘူး 'အမွန်'၊ ပြီးတော့ နင့်ကို သူတို့က တမင်နှောင့်ယှက်တာ၊ နင့်ကိုထိရင် ငါမခံနိုင်ဘူး အမွန်"

ကောင်လေးရော၊ ကောင်မလေးပါ ရှိလှမှ အသက် နှစ်ဆယ်ဝန်းကျင်ခန့်သာ။ ဖွဲ့ဆိုသည့် ကောင်လေးကတော့ တကယ့်ကို မိုက်ကန်းကန်းလေး။

"ကဲ . . . မောင်ရင် . . . သတ္တိတွေ ဒေါသတွေကို ခဏမေ့ထားလိုက်၊ မောင်ရင်တို့ ဘာပြဿနာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အခုအနေအထားအရ မောင်ရင် တစ်ဖက်သတ်ခံနေရလို့ ကိုယ် ဝင်လိုက်ရတာပဲ"

"ကျေးဇူးပါပဲဗျာ၊ ခင်ဗျားသာ ရောက်မလာရင် ဒီ့ထက် အခြေအနေဆိုးသွားနိုင်တယ်၊ တခြား ရပ်ကွက်ကကောင်တွေ အမွန့်ကို သက်သက်စော်ကားတာ၊ ဒါတောင်မှ ကျုပ်ကို အမြင်ကတ်ပြီး လူတွေက ဒီအတိုင်းကြည့်နေခဲ့ကြတာ"

ကောင်လေး ရှင်းပြသော စကားလုံးအသုံးအနှုန်းတွေက ဒေါင့်မကျိုးပေ။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ကဲပါ ဖွဲရယ် . . . ဒဏ်ရာကလည်း သိပ်မမြင်ရတော့ နည်းသလား များသလား မသိဘူး၊ သွေးတွေကလည်း ထွက်လိုက်တာ"

ကောင်လေးနှင့်ကောင်မလေးတို့ လေပြေထိုးနေကြသည်ကို သူ ဆက်ပြီးခံစားနေလို့ မဖြစ်ပေ။

"ကဲ . . . ကလေးမ ဒီအတိုင်းကြည့်နေ၊ ပြောနေကြလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ကိုယ့်မှာ ကားပါလာတယ်၊ ဒဏ်ရာရထားတော့ အနီးဆုံး ဆေးခန်းတစ်ခုခုကို အမြန်သွားမှဖြစ်မယ်"

ကောင်လေးနှင့်ကောင်မလေးက ဘယ်လိုအနေအထားမှန်း သူ မသိ။

ကူညီလက်စ၊ ပြဿနာဖြစ်လက်စမို့ ဆေးခန်းရောက်အောင် ပို့ပေးမှဖြစ်မည်။

'ဖွဲ' ဆိုသော ကောင်လေးက မိုက်ကန်းကန်း၊ ဂျစ်ကန်ကန်။

'အမွန်' ဆိုသော ကောင်မလေးကတော့ အတော်လေးချစ်စရာကောင်းမှန်းကိုတော့ အလင်းရောင်ပိုးတဝါးအောက်မှာပင် သူသိလိုက်ရသည်။

◎ ❧❧ ◎

www.burmeseclassic.com

## ၂။

'ဇွဲ' ဆိုသော မိုက်ကန်းကန်းလေးနှင့် 'အမွန်' ဆိုသော ခပ်ချောချောကောင်မလေးတို့နှင့် မထင်မှတ်ဘဲ ရေစက်ဆုံဖြစ်သည်။

အိပ်မက်ထဲအထိပင် အမွန်ဆိုသော ကောင်မလေးက ရောက်လာခဲ့၏။

မနက်လင်းလင်းချင်းမှာပင် သူ့အိမ်သို့ ခင်ဝင်း ရောက်လာသည်။

"မင်းနဲ့ကျမှ ဆုံမှဆုံတတ်တယ် . . . ကျော်ဇင်
ငြိမ်းရယ်၊ တစ်ရပ်ကွက်လုံးက လူငယ်တွေနဲ့ မတည့်တဲ့



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဖွဲ့ထက်ရဲ့ ရန်ပွဲကိုမှ မင်းက ဝင်ပြီး ဖြန်ဖြေရတာကိုး”

“ဖွဲ့ထက်တဲ့လား၊ လူမိုက်ကလေးပဲ၊ ဒါနဲ့ အမွှန် ဆိုတဲ့ ကောင်မလေးကရော”

အမွှန်၏အမည်အရင်းကို သူ သိချင်သည်။

ဖွဲ့ထက်ကို မှတ်မိနေသလို၊ အမွှန်ကလည်း သူ့အာရုံမှာ ထင်ကျန်ရစ်သည်။

“အမွှန့်နာမည်အပြည့်အစုံက ‘ရည်မွှန်ဦး’ တဲ့၊ နာမည်နဲ့လိုက်အောင် ရည်ရည်မွှန်မွှန်နေတတ်တဲ့ သူ လေး၊ ချစ်စရာလည်း အရမ်းကောင်းတယ်၊ ခက်တာ က အမွှန့်အနားမှာ လူမိုက် ဖွဲ့ထက် ရှိနေတာပဲ ကျော် ဇင်ငြိမ်း”

ခင်ဝင်းက အမွှန့်ကို ချီးမွမ်းသည်။

ဖွဲ့ထက်၏ လူမိုက်ဂုဏ်ပုဒ်များကို ဖွင့်ချပြသည်။

“သူတို့နှစ်ယောက်က သမီးရည်းစားတွေလား”

“ဒီလိုပဲ ပြောရမယ် ထင်တယ်၊ ဖွဲ့ထက် မိုက်နေ ဆိုးနေတာတောင် အနားမှာ နေခွင့်ပေးနေတာလေ၊ သူတို့အကြောင်းကို သေသေချာချာတော့ ငါ မသိဘူး၊ ငါ အိမ်ထောင်ကျပြီးမှ ဦးလေးရှိလို့ ဒီရပ်ကွက်ကို

www.burmeseclassic.com

ပြောင်းလာတာ၊ သူတို့နှစ်ယောက်က ငယ်ငယ်တည်းက တွဲလာခဲ့ကြတာတဲ့”

စိတ်ထဲမှာ ဘာကြောင့်ရယ်တော့မသိ။

အမွန်တို့အကြောင်းကို နားထောင်ရင်း ဖွဲ့ထက်နှင့်ပတ်သက်နေခြင်းအပေါ် မနာလိုဝန်တိုဖြစ်မိသည်။

“အမွန်ဆိုတဲ့ကောင်မလေးနဲ့ မင်း ရင်းနှီးလားခင်ဝင်း”

“ရင်းနှီးတာပေါ့၊ အမွန်က ငါတို့ကျောင်းက တတိယနှစ် ရူပဗေဒကျောင်းသူပဲဥစ္စာ၊ ပထမနှစ်တုန်းက အမွန်တို့အခန်းကို ကျူတိုရီရယ် ဝင်ခဲ့ရသေးတာလေ”

“ဖွဲ့ထက်ကရော”

အမွန့်အကြောင်းနည်းတူ ဖွဲ့ထက်အကြောင်းကိုလည်း စပ်စုမိသည်။

ကြားရသော စကားတွေက ကောင်းကွက်တစ်ခုမှ မရှိပေ။

“ပြောမနေပါနဲ့၊ ဖွဲ့ထက်ဆိုတဲ့ကောင်က ရန်ဖြစ်မယ်၊ လမ်းသလားမယ်၊ ဒီအလုပ်ပဲရှိတာ၊ အမွန်နဲ့ အတူတူတွဲခဲ့ပေမယ့် အခုထိ ဆယ်တန်းမအောင်ဘူး”


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"အေးကွာ၊ မနေ့က ရန်ပွဲက အမွန်နဲ့ပတ်သက်ပြီး ဖြစ်တာပဲ၊ မင်းတို့ရပ်ကွက်ထဲက လူငယ်တွေ ဒီကောင့်ကို ကြည့်မရတာတော့ သေချာတယ်၊ ငါသာ အဲဒီနေရာကို မရောက်ဖြစ်ခဲ့ရင် အခုချိန်ဆို ဇွဲထက် တစ်ယောက် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနကို ရောက်လောက်ပြီ"

"မင်းလည်း အကြောင်းမသိသေးလို့ ဇွဲထက်ဘက်ကနေ ရပ်ပေးတာပဲ၊ အမွန့်နားကို ကပ်မရတာရယ်၊ ဒီကောင့်ကို ကြည့်မရတာနဲ့ အမြင်ကတ်နေကြတာ၊ ဒီကောင့်ကွယ်ရာမှာတော့ ကောက်ရိုးပုံစောင့်တဲ့ သူလို့ ပြောကြဆိုကြတာလေ"

"ဒီကိစ္စနဲ့တော့ လက်လွှတ်စပယ် မလုပ်သင့်ဘူး၊ အေးလေ . . . ဇွဲထက်ကိုယ်တိုင်က ဘယ်လောက်ဆိုးနေမှန်းမှ မသိဘဲ၊ အမွန်ကတော့ ဇွဲထက်ကြောင့် စိတ်ညစ်ရှာတယ်၊ သနားစရာ မိန်းကလေးပါပဲ"

စကားအရာဖြင့် ကရုဏာဖြစ်မိခြင်းမဟုတ်။

သူ့ရင်ထဲမှာ လိုလိုလားလားဖြင့် အမွန့်အပေါ် ကရုဏာဖြစ်မိသည်။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ထူးဆန်းပါလား၊ အမွှန့်အပေါ် ဒီလောက် အရေးတယူလုပ်ပြီး ပြောနေတော့ ဘာလဲ အမွှန့်ကို မင်း စိတ်ဝင်စားနေပြီလား"

ခင်ဝင်းအမေးကို နှုတ်ဖြင့် မဝန်ခံဖြစ်။

သို့ပေမယ့် ဆိတ်ဆိတ်တော့ နေပြလိုက်မိသည်။

"ငါမေးနေတယ်လေ ကျော်ဇင်ငြိမ်း"

"ထူးတော့ထူးတယ်၊ အမွှန်ဆိုတဲ့ အဲဒီကလေးမလေးရဲ့ ကရုဏာမျက်နှာလေးက ဆွဲဆောင်မှုရှိတာ အမှန်ပဲ"

အမွှန်နှင့်ပတ်သက်ပြီး ဖြစ်ပျက်ခဲ့ရသော စိတ်ခံစားမှုကို အရှိအတိုင်း ပြောပြဖြစ်သည်။

ခင်ဝင်းကတော့ လိုရာတွေးပြီး ပြောနေ၏။

"လောကကြီးမှာရော၊ မင်းရဲ့အသိုင်းအဝိုင်းမှာ ပါ မိန်းမတွေ ရိုက်သတ်လို့ မကုန်အောင် ရှိနေတာပဲ၊ ဘာကြောင့် မီးခဲကိုမှ ကိုင်ချင်ရတာလဲ ကျော်ဇင်ငြိမ်း၊ မင်းအနေနဲ့ ဖွဲ့ထက်နဲ့ ရင်ဆိုင်ရမှာနော်၊ ကျော် မကောင်း ကြားမကောင်းတွေ ဖြစ်မယ့်ဇာတ်လမ်းပဲ"

"အဲဒီအထိ မတွေးနဲ့လေ၊ ငါ့စိတ်ထဲ ဖြစ်တဲ့


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အတိုင်းတောင် ပြောခွင့်မရှိဘူးလား၊ အမွှန့်မျက်နှာက တကယ့်ကို ကရုဏာမျက်နှာလေးပဲ"

"အင်း . . . ဇာတ်လမ်းဖြစ်မှာတော့ သေချာနေပြီ၊ အမွှန်နဲ့ဖွဲ့ထက်က မင်းဆီလာပြီး ကျေးဇူးတင်စကား ပြောမလို့တဲ့၊ အမွှန်ကိုယ်တိုင် ငါ့ကို ပြောတာနော်၊ ဒီအတိုင်းဆိုရင် မင်းနဲ့အမွှန်တို့ကတော့ ရေစက်ပါပြီ ထင်တာပဲ"

အမွှန်တို့နှစ်ယောက်က သူ့ဆီ လာဦးမည်တဲ့လား။

အမွှန်နှင့် ဆုံဆည်းမှုကိုတော့ ခင်ဝင်းက အပြည့်အဝကောင်းချီးမပေးပေ။

ဘာရယ်မဟုတ်။ ပြောမိပြောရာ သူပြောဖြစ်လိုက်၏။

"အေး . . . မင်းမှတ်ထား ခင်ဝင်း၊ ဖွဲ့ထက်ဆိုတဲ့ လူမိုက်ကလေး အမွှန့်အနားမှာ ရှိမနေဘူးဆိုရင် ငါနဲ့အမွှန် တွေ့စရာ အကြောင်းမရှိသလိုပဲ အမွှန့်ကိုလည်း စိတ်ကူးယဉ်ခွင့်ရမှာ မဟုတ်ဘူး"

"ဒုက္ခပဲ . . . မင်းကို ဒီရပ်ကွက်မှာ ခေါ်ထားမိတာ ငါးပါးမှောက်တော့မယ် ထင်တယ်၊ အမွှန့်ကို ယင်ဖိုသန်းတာတောင် ဖွဲ့ထက် ကြိုက်တာမဟုတ်ဘူး"

www.burmeseclassic.com

ပြောသာပြောနေရသည်။

အမွန်ဆိုသော မိန်းကလေးက သူ့ရင်ကို ခိုဝင်စပြုနေပြီ။

သူ့နှလုံးသားကိုတော့ ပိုင်စိုးနိုင်စွမ်းရှိမရှိ အချိန်စောင့်ရဦးမည် ဖြစ်၏။

ႇ ႇ

"ဆရာ . . . ကိုခင်ဝင်းနဲ့ သူငယ်ချင်းတွေဆို၊ အမွန်တို့ ရပ်ကွက်ထဲကို ဆရာပြောင်းလာတာ မသိလိုက်ဘူး၊ ညကြီးမင်းကြီးလည်း ဖြစ်ပြန်၊ သွေးပူသွေးလောနဲ့ဆိုတော့၊ ကျေးဇူးတင်စကား မပြောလိုက်ရဘူးလေ"

ရည်မွန်လှသောသူကလေး။

စကားလုံးအကျအနများက ရင်ကိုအေးချမ်းစေရုံမက အကြားကိုပါ ချိုသာနိုင်စွမ်း၏။

လူမိုက်ကလေးကတော့ ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

"ဟုတ်တယ်၊ ခင်ဝင်းနဲ့ကိုယ်က ကျောင်းတုန်း


www.burmeseclassic.com

က သူငယ်ချင်းတွေလေ၊ မုံရွာကနေ ရန်ကုန်ပြောင်း ဖြစ်တော့ ခင်ဝင်းအဆက်အသွယ်နဲ့ပဲ ဒီအိမ်ကို ငှား ဖြစ်တာ”

“ဒါနဲ့ အစ်ကို့နာမည်က”

အလိုက်မသိတတ်စွာဖြင့် လူမိုက်ကလေးက ဝင်မေး၏။

ကျောင်းသူတစ်ယောက်ဖြစ်သော အမွန်က ‘ဆရာ’ ဟု တလေးတစား ခေါ်သော်လည်း ဖွဲ့ထက်ကတော့ သာမန်ပင် ခေါ် ဝေါ်၏။

“အစ်ကိုနာမည်က ကျော်ဇင်ငြိမ်းတဲ့၊ ခင်ဝင်း ပြောပြလို့ ဖွဲ့ထက်ဆိုတာရယ်၊ ရည်မွန်ဦးဆိုတာရယ်ကို သိခဲ့ရတယ်၊ ဒါပေမဲ့ ကိုယ်နဲ့ စတွေ့တုန်းက ကြားခဲ့ရ တဲ့ ‘ဖွဲ့’ နဲ့ ‘အမွန်’ ဆိုတာကိုပဲ ကိုယ်တော့ ခေါ်ချင် တယ်၊ ကိုယ့်ကိုလည်း ဆရာလို့ တလေးတစား မခေါ် လည်း ရတယ်နော်အမွန်၊ ရင်းရင်းနှီးနှီးပေါ့ကွာ”

“တွေ့တယ်မဟုတ်လား အမွန် . . . အစ်ကိုက ဆရာလို့တောင် ခေါ်စေချင်တာ မဟုတ်ဘူး၊ ဖွဲ့က တော့ ကိုကျော်ဇင်ငြိမ်းလို့ပဲ ခေါ်မယ်”

“ဖွဲ့ရယ် နင်က အရမ်းခက်တာပဲ၊ ဆရာက နင့်



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်၊ ဆရာသာ အချိန်မီ ရောက်မလာရင် နင် မလွယ်ဘူး”

ဖွဲ့ထက်၏အပြောအဆိုကြောင့် အမွန် အားနာနေပုံရသည်။

“ငါကလည်း ကျေးဇူးမတင်ဘူးလို့ ပြောနေလို့လား အမွန်၊ ဆရာလို့ခေါ်တာထက်စာရင် ကိုကျော်ဇင်ငြိမ်းလို့ ခေါ်ရပြောရတာက ဘာအတားအဆီးမှ ရှိမနေဘူး”

“ဟုတ်တယ် အမွန်၊ ဖွဲ့ပြောတာ သဘာဝကျတယ်၊ အမွန်လည်း ကိုယ့်ကို ဆရာလို့ ခေါ်မနေနဲ့တော့”

ဖွဲ့ထက်စကားကိုအသုံးချပြီး အမွန်နှင့်ရင်းနှီးအောင် ပြောယူလိုက်သည်။ ဆရာ . . . ဟု အမွန်ခေါ်နေရင် ဖွဲ့ထက်ပြောသလို အတားအဆီးတစ်ခုခုရှိနေသည် . . . ဟု သူလည်း ခံစားမိသည်ပဲ။

“ဖွဲ့ကတော့ တကယ့်လူပေတစ်ယောက်ပဲ၊ ဆိုးတာလည်း ပြောမနေနဲ့၊ သူ့မှာ စိတ်ရင်းကောင်းတာ တစ်ခုလေးပဲရှိတာ၊ ပြီးတော့ အမွန့်ကို ငယ်ငယ်ကတည်းက ဒီနေ့အထိ စောင့်ရှောက်ခဲ့တာ၊ အမွန့်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဖေဖေက အမွန်တို့ ခြောက်တန်းလောက်ကတည်းက ဆုံးသွားခဲ့တာ၊ ဇွဲ ဆိုးနေပေနေပေမယ့် အမွန့်လိုပဲ မေမေကလည်း ဇွဲကို ခင်ရှာတာ၊ သံယောဇဉ်ရှိရှာတာလေ”

အမွန့်စကားအသွားအလာအရဆိုရင်တော့ သူတို့ချင်း သံယောဇဉ်ရှိကြရုံသာရှိသည်ဟု ကောက်ချက်ချလို့ရသည်။

“နင့်အကြောင်းပြောပြီးရင် ငါ့အကြောင်းလည်း ပြောဦး လေ အမွန်”

“ဇွဲ ဆိုးနေပေနေတာက သူ့မိသားစုကို အရှုံ့တိုက်ရာက တစ်စစဆိုးလာခဲ့တာပဲ၊ ဇွဲမှာ အမေမရှိတော့ဘူး၊ ညီမလေး တစ်ယောက်ရှိတယ်၊ အဖေနဲ့နေတယ်ဆိုပေမယ့် ဇွဲအမေက ဇွဲအဖေရဲ့ ဒုတိယအိမ်ထောင်လေ၊ အဖေတူအမေကွဲညီအစ်ကို မောင်နှမတွေနဲ့ အတူနေကြပြီး အမွေအတွက် မသင့်မမြတ်ဖြစ်နေကြရတာ”

“နင်ပြောတာနဲ့ပဲ ငါတို့မောင်နှမနှစ်ယောက်က အမွေတွေ မက်ပြီး အဲဒီတိုက်ပေါ်မှာ တွယ်ကပ်နေတာလို့ ထင်သွားဦးမယ်၊ ငါတစ်ယောက်တည်းဆိုရင်


www.burmeseclassic.com

အဲဒီမှာ မနေတာကြာလှပြီ၊ ငါ့ညီမလေး သူ့ဘဝနဲ့သူ ဖြစ်သွားရင် စိတ်ချရပြီဆိုရင် အဲဒီအိမ်နဲ့ အဲဒီက လူတွေ ကို ငါလှည့်မကြည့်တော့ဘူး အမွန်”

ပေတေဆိုးသွမ်းဘွဲ့ရနေသော ဖွဲ့ထက်မှာ နောက်ကြောင်း ရာဇဝင်ရှိနေ၏။

အကြောင်းစုံ သိရပြန်တော့ ဖွဲ့ထက် ဆိုးနေမိုက်နေတာကို အားလုံးအပြစ်မမြင်ရက်ပြန်။ ဘဝအနေအထား၊ ပတ်ဝန်းကျင် ကြောင့်ပင် ဖွဲ့ထက် လူမိုက်ကလေး ဖြစ်နေရခြင်းပဲ။

◎ ❧❧ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၃။

'ရည်မွန်ဦး' ဟု အမည်တွင်သော အမွန်သည် သူ့အာရုံကို လွှမ်းမိုးထားနိုင်သူဖြစ်၏။ သူ့အိပ်မက်တွေမှာ ထူးဆန်းစွာ ပါဝင်လာ၏။ သူ့အတွေးတွေမှလည်း ကင်းကွာလို့မသွား။

အမွန့်ကို ရင်ခုန်စိတ်ဖြင့် စိတ်ကူးယဉ်ဖြစ်သည်။

အမွန်ကတော့ စိုးစဉ်းမျှ မသိနိုင်။

တစ်ကိုယ်ရည်အတွေးများစွာ သူ့အချိန်များစွာကို အမွန် သိမ်းပိုက်ထားသည်ပဲ။

"ကျော်ဇင်ငြိမ်း"

ဌာနသို့ လှေခါးအတိုင်း တက်လာသော သူ့အာရုံများ



www.burmeseclassic.com

www.burmeseclassic.com

သည် သတိလက်လွတ်ဖြစ်သွား၏။ ခင်ဝင်းသာ လှမ်းမမြင်သာ မခေါ်ပါက အပေါ်ဆုံးထပ်သို့ ဆက်တက်သွားမှာ သေချာသည်။

အမွန်ရှိနေသော ပုရပုဏ်အတွင်းမှာမို့ သူ့အတွေးများသည် ဆောက်တည်ရာမရ။

"မင်း ဌာနကိုလာတာ ငါ့ဆီကို မဟုတ်လား၊ ဒီလှေခါးကနေ မင်း အတက်အဆင်းလုပ်တာ အကြိမ်ပေါင်း မနည်းတော့ဘူး၊ ဒီတစ်ခါပဲ မင်း ခြေချော်သွားတာနော်"

"အေးကွာ . . . အတွေးမှာ မျောသွားလို့"

"ဘာလဲ အမွန့်အကြောင်းကို တွေးနေတာ မဟုတ်လား"

"ရောက်တတ်ရာရာပါ"

အမွန့်အပေါ် သံယောဇဉ်တင်းမှာကို ခင်ဝင်း မလိုလားချင်။ လူဆိုးလေး ဖွဲ့ထက်နှင့် ထိပ်တိုက်တိုးမည်ကို ခင်ဝင်း စိုးရိမ်နေ၏။

"ဒီတစ်ခေါက် မင်း ငါ့ဆီလာတာ အရင်အခေါက်ပေါင်း များစွာနဲ့ မတူဘူးဆိုတာ ပြလိုက်တာပဲ၊ ဌာနကိုဝင်ဖို့၊ စာကြည့်တိုက်ကိုသွားဖို့၊ ငါနဲ့တွေ့ဖို့


www.burmeseclassic.com

BURMESE CLASSIC .com

အပြင် မင်းမှာ အရေးကြီးကိစ္စတစ်ခု အပိုပါလာတယ် မဟုတ်လား”

အမွန့်ကို ရည်ညွှန်းပြီး ခင်ဝင်းပြောမှန်း သူ သိသည်။

ဝန်မခံချင်သောကြောင့် ဖြောင့်ကွယ်,ကွယ်လိုက်ရ၏။

“အမွန်နဲ့ မတွေ့ခင်ကတည်းက . . . ဒီနေရာ ဒီဒေသမှာ ငါ ကျင်လည်ခဲ့တာပဲ၊ မင်း အတန်းမရှိဘူး ဆိုရင် ငါတို့ လက်ဖက်ရည်ဆိုင် သွားရအောင်”

“လက်ဖက်ရည်ဆိုင်ပဲနော်၊ ပထမနှစ်တုန်းက သာ အမွန့်အခန်းကို ဝင်ဖူးတာ၊ အခု ဘယ်အခန်းလဲ ဆိုတာ ငါမသိဘူး၊ ပြီးတော့ သိတဲ့အတိုင်းပဲ၊ အမွန်ရှိတဲ့ အခန်းကို မင်းသွားဖို့ မသင့်တော်ဘူး”

“အေးပါ . . . ဒီလောက်တော့ ငါသိပါတယ်၊ ငါကိုယ်တိုင်ကလည်း လူပျိုပေါက် ကျောင်းသားလေး မဟုတ်ပါဘူး”

ခင်ဝင်းကတော့ အမွန်နှင့်ပတ်သက်သည်တို့ကို ပြော၏။

သူ့ရင်ထဲသို့ တဖြည်းဖြည်းချင်း ဝင်ရောက်လာသော အမွန့်ကို တားဆီးနိုင်စွမ်း မဲ့လေပြီ။

“မင်းအိမ်ကို အမွန်တို့နှစ်ယောက် ရောက်ပြီး

www.burmeseclassic.com
BURMESE CLASSIC .com

ရောပေါ့”

“အေး”

“ကျေးဇူးတင်စကား ပြောကြရုံပဲလား”

သူ မနေသာတော့ပြီ။

အမွန်တို့ရောက်လာပုံ၊ အမွန့်ဘဝ၊ ဖွဲ့ထက်ဘဝနှင့် သူသိရသော အမွန်တို့နှစ်ယောက်အနေအထားကို ခင်ဝင်းအား ပြောပြမိသည်။

စကားပြောနေပေမယ့် သူ့အကြည့်တို့က အငြိမ်မနေ။ ခင်ဝင်းနှင့်အတူတူ “ယင်းမာ” လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသော်လည်း သူ့မျက်လုံးများက ဖြတ်သွားဖြတ်လာများထံ ရောက်နေ၏။

အများသူငှာထဲတွင် အမွန်တစ်ယောက်များ ပါလေမည်လား . . . ဟု အမောတကော မျှော်လင့်မိပြန်သည်။

“ဖွဲ့ထက်နဲ့ အမွန့်အကြောင်းကို အရင်တုန်းက အကြမ်းဖျင်းလောက်ပဲ သိခဲ့ရတာ၊ မင်းပြောတာတွေ ရယ် ငါ့မိန်းမဆီကရတဲ့ သတင်းတွေအရဆိုရင် သူတို့ နှစ်ယောက်ဟာ သံယောဇဉ် ရှိနေကြတာ၊ ဒါပေမဲ့ အမွန့်ကို ဖွဲ့ထက်ချစ်နေတာတော့ သေချာတယ်၊


www.burmeseclassic.com

အမွန်ကလည်း သိနေမှာပဲ၊ သူတို့နှစ်ယောက်အနေ အထားက အချိန်မရွေး ဘယ်သူမှ မသိလိုက်ဘဲ ချစ်သူတွေ ဖြစ်သွားနိုင်တာပဲ”

သူရင်မောစေမည့်စကားမျိုးကိုမှ ခင်ဝင်းပြောရက်သည်။

“ဒါကတော့ သူတို့အပိုင်းပဲ ခင်ဝင်း”

“ဘာလဲ. . . မင်းက အမွန့်ကို စိတ်မဝင်စားတဲ့ သဘောလား ကျော်ဇင်ငြိမ်း”

သူမဖြေပေမယ့် သူဘာဖြစ်နေသည်ကို ခင်ဝင်းသိမှာ ချာသည်ပဲ။ ခင်ဝင်းကပင် ဆက်ပြောလေ၏။

“ငါတွေးကြည့်တာနော်၊ အမွန့်အနေနဲ့ သံယောဇဉ်ရှိတယ်၊ အမွန့်အမေကလည်း ဖွဲ့ထက်ကို လိုလိုလားလားပဲ၊ ဖွဲ့ထက်က သာမန်တော့ မဟုတ်ဘူး၊ ဒီကောင်ဆိုးတာပေတာက တခြား၊ ဒီကောင်ရမယ့် အမွေတွေကလည်း မက်လောက်တယ်၊ ပစ္စည်းဥစ္စာဆို တာ လူတကာသည်းခြေကြိုက်ဆိုတော့ အမွန်အနေနဲ့ ဒီအချက်တော့ ပါနိုင်ကောင်းတယ်”

ခင်ဝင်းအတွေးတွေက အဆင့်ကျော်လာ၏။

အမွန့်သိက္ခာကို ထိပါးသောကြောင့် ချက်ချင်း ကန့်ကွက်



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

လိုက်ရသည်။

“ဒီလိုမျိုးတော့ အမွန့်ကို မစွပ်စွဲပါနဲ့ ခင်ဝင်းရာ”

“ငါကလည်း စကားအရ ပြောကြည့်တွေးကြည့်တာပါ၊ ဒါကလည်း မင်းအတွက်ပဲ ကျော်ဇင်ငြိမ်း၊ ဖွဲ့ထက် အမွေရတယ်ပဲထားဦး၊ မင်းမိဘတွေ ပိုင်ဆိုင်တဲ့ ခနေဥစ္စနဲ့ မင်းရမယ့် အမွေကို မမီနိုင်ဘူး၊ ငါထင်ပါတယ်၊ အမွန်က မင်းကိုပဲ ရွေးချယ်လိမ့်မယ် ကျော်ငြိမ်း”

အမွန်နှင့်ပတ်သက်ပြီး ပြောရဆိုရတာ စည်းဝါး မကိုက်ချင်။ နှလုံးသားအရေးနှင့် မဆိုင်သောကိစ္စများကိုသာ ခင်ဝင်း တွက်ချက်ပြနေ၏။

နောက်ဆုံးတော့ လက်ဖက်ရည်ဆိုင်မှ နှစ်ဦးသား ထဖြစ်ခဲ့ရတော့သည်။

“ဆရာ ကိုခင်ဝင်း”


www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာခန်းမမှ အဖြတ်တွင် ခေါ်သံကြားလိုက်ရသည်။

သူရော ခင်ဝင်းပါ ပြိုင်တူဆိုသလို နောက်သို့ လှည့်ကြည့်ဖြစ်သည်။

သူတို့နောက်သို့ အပြေးတစ်ပိုင်း လိုက်လာရှာသော အမွန့်ကို တွေ့ရ၏။

“အမွန်ပါလား”

“ဆရာကိုခင်ဝင်းကိုပဲ ဖျတ်ခနဲတွေ့လိုက်တာ၊ ပြီးမှ အသေချာကြည့်မိတော့ ကိုကျော်ဇင်ငြိမ်းကိုပါ တွေ့လိုက်တာလေ”

“ဟုတ်တယ် အမွန်၊ ဒီကောင်ကြီးက ဒီလို သောကြာနေ့မျိုးဆိုရင် အမြဲရောက်လာတယ်၊ ငါနဲ့လက်ဖက်ရည်ဆိုင် ထိုင်နေကြပဲ”

သူတို့ သုံးယောက်ရယ်ပြီး စကားပြောနေစဉ်မှာပင် အမွန့်သူငယ်ချင်းတွေ ရောက်လာ၏။

“အမွန် ငါတို့ စောင့်နေရဦးမှာလား”

“မစောင့်နဲ့တော့၊ ဆရာတို့နဲ့ တစ်ဆိုင်ဆိုင် ထိုင်လိုက်ဦးမယ်”

အမွန့်စကားကြောင့်ပင် သူငယ်ချင်းတွေ ထွက်သွားကြ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သည်။

ခင်ဝင်းကတော့ လိမ်ဆည်သည်လား၊ သူ့အတွက်တမင် လုပ်ပေးတာလားတော့ မဝေခွဲနိုင်။

"ငါကတော့ အတန်းတစ်ချိန် ဝင်ရဦးမယ်၊ ဒီကောင်ကြီးကိုခေါ်ပြီး အမောပြေတစ်ခုခု လိုက်တိုက်ခိုင်း၊ အမွန်ပြန်မယ်ဆိုရင်လည်း ဒီကောင်ကြီးကားနဲ့အတူ လိုက်ပြန်လို့ရတယ်"

"အမွန်အတွက် ဆိုင်ထိုင်ဖို့ အချိန်ပေးနိုင်ရဲ့လား ကိုကျော်ဇင်ငြိမ်း"

"ရပါတယ် အမွန်၊ မင်းလည်း အတန်းဝင်ပြီးရင် တစ်ခါတည်း ပြန်မှာမဟုတ်လား ခင်ဝင်း၊ ငါတို့ဆိုင်ထိုင်ပြီး စောင့်နေမယ်၊ ပြီးမှ သုံးယောက်အတူတူ ပြန်ကြတာပေါ့"

"ဟုတ်တယ်၊ အဲဒီအစီစဉ်ကောင်းတယ်"

သူပြောသည်ကို အမွန်က သဘောတူလိုက်၏။ ခင်ဝင်းလည်း သဘောတူပြီး သူနှင့်အမွန့်ကို နှစ်ယောက်တည်း ချန်ထားရစ်ခဲ့၏။

ကိုကျော်ဇင်ငြိမ်းက ဆရာကိုခင်ဝင်းနဲ့


www.burmeseclassic.com

www.burmeseclassic.com

အတူတူဆိုရင် သိပ်ကောင်းမှာပဲ၊ အမွန့်အတွက် အဖော်ရတာပေါ့၊ လိုင်းကားတွေက ကျပ်လွန်းတော့ ကားစီးဖို့ အချိန်တော်တော်ပေးရတာ”

အမွန်ကတော့ စကားတွေကို အချင့်အချိန်မရှိဘဲ လွတ်လက်စွာ ပြောနေသည်။

သူ့စိတ်ထဲတွင် သိချင်သောကြောင်းကို အလိမ္မာသုံးပြီး မေးလိုက်မိ၏။

“ဒါနဲ့ ဖွဲ့က အမွန့်ကို အကြိုအပို့ မလုပ်ပေးဘူးလား”

“ဖွဲ့ကိုလား၊ မလုပ်ပါနဲ့၊ ဟိုတုန်းကတော့ လုပ်ပေးတယ်၊ ဒီနှစ်ရောက်တော့ ဖွဲ့ရန်ဖြစ်တယ်လေ၊ ပါမောက္ခချုပ်ဆီရောက်ရော၊ ရဲစခန်းမှာ အချုပ်ခံရပြီး ဒီကျောင်းထဲကို မလာဖို့ ခံဝန်ထိုးထားရတာ၊ ဖွဲ့က မလွယ်ဘူး၊ အမွန်နဲ့ ပတ်သက်လာရင် လုံးဝ ဆတ်ဆတ်ထိမခံဘူး”

“သြော်”

အမွန့်စကားတွေက သူ့ကို တမင်ခြိမ်းခြောက်နေသလိုပင်။ အမွန်နှင့်ထိုင်နေရပေမယ့် နောက်ကျောမလုံသလို ခံစားရ၏။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ကိုကျော်ဇင်ငြိမ်းက မုံရွာနော်"

"ဟုတ်တယ်၊ ကိုယ်က အထွေးဆုံးလေ"

"ကိုကျော်ဇင်ငြိမ်းမှာ တစ်ခုခုတော့ အစွမ်းအစ ရှိလိမ့်မယ် ထင်တယ်"

စကားအဆက်အစပ်မရှိဘဲ ပြောလိုက်သောကြောင့် မနေတတ်တော့ပေ။

"ဘာဖြစ်လို့လဲ အမွန်"

"တခြားမဟုတ်ဘူး၊ ဖွဲ့ကိုကူညီခဲ့တာက တစ်ပိုင်းလေ၊ ဒါပေမဲ့ ကိုကျော်ဇင်ငြိမ်းကိုယ် ဖွဲ့က လေးစားသလို၊ ခင်လည်း ခင်သွားတယ်၊ တော်ရုံလူမျိုး ကို ဖွဲ့ခင်တတ်တာ မဟုတ်ဘူး"

ခင်ဝင်းကတော့ တမင်များ၊ အချိန်ပေးခဲ့သလားမသိ။

သူနှင့် အမွန်တို့ စကားတွေ ပြောဖြစ်ကြသည်။ အမွန် သတိမထားဖြစ်ပေမယ့် စာသင်ချိန်တစ်ချိန်ထက် ကျော်သွားတာကို တော့ သူ သတိထားမိလိုက်၏။

⓪ ❧❧ ⓪

www.burmeseclassic.com

www.burmeseclassic.com

၄။

"သောကြာနေ့တိုင်း မင်း ဌာနကို လာတတ်တာ ရယ်၊ အမွန်ကလည်း အတန်းအားနေတာရယ်က သွားပြီး တိုက်ဆိုင်နေတာပေါ့၊ ဒါဆိုရင် မင်းတို့ နှစ်ယောက် တစ်ပတ်တစ်ခါတော့ လွတ်လွတ်လပ်လပ် တွေ့ကြဆုံကြဦးမှာပေါ့ ဟုတ်လား"

အမွန်နှင့်သူ့အနေအထားက မမျှော်လင့်ဘဲ အခြေအနေ ကောင်းခဲ့၏။

ခင်ဝင်းကတော့ မနာလိုမှုတွေဖြစ်နေမှာ သေချာသည်။

"ဒီလိုပဲ ပြောရမှာပေါ့ ခင်ဝင်း"

"မင်းရော အမွန်ပါ ဖွဲ့ထက်ဆိုတဲ့ မိုက်မိုက်ကန်း



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ကန်း ကောင်လေးကို မေ့ထားကြပြီ၊ မင်းတို့ ရင်းနှီးကြဖို့ စိတ်ရောကိုယ်ပါ ပူးပေါင်းနေကြတာပေါ့ . . . ဟုတ်လား ကျော်ဇင်ငြိမ်း”

အမွန်နှင့် တွေ့ရ စကားပြောရသည်ကို ကြည်နူးမိသည်။

ဖြစ်နိုင်ပါက မျက်စိရှေ့မှာပင် အမွန့်ကို ရှိနေစေချင်၏။

“နဖူးစာရွာလည်တဲ့သဘောလားတော့ မသိဘူး ခင်ဝင်း၊ မင်းပြောသလိုတော့ ဖွဲ့ထက်က ပြဿနာ ရှိလာမှာ သေချာပေါက်ပဲ”

“အဲဒီအတွက်တော့ တွေးမပူနဲ့ ကျော်ဇင်ငြိမ်း၊ ဖွဲ့ထက်ကို မင်းတို့ငါတို့ မထိန်းချုပ်နိုင်ပေမယ့် အမွန်ကတော့ ကောင်းကောင်းထိန်းနိုင်မှာ၊ အမွန့်အနေနဲ့ သူ့ဇာတ်ကို သူ မနိုင်ဘဲ မင်းနဲ့ရင်းနှီးဖို့ ကြိုးစားမှာ မဟုတ်ဘူး”

ခင်ဝင်းကတော့ တိကျစွာဖြင့် နိမိတ်ဖတ်တော့၏။

အတွေ့အကြုံနည်းသူမို့ ဘာကိုမှ အသေအချာကြီး မမျှော်လင့်ချင်။

“အမွန်က ငါ့ကို ရိုးသားစွာ ခင်တာလည်း ဖြစ်နိုင်တာပဲ ခင်ဝင်း၊ အမွန့်စိတ်ကို ငါ သိရသေးတာ


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ မင်းပြောတဲ့ အခြေအနေအထိရောက်ဖို့ အချိန်ယူရလိမ့်မယ်”

“သိပ်အချိန်မယူနဲ့ ကျော်ဇင်ငြိမ်း၊ ဖွဲ့ထက်က လက်ရဲဇက်ရဲသမားပဲ၊ အမွန်က သူ့လက်ထဲမှာ ရှိနေတဲ့ ပန်းတစ်ပွင့်၊ ဖွဲ့ထက်အနေနဲ့ အချိန်မရွေး ကြိုက်သလို လုပ်ယူလို့ရတယ်”

သေချာတွေးကြည့်ရင်တော့ ခင်ဝင်းစကားတွေက ဖြစ်နိုင်ချေ အများကြီးရှိ၏။ သံယောဇဉ်ချင်း ယှဉ်ကြကြေးဆိုရင်တော့ သူရှုံးနိမ့်မှာ သေချာ၏။

“အေးကွာ ငါ့ဘဝတစ်လျှောက်လုံးမှာ အချစ်နဲ့ ကြုံမလိုလို နှစ်ခါဖြစ်ခဲ့ဖူးတယ်၊ အရာမထင်ဖြစ်ခဲ့တာ မင်းအသိပဲ၊ ဒီနောက်ပိုင်း အချစ်နဲ့ ဝေးဝေးနေခဲ့တယ်၊ တကယ်တမ်း အချစ်ရဲ့ဖမ်းစားမှုကို ကြုံရပြန်တော့လည်း မရေမရာပဲ၊ ငါတို့ရဲ့ ရှေ့ရေးရှေ့ရာကတော့ ရင်ခုန်စရာ အရမ်းကောင်းနေတယ်”

“အချစ်ဆိုတာ အနေနီးတာ၊ သံယောဇဉ်ကြီးတာနဲ့လည်း မဆိုင်ဘူးကွ၊ အမွန့်အနေနဲ့ မင်းအပေါ် တကယ်ချစ်သွားဖို့ပဲ လိုလိမ့်မယ်၊ အဲဒီအခါ ဖွဲ့ထက်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အပေါ်မှာ တင်နေတဲ့ သံယောဇဉ်တွေက အလကား ဖြစ်သွားမှာပဲ၊ ဇွဲထက်ကို ချစ်သူအဖြစ် စဉ်းစားခဲ့မှတော့ မင်းနဲ့အမွှန် အခုချိန်မှာ တွေ့စရာအကြောင်း မရှိဘူး”

“မင်းကို သတိပေးရဦးမယ်၊ အမွှန်နဲ့ငါ့ကိစ္စကို ငါ့အသိုင်းအဝိုင်းကလူတွေ မသိစေနဲ့ဦးနော်”

“အဲဒီလောက်ထိ ငါမညံ့သေးပါဘူး ကျော်ဇင်ငြိမ်းရာ”

အမွှန်နှင့်သူ့အခြေအနေမှာ ဘာဆိုဘာမှ ရေရေရာရာ မရှိသေးပေ။

အမွှန်နှင့်စိတ်ရောကိုယ်ပါ ပတ်သက်မိရာမှ ဇွဲထက်ဆိုသော ပုဂ္ဂိုလ်လေးက အဆစ်ဝင်ပါနေသေး၏။

ဓာ ဓာ

ကျောင်းမှပြန်ရောက်ပြီး ရေမိုးချိုးပြီး မဂ္ဂဇင်းစာအုပ်ဖတ်ရင်း အနားယူနေမိသည်။ လူခေါ်ဘဲလ်တီးသံကြောင့် စာအုပ်ဘေးချပြီး အိမ်ပေါ်မှ ဆင်းခဲ့ရ၏။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ခင်ဝင်းပဲဖြစ်မှာ . . . ဟု တွေးမိသော်လည်း တံခါးဖ ရောက်တော့ မထင်မှတ်ဘဲ ဖွဲ့ထက်ကို တွေ့လိုက်ရသည်။

"ဖွဲ့ထက်ပါလား"

"ဟုတ်တယ် ကိုကျော်ဇင်ငြိမ်း၊ ဖွဲ့ကို ဒီတိုင်းကြီး ရပ်ကြည့်နေတော့မှာလား၊ ခြံတံခါးလေး ဖွင့်ပေးပါဦး"

မထင်ထားခြင်းကြောင့် ကြောင်နေမိသည်။ ဖွဲ့ထက်ပြောမှ အသိဝင်ပြီး တံခါးဖွင့်ပေးလိုက်ရသည်။

"အေးကွာ . . . ရုတ်တရက်ကြီး ဖွဲ့ကို တွေ့ လိုက်ရတော့ ဘာလုပ်ရမှန်း မသိဖြစ်သွားလို့ပါ"

"ကိုကျော်ဇင်ငြိမ်း အားပါတယ်နော်၊ ဖွဲ့ကို အချိန်ပေးပြီး စကားပြောလို့ရော ဖြစ်ပါ့မလား"

ပုံစံကတော့ လုံးဝဒေါင့်မကျိုးပေ။

ဆံပင်က ရှည်ကရှည်သေး ဖရိုဖရဲနှင့် ဘုတ်သိုက် ဖြစ်နေ၏။ စွပ်ကျယ်လက်ပြတ်ဝတ်ထားပြီး လက်မောင်းနှစ်ဖက်မှာလည်း အရုပ်တွေ ထိုးထား၏။ တကယ့်ကို ဟဲဗီးစတိုင်လ်ပုံစံမျိုး။

"ရပါတယ် ဖွဲ့၊ အခုအချိန်က ကိုယ့်ရဲ့ အနားယူ ချိန်ပဲ၊ ဖွဲ့နဲ့ ထိုင်စကားပြောလို့ ဖြစ်ပါတယ်"

မျက်နှာလေးက နုဖတ်နေပေမယ့် နေပုံထိုင်ပုံကြောင့်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ရင်းနှီးချင်စရာမကောင်း။

အမွန်နှင့်သာ မပတ်သက်ခဲ့ရင် ဖွဲ့ထက်လိုပုံစံမျိုးကို အချိန်ပေးပြီး လက်ခံစကားပြောဖြစ်မှာ မဟုတ်ပေ။

ခုံမှာထိုင်မိတော့မှ ဖွဲ့ထက် ကိုင်ထားသော စာအုပ်ကို သတိထားဖြစ်လိုက်သည်။ ဆရာဦးဆန်းလွင်ရေးသော "ဖလော်ဆော်ဖီ ကကြီးကခွေး" စာအုပ် ဖြစ်နေ၏။

"အံ့သြစရာပဲ ဖွဲ့၊ ဖွဲ့လို နေပုံထိုင်ပုံမျိုးနဲ့ ဒီစာအုပ်မျိုးကို ဖတ်တယ်ဆိုတာ မယုံချင်စရာဘဲ"

"ဘာဖြစ်လို့လဲ ကိုကျော်ဇင်ငြိမ်း၊ ရေးတဲ့သူက သူ့စာကို အယုတ်အလတ်အမြတ်မရွေး ဖတ်ဖို့ ရေးခဲ့တာပဲ၊ ဖွဲ့လို လူမျိုး မဖတ်ရဘူးလို့ ကန့်သတ်ခဲ့တာမှ မဟုတ်ဘဲ"

စာကြီးပေကြီးသမား လူမိုက်ကလေးကတော့ ပညာသားပါစွာဖြင့် ခွန်းတုံ့ပြန်၏။ သူမှတ်မိသမျှထဲမှ ဥပမာပေးပြီး ပြောပြမိ၏။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ်ကြားဖူးနားဝရှိထားတဲ့ ဥပမာလေးကိုတော့ ပြောပြချင်သေးတယ်"


www.burmeseclassic.com

BURMESE CLASSIC .com

"ပြောပါ ကိုကျော်ဇင်ငြိမ်း"

"ယောမင်းကြီး ဦးဖိုးလှိုင်ကို ဖွဲ့ကြားဖူးမှာပါ၊ သူရေးတဲ့ 'ရာဇဓမ္မသင်္ဂဟ' ကျမ်းကိုလည်း ကြားဖူးမယ် ထင်တယ်၊ မြင်းထိန်း 'ဝေတာ' ဆိုတဲ့သူက ဦးဖိုးလှိုင်ရေးတဲ့ ကျမ်းတွေကောင်းကြောင်း လူတွေရှေ့မှာ ချီးမွမ်းပြောဆိုတယ်၊ ဦးဖိုးလှိုင်က ကြားတော့ 'ဝေတာ့' ကို ဒေါင်းဒင်္ဂါး '၁၆' ပြားထုတ်ပေးပြီး၊ ဒီငွေနဲ့ မောင်မင်း ပုဆိုးဝယ်ဝတ်၊ နောက်နောင် ငါရေးတဲ့ ကျမ်းတွေကို လူတွေတိုင်း မချီးမွမ်းနဲ့၊ ကြည့်ရှုရန်လည်း မတိုက်တွန်းလေနဲ့လို့ မိန့်ရှာတယ် ဖွဲ့၊ ဝေတာလို လူမျိုးက ပညာရှင်တစ်ယောက်ရဲ့ကျမ်းကို ချီးကျူးတာဟာ အဲဒီပညာရှင်ကို သတ်တာနဲ့ အတူတူပဲ၊ နှိမ့်ချရာလည်း ရောက်နေလို့ပဲ ဖွဲ့"

သူ့စကားများကို ငြိမ်ပြီး ဖွဲ့ထက်နားထောင်၏။ ပြီးမှ . . .

"ဖွဲ့ကို တိုက်ရိုက်ထိတဲ့ ဥပမာပါလား ကိုကျော်ဇင်ငြိမ်းရယ်၊ တစ်ခုတော့ ပြောချင်တယ်၊ အဲဒါက ပဒေသရာဇ်ခေတ်က အယူအဆပဲ၊ ဒီနေ့ ကမ္ဘာ့ရွာ

www.burmeseclassic.com
BURMESE CLASSIC .com

ဖြစ်တည်မှုနဲ့ တတိယလှိုင်းခေတ်မှာတော့ မြင်းထိန်းလို လူမျိုးမပြောနဲ့ ဆိုက်ကားသမားလည်း ဦးဖိုးလှိုင်ရဲ့ အယူအဆကို လွတ်လပ်စွာ ဝေဖန်ပြောဆိုပိုင်ခွင့်ရှိတယ်၊ ဒါက လူတစ်ယောက်အတွက် လူပီသတဲ့ အခွင့်အရေးပဲ”

ဆက်ပြောရင်တော့ ဇာတ်လမ်းက ဆုံးနိုင်ဖွယ် မမြင်။

သူဘာဆိုလိုချင်သည်ကို ဖွဲ့ထက် သိသွားပြီမို့ အနိုင်နှင့်ပိုင်းထားလိုက်မိသည်။

“ဖွဲ့နဲ့ စကားပြောလို့ ကောင်းသားပဲ၊ ဖွဲ့က စာဖတ်ကျင့်ရှိတယ် ထင်တယ်”

“ကိုကျော်ဇင်ငြိမ်းရဲ့စကားနဲ့ ပြောရရင် မြင်းထိန်းတွေလို လူစားမျိုးပါပဲ၊ လူသူရှေ့မှာ ခေါင်းတစ်လုံး ပိုမြင့်ပြီး လူအထင်ကြီးအောင်လို့လေ၊ စကားတွေပြောနေတာနဲ့ လာရင်းအကြောင်းဆီ မရောက်ဖြစ်တာ၊ ဖွဲ့လာခဲ့ရတာက အမွှန် လှတ်လိုက်လို့ပဲ”

“အမွှန် လှတ်လိုက်လို့ ဟုတ်လား ဖွဲ့”

“ဟုတ်တယ်၊ လာမယ့် တနင်္ဂနွေနေ့မှာ အမွှန်တို့အိမ်မှာ ဘုန်းကြီးဆွမ်းကပ်မယ်၊ ကိုကျော်ဇင်ငြိမ်း


www.burmeseclassic.com

www.burmeseclassic.com

ကို အိမ်အလည်ခေါ်ရင်း အလှူဖိတ်ခိုင်းလိုက်လို့လေ”

သောကြာနေ့မှာ ဒုတိယအကြိမ်ဆုံဖို့ ပြောထားပြီးပါလျက် အလှူကိစ္စကို ဖွဲ့ထက်အား လူလွှတ်ပြောခိုင်း၏။

“လာရမှာပေါ့ ဖွဲ့”

ဖွဲ့ထက်နှင့် စကားပြောနေစဉ်မှာပင် သူ့အတွက် ချိုင့်ဆွဲရောက်လာ၏။

အလိုက်တသိပင် သူ့ကို နှုတ်ဆက်ပြီး ဖွဲ့ထက် ပြန်သွားသည်။

◎ ❧❧ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၅။

တစ်ရပ်ကွက်တည်း အတူနေကြပေမယ့် အမွန့်ကို . . . နေ့တိုင်း မမြင်တွေ့ရ။ အမွန့်မျက်နှာကို မြင်လိုတွေ့လိုသော်လည်း ဆင်ခြင်တုံတရားများကြောင့် အနေဝေးနေရ၏။

အမွန်နှင့်စကားလက်ဆုံကျပြီး ဖြတ်သွားဖြတ်လာခိုက်မှာ တစ်ခါသာ ဆုံဖြစ်ခဲ့ကြ၏။ အဲဒီအချိန်မှာလည်း ဖွဲ့ထက်က အနားမှာ ရှိနေသည်မို့ ပြုံးပြနှုတ်ဆက်ရုံသာ လုပ်ခဲ့ရသည်။

အမွန့်ကို တွေ့ချင်စိတ်၊ အမွန်နှင့် စကားပြောချင်စိတ်တို့ကို မျိုသိပ်ရင်း သောကြာနေ့အဆုံကိုသာ စောင့်ခဲ့ရသည်။

သောကြာနေ့ရောက်တော့ အရင်အပတ်တွေထက်စောပြီး ဌာနသို့ ရောက်သွားမိသည်။ သူရောက်ချိန်မှာတော့ ဌာနမှာ



www.burmeseclassic.com

www.burmeseclassic.com

ခင်ဝင်း ရှိမနေ။ ခင်ဝင်းစာသင်သော အတန်းဘက်ကို လျှောက်ရင်း ရောက်နေကြောင်းကို လူရိပ်ပြမိသည်။

သူ့ကိုမြင်သည်နှင့် စာသင်တာကို ခဏရပ်ပြီး ခင်ဝင်း ထွက်လာ၏။

"ဒီနေ့တော့ တယ် . . . ဝီရိယကောင်းနေပါလား . . . ကျော်ဇင်ငြိမ်း"

"ဟုတ်တယ် ခင်ဝင်း၊ ကိစ္စတွေပြီးတာနဲ့ ဒီကို တန်းလာခဲ့တာပဲ၊ ငါ ယင်းမာမှာပဲ စောင့်နေမယ်၊ စာသင်ပြီးတာနဲ့ မင်းလိုက်ခဲ့ပေါ့"

သူ့စကားကြောင့် နာရီကို တစ်ချက်ငုံ့ကြည့်ပြီး ခင်ဝင်း ပြော၏။

"အင်း အမွန့်ကို တွေ့ရဖို့ တစ်နာရီခွဲနီးပါး မင်း အချိန်ဖြုန်းရဦးမှာပဲ"

ဒီနေ့ အမွန်ရောက်လာမည်လား၊ မလာမည်လားကို သူ အတပ်မပြောနိုင်။

ပထမဆုံခဲ့စဉ်တုန်းကတော့ ယင်းမာသို့ အမွန်ရောက်လာမည် . . . ဟု ပြောခဲ့သည်ပဲ။

"ငါသွားမယ် ခင်ဝင်း၊ မင်း စာသင်ပျက်နေဦး


www.burmeseclassic.com

www.burmeseclassic.com

မယ်”

ခင်ဝင်းကို နှုတ်ဆက်ပြီး ယင်းမာသို့ ထွက်လာဖြစ်သည်။

ခင်ဝင်းရောက်အလာကို နာရီဝက်နီးပါး သူစောင့်ရမည်။

ပြီးတော့ အမွန့်မျက်နှာကို တွေ့ဖို့ အမွန်နှင့် စကားတွေ ပြောရဖို့ နောက်ထပ် တစ်နာရီ ထပ်ဆောင်းပြီး စောင့်ရဦးမည် ဖြစ်၏။

ယင်းမာမှာ ထိုင်ဖြစ်တော့ ဗိုက်ထဲဆာတာတာဖြစ်လာသည်။ အရင်အပတ်တွေတုန်းကတော့ ဒီကိုမလာခင်၊ သူတို့ကျောင်းမှာပင် အသိဆရာတွေနှင့် အဆာပြေတစ်ခုခု စားနေကျဖြစ်၏။

အမွန့်ကို တွေ့ချင်မြင်ချင်ဇောကြောင့် သူ ဘာမှမစားခဲ့၊ မသောက်ခဲ့ရပေ။ ယင်းမာမှ ကောင်လေးကိုပင် သူစားဖို့ ထမင်းကြော်တစ်ပွဲ ထပ်မှာခိုင်းလိုက်ရသည်။

လက်ဖက်ရည်က အရင်ရောက်လာသည်မို့ မသောက်ဘဲ ဒီအတိုင်းထားလိုက်ရသည်။ ထမင်းကြော်ကို အရင်စားမည်။ စားပြီးသည့်အချိန်မှာတော့ လက်ဖက်ရည်က အေးစက်နေတော့မှာ


www.burmeseclassic.com

သေချာသည်။

“ကိုကျော်ဇင်ငြိမ်း”

လက်ဖက်ရည်နှင့် ထမင်းကြော်အကြောင်းကို တွေးဆဲမှာပင် သူ့စားပွဲရှေ့သို့ အမွန်ရောက်လာသည်။

ထင်ထားသည်ထက် အမွန့်ကို စောစွာတွေ့လိုက်ရခြင်းကြောင့် ဝမ်းသာသွားသည်။

“အမွန်ရောက်လာတာ စောပါလား၊ ခင်ဝင်းတောင်မှ အတန်းဝင်နေတုန်းပဲ ရှိသေးတယ် အမွန်”

အမွန်က ခုံဆွဲယူပြီး ထိုင်၏။

ခဏအမောဖြေဟန်ပြုပြီးမှ . . .

“ဟုတ်တယ်၊ အရင်ကတည်းက . . . ဒီနေ့မှာအတန်းချိန် နည်းရတဲ့အထဲ ဆရာတွေ မဝင်ဖြစ်တော့ပိုဆိုးသွားတာပေါ့၊ သူငယ်ချင်းတွေအားလုံး အိမ်ပြန်သွားကြပြီလေ၊ ကိုကျော်ဇင်ငြိမ်း လာမယ်မှန်းသိလို့စာကြည့်တိုက်သွားပြီး အချိန်ဖြုန်းမလို့၊ စာကြည့်တိုက်သွားရင်းကနေ ဒီဘက်ကို ဖြတ်လာမိတာ၊ ကံကောင်းတယ် စာကြည့်တိုက်တန်းသွားရင် လွဲမှာသေချာတယ်”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် အမွန်၊ ကိုယ်ကလည်း ကိုယ်တို့ တွေ့ကြမယ့် အချိန်ထက် တစ်နာရီခွဲစောပြီး ရောက်နှင့်နေတာလေ"

အမွန်နှင့်စကားပြောနေစဉ်မှာပင် မှာထားသော ထမင်းကြော် ရောက်လာ၏။

ဒီတိုင်းကြီး ထိုင်နေသော အမွန့်အတွက် သူပြောလိုက်သည်။

"အမွန် ဘာမှာမလဲ၊ ဘာစားမလဲ"

"သူငယ်ချင်းတွေနဲ့ မြီးရှည်စားခဲ့ပြီးပြီ၊ ဒီနေ့တော့ . . . လက်ဖက်ရည်ပဲ သောက်တော့မယ်"

မသောက်ဘဲထားသော လက်ဖက်ရည်ခွက်ကို ကြည့်ပြီး အမွန်ပြော၏။

အမွန်လည်း လက်ဖက်ရည် ကြိုက်သည်တဲ့လား။

"ဒါဆို ဘယ်လိုသောက်မလဲဆိုတာ ပြောပြီးမှာလေ အမွန်"

အမွန်က လက်ဖက်ရည်သမားအစစ် ဖြစ်မဖြစ်ကိုတော့ သူမသိသေး။ ရုံဖန်ရံခါသောက်တတ်သည့် အဆင့်လားမသိ။

"ဒီခွက်က ကိုကျော်ဇင်ငြိမ်း မှာထားတာလား"

www.burmeseclassic.com

"ဟုတ်တယ် အမွန်၊ လက်ဖက်ရည်မှာပြီးမှ ဗိုက်ထဲဆာလာတာနဲ့ ထမင်းကြော် ထပ်မှာလိုက်တာ၊ ထမင်းကြော်စားပြီးမှ သောက်တော့မယ်ဆိုပြီး ထားလိုက်ရတာ"

"ဟင် . . . စားပြီးမှသောက်ရင် အေးစက်စက်ကြီး ဖြစ်နေမှာပေ့ါ၊ ဒီခွက်ကို အမွန် သောက်လိုက်မယ်၊ စားပြီးမှ ကိုကျော်ဇင်ငြိမ်း ထပ်မှာပေ့ါ"

"အမွန်က ကိုယ်သောက်သလိုမျိုး ချိုကျပဲသောက်လို့ဖြစ်လား"

"အမွန်သောက်ရင် ချိုကျပဲသောက်တာ"

အကြိုက်ချင်း တူနေရုံမက၊ အလိုက်သိတတ်သော အမွန့်ကြောင့်ပင် ကြည်နူးမိသည်။ သူနှင့်အမွန်ရှိရာ စားပွဲသို့ ခင်ဝင်းရောက်လာသည်။

"အမွန် စောစောရောက်နေတာနဲ့ အတော်ပဲ၊ ဌာနမှာ အစည်းအဝေးရှိလို့ မအားဘူးဆိုတာကို လာပြောတာ၊ အမွန်သာ ရှိမနေရင်တော့ ဒီကောင်ကြီး တစ်ယောက်တည်း ဖြစ်တော့မှာ"

အစည်းအဝေး တကယ်ရှိတာလား၊ ဇာတ်လမ်းလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com

လားဆိုတာတော့ ခင်ဝင်းသာ အသိဆုံးဖြစ်ပေမည်။

"လက်ဖက်ရည်တစ်ခွက်လောက်တော့ မှာသောက်သွားပါ ဦးလား ခင်ဝင်းရာ"

"ဟုတ်သားပဲ"

"မသောက်တော့ဘူး အစည်းအဝေးမီအောင် ပြန်ပြေးရမှာ၊ နောက်ပြီးတော့ ငါ့ကို မင်းတို့စောင့် မနေနဲ့၊ ဘာကိစ္စထပ်ပေါ်မှန်း မသိတော့ မင်းတို့ပြန် ချင်တဲ့အချိန် ထပြန်သွားကြနော်၊ အမွန်ကလည်း ဒီကောင်ကြီးနဲ့ အတူတူလိုက်ပြန်ပေါ့"

ခင်ဝင်းတစ်ယောက် လုပ်ကြံပြီဆိုတာကို အမွန် မရိပ်မိ ပေမယ့် သူကတော့ ကောင်းကောင်းကြီး သဘောပေါက်လိုက်၏။

ခင်ဝင်းကိုတော့ အသံမဲ့စွာ ကျေးဇူးစကား ပြောဖြစ် သည်။

◎ ႏွႏွ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ၆။

အမွန်နှင့်အတူတူ ထိုင်ရစကားပြောရသည်ကို ရင်ခုန်မိတာ အမှန်ပင်။ သူ့ရင်ခုန်သံတွေ ပျက်ယွင်းချင်ပေမယ့် အမွန့်အရိပ်အခြည်ကတော့ ပုံမှန်မျှသာပင်။ စကားအဆက်အစပ်မရှိဘဲ ဖွဲ့ထက်အကြောင်းကို ကောက်ပြောလိုက်သည်။

"ကိုယ်တို့နှစ်ယောက် အခုလို ဆိုင်ထိုင်ဖြစ်တာကို ဖွဲ့ မသိသေးဘူးနဲ့တူတယ်"

စကားတွေသာ ပြောဖြစ်သည်။ အလှူကိစ္စက ရောက်မလာသေး။ ဖွဲ့ထက်အိမ်သို့ ရောက်လာသည့်အကြောင်းကိုလည်း ပြောပြချင်သေးသည်။

"ဖွဲ့ မသိဘူး ကိုကျော်ဇင်ငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အမွန့်မျက်နှာကို အကဲခတ်ကြည့်သည်။

ဖွဲ့ထက်အကြောင်း ဆိုပေမယ့် အမွန့်မျက်နှာ ပျက်မသွား။

ဖွဲ့ထက် သိခြင်း၊ မသိခြင်းကို အမွန် ဂရုစိုက်သည့်ပုံ မပေါ်ပေ။

စကားကို ထိန်းထိန်းသိမ်းသိမ်းပြောရင်း သွေးတိုးစမ်းကြည့်လိုက်သည်။

"တခြားတော့ မဟုတ်ဘူးနော် အမွန်၊ အမွန်နဲ့ ဖွဲ့တို့နဲ့ သိကျွမ်းပြီးမှ ကြားရတဲ့စကားတွေကြောင့် မေးကြည့်တာ၊ ဖွဲ့က အမွန်နဲ့ ပတ်သက်ပြီး ဆတ်ဆတ်ထိခံတာ မဟုတ်ဘူး၊ ကိုယ်နဲ့ အခုလို တရင်းတနှီးနေတာကို ဖွဲ့ သဘောကျပါ့မလား မသိဘူးနော်"

သူ့အမေးကြောင့် အမွန် ဖျတ်ခနဲ ပြုံးသည်။ သူ မသိချင်ဟန် ဆောင်လိုက်ရသည်။

"ကိုကျော်ဇင်ငြိမ်းနေရာမှာ တခြား တစ်ယောက်ယောက်ဆိုရင်တော့ အမွန့်အတွက် စိုးရိမ်စရာ ဖြစ်ကောင်းဖြစ်မယ်၊ ကိုကျော်ဇင်ငြိမ်းကိုတော့ ဖွဲ့က ရန်ရှာမှာ မဟုတ်ဘူး၊ ဖွဲ့က လေးစားရုံတင် မကဘူး၊ ကိုကျော်ဇင်ငြိမ်းကို ခင်လည်း ခင်ရှာတာလေ"



www.burmeseclassic.com

BURMESE CLASSIC .com

အမွန်နှင့်နောက်ဆံကင်းစွာ ဆက်ဆံဖို့ အာမခံချက်ပေး ပေးနေသလိုပင်။

စကားစရပြီမို့ သူကလည်း ထပ်ပြောလိုက်သည်။

"ကြားရတဲ့စကားတွေအရရော၊ သိရမြင်ရ သလောက်ပါ ခြုံပြောရရင် ဖွဲ့က အမွန့်အပေါ် သံယောဇဉ်ကြီးပြီး ဂရုစိုက်တာ အမှန်ပဲ"

အမွန့်မျက်နှာလေးသည် ရှင်းသန့်နေ၏။

အမွန့်စကားသံတို့သည် ပရိယာယ်မပါဘဲ ချိုသာနေသည်။

"အမွန်ကတော့ ဖွဲ့နဲ့ မလွတ်ကင်းဘူး၊ ဖွဲ့နဲ့ချစ်သူ တွေ ဖြစ်နေကြတာလို့ ပတ်ဝန်းကျင်က စွပ်စွဲသံတွေ ကိုရော ကြားရတယ် မဟုတ်လား ကိုကျော်ဇင်ငြိမ်း"

အမွန်က တည့်တည့်ကြီးပြောလာတော့ သူ အနေခက်ရ သည်။

သိချင်ဆုံးသောအကြောင်းမို့ အရဲစွန့်မေးမိသည်။ စကား ကိုတော့ အစွန်းမထွက်အောင် ဟန်လုပ်ရသည်။

"အမွန်တို့ နှစ်ယောက်က . . . "

"ကိုကျော်ဇင်ငြိမ်း ပြောသလို ဖွဲ့က အမွန့် အပေါ် သံယောဇဉ်ကြီးတယ်၊ အရမ်းချစ်ရှာတယ်၊



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဒါပေမဲ့ အမွန်ကတော့ ဖွဲ့အပေါ်မှာ သူငယ်ချင်း တစ်ယောက်ထက်ပိုပြီး ဒီနေ့အထိ ရင်ခုန်ခံစားလို့ မရဘူး၊ ဒီနေ့အထိ အမွန်နဲ့ ဖွဲ့တို့က သူငယ်ချင်းတွေ ပါပဲ ကိုကျော်ဇင်ငြိမ်း”

ကာယကံရှင်ကြော်ငြာသောစကားကြောင့် မျှော်လင့်ခြင်းတွေက အတော်မသတ်နိုင်အောင် ဖြစ်ရသည်။

သူလိုချင်သော အဖြေရပြီမို့ စကားလမ်းကြောင်း ပြောင်းယူလိုက်သည်။

“ဒါနဲ့ . . . ဖွဲ့တစ်ယောက် ကိုယ့်အိမ်ကို ရောက်လာတယ် အမွန်၊ ဖွဲ့ ရောက်လာရတာက”

သူ့စကားမဆုံးခင်မှာပင် အမွန်က ဖြတ်ပြီး . . .

“တနင်္ဂနွေနေ့ အလှူရှိတယ်ဆိုပြီး အမွန် ဖိတ်ခိုင်းလိုက်လို့ ရောက်လာတာ မဟုတ်လား ကိုကျော်ဇင်ငြိမ်း”

“ဟုတ်တယ် အမွန်”

“ဒီနေ့ လူချင်းဆုံမှ အမွန် ဖိတ်မလို့ပါဘဲ၊ အလှူဖိတ်ဖို့ ဖွဲ့ကိုယ်တိုင်က အားတက်နေတော့ တမင်လွှတ်ပေးလိုက်တာပဲ၊ အဲဒီမနက်မှာ ကိုကျော်ဇင်ငြိမ်းကို


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဖွဲ့ကိုယ်တိုင် လာခေါ်ဦးမှာ”

ဖွဲ့ထက်ကတော့ သူနှင့်အမွန်တို့အကြားမှာ အဓိက ဇာတ်ရုပ်တစ်ရုပ်နှယ်။

ဖွဲ့ထက်မပါဘဲ သူနှင့်အမွန်တို့ လွတ်လပ်စွာကြုံခွင့်ရရင် ကောင်းမှာပဲ . . . ဟု တွေးမိသည်။

မှာ မှာ

“သွေးမတော် သားမစပ်ဘဲ နှစ်ရှည်လများ ခင်ကြတယ်ဆိုတာ နည်းနည်းနောနော သံယောဇဉ်တော့ မဟုတ်ဘူး အမွန်၊ ဖွဲ့ကလည်း သူ့အကြောင်းနဲ့သူ ဆိုးနေပေနေတော့လည်း ဘာတတ်နိုင်မှာလဲ”

“ဖွဲ့ကို သနားတာလည်း ပါတယ်၊ တစ်ခါတလေကျတော့ အမြင်ကတ်တယ်၊ အမွန်နဲ့ပတ်သက်လာရင် ဖွဲ့က ဒေါသကြီးတယ် လက်မြန်တတ်တယ်၊ အမွန့်အပေါင်းအသင်းတွေက ဖွဲ့ကို အော့ကြောလန်ကြတယ်လေ”

အမွန့်ကို ကိုယ်ချင်းစာမိသည်။ ခပ်ဆိုးဆိုး သူငယ်ချင်း


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

တစ်ယောက်ကို ဘယ်သူက စိတ်အနှောင့်အယှက် မဖြစ်ဘဲနေမလဲ။

"လူနှစ်ယောက် ခင်တယ် သံယောဇဉ် ရှိကြတယ်ဆိုတာက အထုံရေစက်တစ်ခုကြောင့်ပဲ အမွန်၊ သံသရာကို အမွန် ယုံတယ် မဟုတ်လား၊ အရင့်အရင် ဘဝတွေတုန်းက အမွန်တို့နှစ်ယောက် ဘာဆုတွေ တောင်းပြီး ဘာတွေဖြစ်ခဲ့ကြသလဲမှ မသိတာ"

သူ့စကားကြောင့်ပင် အမွန်တစ်ယောက် တွေးဆဆလေး ဖြစ်သွား၏။

"ဟုတ်မယ်နော်၊ ဒါကြောင့် လူကြီးသူမတွေက ပြောကြတာ၊ ဆုတွေဘာတွေကြုံတိုင်း ရမ်းမတောင်း ကောင်းဘူးတဲ့"

"ဘာလဲ အမွန် . . . အမွန်က ဖွဲ့နဲ့မဟုတ်ဘဲ တခြားတစ်ယောက်ယောက်နဲ့ ဆုတွေဘာတွေ တောင်းစရာရှိနေပြီလား"

"မရှိပါဘူး၊ ဖွဲ့တစ်ယောက်လုံး အနားမှာကပ်နေမှတော့ အတူဆုတောင်းရမယ့်သူလည်း ပေါ်မှာ မဟုတ်ဘူးလေ၊ သိတယ် မဟုတ်လား၊ ဖွဲ့က ယင်ဖို သန်းရင်တောင် ကြိုက်ချင်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အမွန်နှင့်အတူတူ ဒီဘဝအတွက် ဆုတောင်းချင်တာ . . . ဟု ရင်ထဲမှာ ပြောဖြစ်သည်။

"ကိုယ်ထင်တယ် ဖွဲ့ကလည်း အမွန်ရှိနေသမျှ တခြားတစ်ယောက်ရဲ့သံယောဇဉ်ကို သတိရပုံ မပေါ်ဘူး"

"အဲဒါခက်တာပေါ့။ စောစောက အမွန်ပြောခဲ့သလို နှလုံးသားနဲ့ ပတ်သက်ပြီး ဖွဲ့ကို ချစ်သူအဖြစ် စဉ်းစားလို့မရဘူးထားဦး၊ မိန်းမတစ်ယောက်အနေနဲ့ ကိုယ့်အပေါ် သစ္စာရှိပြီး ချစ်တဲ့သူကို ရွေးမလားဆိုတော့ . . . ကိုကျော်ဇင်ငြိမ်းပဲ စဉ်းစားကြည့်လေ ဖွဲ့နေပုံထိုင်ပုံ၊ သူ့စရိုက်တွေ ဘယ်လိုလက်ခံလို့ရမှာလဲ"

"အမွန်ပြောချင်တာက မချစ်နိုင်တာတွေ ချစ်ချင်တာတွေ ခဏထားဦး၊ ဖွဲ့က ဒီပုံစံပြောင်းပြီး၊ ဣန္ဒြေရရနဲ့ သူ့ဘဝသူ ရပ်တည်နိုင်တဲ့သူ ဖြစ်နေရင်တော့ သံယောဇဉ်စိတ်နဲ့ အမွန်က လက်ခံမယ်ဆိုတဲ့ သဘောလား"

"ဒါက အမွန် ပြောကြည့်တာပါ၊ ဖွဲ့ကတော့ ဒီတစ်သက် ဒီလိုဖြစ်လာစရာ အကြောင်းမရှိဘူး၊


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဘဝကို အရှုံးတိုက်ပြီး ဖြစ်သလို နေသွားမယ့်သူပဲ ကိုကျော်ဇင်ငြိမ်း”

ဒီစကားက သူ့အတွက် အရေးကြီးသည်။

“စကားကုန်တော့ မပြောနဲ့ဦးနော်၊ ဖွဲ့က ဒီလိုပဲ နေသွားလိမ့်မယ် မထင်ဘူး၊ ဖွဲ့ဘက်က ပြောင်းလဲလာတဲ့အခါမှာ အမွှန်ရဲ့ သံယောဇဉ်တွေက နံပါတ်တစ်နေရာကို ပေးမိမှာနော်”

“မထင်ပါဘူး”

သူ့အတွက်ကတော့ နားဝင်ချို ကျေနပ်စရာတွေပင်။

ခင်ဝင်းကတော့ တမင်ရှောင်ပေးသွားသည်မို့ ရောက်မလာတော့ဘူးဆိုတာကို သူသိနေ၏။

နောက်ဆုံးမှာတော့ သူနှင့်အမွှန်တို့နှစ်ယောက်တည်း အိမ်ပြန်ဖြစ်ကြ၏။ ရပ်ကွက်ထဲသို့ အဝင်လမ်းမှာပင် အမွှန်ပြော၏။

“ဒီနေရာကပဲ အမွှန် ဆင်းလိုက်တော့မယ် ကိုကျော်ဇင်ငြိမ်း၊ အိမ်ရှေ့ထိရောက်အောင် လိုက်မပို့နဲ့တော့”

ပထမတော့ အမွှန့်စကားကို ငြင်းချင်သေး၏။

ဖွဲ့ထက်နှင့်ပတ်သက်ပြီး ကာကွယ်မှုယူသည် . . . ဟု သူ


www.burmeseclassic.com

www.burmeseclassic.com

တွေးလိုက်မိသည်။

"ကောင်းပြီ အမွန်၊ တနင်္ဂနွေနေ့ အလှူမှာ ထပ်ဆုံကြတာပေါ့"

အမွန်ကတော့ သူ့ကို အပြုံးဖြင့် နှုတ်ဆက်သွားသည်။

သူ့အတွက် အိပ်မက်များနှင့် မျှော်လင့်ခြင်းများကို အမွန်ပေးလေပြီ။

သူ့ဘဝ၏ ပထမဆုံးသော နှလုံးသား၊ အရင်ဆုံးသော ချစ်သူအဖြစ် အမွန့်ကို ရည်ရွယ်လိုက်မိသည်။

◎ ❧❧ ◎

www.burmeseclassic.com

www.burmeseclassic.com

၇။

တနင်္ဂနွေမနက်စောစောမှာပင် သူ့အိမ်သို့ ခင်ဝင်းရောက်လာသည်။ အမွန်တို့အိမ်ကိုသွားဖို့ သူလည်း အဆင်သင့်ဖြစ်နေ၏။

"နေ့ဆွမ်း မဟုတ်ဘူး၊ အရုဏ်ဆွမ်းကပ်တာ ထင်တယ်၊ ဘုန်းကြီးတွေ ပြန်ကြွသွားတာကို ငါတွေ့လိုက်တယ်၊ မနေ့က တစ်ညလုံး အမွန်တို့အိမ်ဘက်က ပဋ္ဌာန်းရွတ်သံတွေ ကြားရတယ် ကျော်ဇင်ငြိမ်း"

တစ်ရပ်ကွက်တည်းဆိုပေမယ့် အမွန်နှင့် သူတို့က အတော်လှမ်း၏။ ခင်ဝင်းတို့အိမ်နှင့်က သူ့ထက်စာရင် နီးသည်ဟု ပြောလို့ရသည်။

"ဟုတ်လား . . . အဲဒီလိုမှန်းသိရင် ညကတည်း



www.burmeseclassic.com

www.burmeseclassic.com

က ငါတို့ နှစ်ယောက် သွားပါတယ်ကွာ”

အမွန်နဲ့တွေ့ဖို့ဆိုရင် မင်းက နေ့, ည ရွေးတဲ့ကောင် မဟုတ်ဘူး၊ မင်း အသင့်ဖြစ်ရင် တံခါးတွေပိတ်ပြီး ငါတို့ သွားလိုက်ကြရအောင်”

ခင်ဝင်းထက်ပင် အမွန်တို့အိမ်သို့ရောက်အောင် သူ သွားချင်သည်။ ခက်တာက ဖွဲ့ထက်ကိုယ်တိုင် လာခေါ်မည်ဆိုသောကြောင့် စောင့်နေရခြင်းဖြစ်သည်။

“ငါတို့ချည်းသွားလို့ မဖြစ်သေးဘူး ခင်ဝင်း”

“ဘာဖြစ်လို့လဲ”

“ဖွဲ့ထက် လာခေါ်လိမ့်မယ်၊ ဖွဲ့ထက်ရောက်အလာကို စောင့်ရဦးမှာ”

သူ့စကားကြောင့် ခင်ဝင်း သက်ပြင်းချ၏။

“ဟင်း . . . အလျှိုသွားတာကိုတောင်မှ ဖွဲ့ထက်ဆိုတဲ့ ဗရုတ်သုတ်ခလေးကို မျက်နှာချိုသွေးရမယ့် ဘဝပါလားကွာ၊ မင်းတို့ကြားမှာတော့ ဒီဗရုတ်သုတ်ခလေးက ကြီးမားတဲ့ ဆူးညှောင့်ပဲ”

“မတတ်နိုင်ဘူး ခင်ဝင်း၊ အမွန်နဲ့ပတ်သက်မိနေမှတော့ ဖွဲ့ထက်ကိုလည်း ရှောင်လွှဲလို့မရဘူး”

www.burmeseclassic.com

BURMESE CLASSIC .com

အမွန်နဲ့ပြောခဲ့သော စကားတွေ၊ အခြေအနေတွေ အားလုံးကို ပြန်ပြောစရာလူဆိုလို့ ခင်ဝင်းတစ်ယောက်သာ ရှိသည်။

ခင်ဝင်းက သူ့အတွက် တီးတိုးတိုင်ပင်ဖော်။

"မင်းလုပ်စရာရှိတာ မြန်မြန်လုပ်၊ လက်နှေးနေရင် ဒီကောင်လေး ရိပ်မိပြီး အမွန့်ကို ဖြတ်သုတ်သွားဦးမယ်"

"အမွန့်ကို ဖွဲ့က မြတ်နိုးတာပဲ၊ အဲဒီလောက်ထိတော့ လက်လွှတ်စပယ်လုပ်လိမ့်မယ် မထင်ဘူး"

ဖွဲ့ထက်ကို ကာကွယ်သောစကားမို့ ခင်ဝင်းက သဘောမကျချင်။

"ငါ မင်းကိုမေးမယ် ကျော်ဇင်ငြိမ်း"

"မေးလေ"

"ဒီကိစ္စက မဖြစ်လာဘူးလို့ မပြောနိုင်ဘူးနော်၊ ဖွဲ့ထက်အခြေအနေက ဘာမှစဉ်းစားမှာ မဟုတ်ဘူး၊ ဆင်ခြင်တုံတရားလည်း ရှိချင်မှရှိလိမ့်မယ်၊ ဒီခေတ်စရိုက်ကိုလည်း မင်း သိရဲ့သားနဲ့၊ အမွန်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဖွဲ့ထက်က အတင်းအကျပ်အပိုင်ကြံရင်ရော မင်း ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သူ့အတွက်တော့ မလန့်သာ၊ မထိတ်သာသောစကား။

သူ့လေသံတို့သည်ပင် ပီသရဲ့လားမသိ။ ရင်ထဲရှိသည့် အတိုင်း အဖြေပြန်ပေးမိသည်။

"အမွှန့်ချစ်ခြင်းက ငါတစ်ယောက်တည်း အတွက် အမြဲရှိနေမယ်ဆိုရင် ဘယ်ပြဿနာ ဘယ် အခက်အခဲမျိုးမဆို ငါ ရင်ဆိုင်ဝံ့တယ်၊ အမွှန့်ကို ငါ ချစ်တာပဲ ခင်ဝင်းရာ"

"အေး . . . မင်းဘက်က ဒီလို သူတော်စင်စိတ် ထားထားနေ၊ ပြဿနာဖြစ်လာမှ မင်း ရင်ကွဲ ပက်လက်ဖြစ်နေလိမ့်မယ်၊ ဗရုတ်သုတ်ခလေးက ဘာကိုမှင့်ကွက်မှာ မဟုတ်ဘူးနော်၊ စဉ်းစားမှာလည်း မဟုတ်ဘူး၊ သူဖြစ်ချင်တာ သူလုပ်ချင်တာအတွက်ပဲ တွေးမှာ သေချာတယ်"

"တိုးတိုးပြောပါကွာ၊ ဟိုမှာ ဖွဲ့ထက် ခြံထဲဝင်လာ ပြီ"

ရှေ့ပြောနောက်ကြည့်ဆိုသောစကားက မှန်နေ၏။

ဖွဲ့ထက်အကြောင်း ပြောလို့မဆုံးခင်မှာပင် ဖွဲ့ထက်က ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော်ဇင်ငြိမ်းတို့က အဆင်သင့် ဖြစ်နေကြပြီကိုး၊ ဘုန်းကြီးတွေ လိုက်ပို့ပေးနေရလို့ ဖွဲ့နောက်ကျသွားတယ်"

"ရပါတယ် ဖွဲ့ရာ၊ အခုချိန်လောက်ဆို ကျွေးမယ့်မုန့်ဟင်းခါးရည်ထဲ ရေထိုးသေးမှာမှ မဟုတ်တာ"

"အဲဒီလို လုပ်ပ့ါမလား၊ ကိုခင်ဝင်းတို့က အထူးဧည့်သည်တော်တွေပဲဟာ"

ဖွဲ့ထက်နှင့်ခင်ဝင်းတို့က အပြောင်အနောက်စကားတွေဖြင့် လေပေးဖြောင့်နေကြပြန်သည်။

❧ ❧

အမွန်တို့အိမ်ပေါ်သို့ သူတို့ရောက်သွားချိန်မှာတော့ ဧည့်သည်တွေ သိပ်မရှိပေ။

သူတို့ဝိုင်းကိုသာ အရေးပေးဧည့်ခံနေကြပြန်၏။

"ဆရာကိုခင်ဝင်းကိုတော့ မေမေ သိပြီးသားနော်၊ ဒါက ဖွဲ့နဲ့အမွန်တို့ ပြောပြောနေကြတဲ့ ကိုကျော်ဇင်ငြိမ်းလေ"


www.burmeseclassic.com

မိခင်ဖြစ်သူနှင့် သူ့ကို မိတ်ဆက်ပေးသည်။

ခင်ဝင်းကတော့ မုန့်ဟင်းခါးကိုသာ ငုံ့စားနေ၏။

"အေးကွယ် . . . လူချင်းကတော့ အခုမှပဲ ဆုံဖြစ်ကြတော့တယ်၊ အမွှန်တို့ ပြောပြောနေလို့ မောင်ကျော်ဇင်ငြိမ်းကို ဒေါ်ဒေါ်က ရင်းနှီးပြီးသား ဖြစ်နေရတာ"

အမွှန့်မေမေသည် အသက်ရွယ်နှင့်မလိုက်အောင် ချော မောပြေပြစ်သူဖြစ်၏။

အမေတူသမီးမို့ အမွှန့်အလှအပများသည် ရင်သပ်ရှုမော ဖွယ်ရာပင်။

အိမ်နီးပါးချင်းများ ရောက်လာသောကြောင့် အမွှန့်မေမေ သူတို့ဝိုင်းမှ ထ,သွား၏။

"ကိုကျော်ဇင်ငြိမ်းနဲ့ မိတ်ဆက်ပေးရမယ့် နောက်တစ်ယောက် ရှိသေးတယ်"

ဖွဲ့ထက်စကားကြောင့်ပင် သူတို့အနားမှာ ရှိနေသော မျက်နှာစိမ်းမိန်းကလေးဆီ အကြည့်ရောက်ဖြစ်သည်။ ဖွဲ့ထက်နှင့် ရုပ်ချင်းဆင်သည်မို့ တစ်မျိုးမျိုးပတ်သက်နိုင်သည် . . . ဟု တွေးမိ သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ . . . ကျွန်တော့်သမီးလေး ထက်ထက်သူတဲ့၊ ဒီနှစ် ဆယ်တန်းအောင်ထားတာလေ"

ထက်ထက်သူဆိုသော မိန်းမငယ်လေးက အပြုံးဖြင့် အသိအမှတ်ပြု၏။

"ထက်ထက်က ဖွဲ့လို မဟုတ်ဘူး ကိုကျော်ဇင်ငြိမ်းရဲ့၊ အရမ်းလိမ္မာရေးခြားရှိတာ၊ ချစ်ဖို့လည်းကောင်းတယ်"

အမွန်က ထက်ထက်သူကို ချီးမွမ်းရင်း ဖွဲ့ထက်ကို မနှစ်လိုဟန်ပြ၏။

"ဘာလဲအမွန်၊ ထက်ထက်က လိမ္မာတယ်၊ ချစ်ဖို့ကောင်းတယ်ဆိုရင် ဖွဲ့ထက်က မိုက်ပြီး မုန်းစရာကောင်းတဲ့သဘောပေါ့ . . . ဟုတ်လား"

"ဒါပေါ့ ဆရာကိုခင်ဝင်းရယ်"

ခင်ဝင်းစကားကို ဖွဲ့ထက်စိတ်မဆိုး။ အားလုံးအတွက်လည်း ပွဲကျစရာပြက်လုံးဖြစ်ခဲ့၏။

"ဒါနဲ့ အမွန် . . . ညဥ့်နက်တုန်းက ကြားရတဲ့ ပဌာန်းရွတ်သံက အမွန်တို့အိမ်က မဟုတ်လား"

"ဟုတ်တယ် ဆရာကိုခင်ဝင်း"


www.burmeseclassic.com

www.burmeseclassic.com

"ကျော်ဇင်ငြိမ်းကို ပြောပြတော့ ညကတည်းက လာရင် ကောင်းမှာလို့ ပြောဖြစ်ကြသေးတယ်"

"အမွန်တို့ နှစ်တိုင်း ဒီလိုပဲ ပဌာန်းရွတ်လေ့ရှိ တာလား"

"ဒီနှစ်နဲ့မှ သုံးနှစ်ပဲ ရှိပါသေးတယ်၊ ဒီနေ့က အမွန့်မွေးနေ့လေ၊ ဒါကြောင့် ပဌာန်းပါရွတ်ဖြစ်သွား တာ"

အမွန့်မွေးနေ့ဆိုတာ သိလိုက်ရ၍ သူအံ့သြသွားသည်။

"နေပါဦး အမွန်၊ မွေးနေ့ဆိုတာကို ဘာလို့ကြို မပြောတာလဲ၊ ကိုယ်တို့က သာမန်အလှူလုပ်တာလို့ပဲ ထင်နေတာ၊ လက်ချည်းသက်သက်စားဖို့ တမင်လာ သလို ဖြစ်နေတာပေါ့၊ အမွန့်အတွက် လက်ဆောင် မပေးဖြစ်တော့ဘူး"

တမင်မွေးနေ့လက်ဆောင်ပေးချင်သောကြောင့် သူပြော လိုက်ခြင်းဖြစ်သည်။

"အဲဒီလို မွေးနေ့လက်ဆောင်ပေးမှာစိုးလို့ တမင် မပြောဘဲ နေခဲ့တာပေါ့ ကိုကျော်ဇင်ငြိမ်းရယ်"

သူနှင့်အမွန်တို့ ပြောနေဆိုနေကြပုံတွေကိုကြည့်ရင်း


www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ထက်က ဝင်ပြောလိုက်သည်။

“ဟုတ်တယ် ကိုကျော်ဇင်ငြိမ်း၊ ဒီအလှူကိုလာတဲ့ လူတိုင်း ဘာမွေးနေ့လက်ဆောင်မှ ယူလာစရာ မလို ဘူး၊ ပြီးတော့လည်း အမွန့်မွေးနေ့မှာ လက်ဆောင် အမြဲပေးဖို့ ဖွဲ့တစ်ယောက်ပဲ အခွင့်အရေးရတာ၊ ဟုတ်တယ် မဟုတ်လား အမွန်”

ဖွဲ့ထက်စကားက ပိုင်ပိုင်နိုင်နိုင် ရှိလှလွန်းသည်။

ဖွဲ့ထက်စကားကြောင့်ပင် ခင်ဝင်းက သူ့ကို မသိမသာ လှမ်းကြည့်၏။

❧ ❧

“လွယ်တော့ မလွယ်ဘူး ထင်တယ် ကျော်ဇင် ငြိမ်း”

အမွန့်မွေးနေ့မှအပြန်မှာ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ခင်ဝင်း သုံးသပ်တော့သည်။ သူလည်း သက်ပြင်းမှုတ်ထုတ်မိ၏။

“ဖွဲ့ထက်နဲ့တော့ တစ်နေ့မဟုတ်တစ်နေ့ ရင်ဆိုင် တွေ့ရလိမ့်မယ် ထင်တာပဲ ခင်ဝင်း”


www.burmeseclassic.com

"မင်းအဖြစ်ကတော့ ကာယကံရှင် အမွန်ထက် ဖွဲ့ထက်ကို ကြောက်နေရသလို ဖြစ်နေပြီ၊ အေးကွာ ငါ အကြံပေးချင်တာက တော့ အခုအခြေအနေမှာ ဘာမှစည်းကျော်ကြသေးတာ မဟုတ်ဘူး၊ မင်းဂုဏ် မင်းအဆင့်အတန်းနဲ့တော့ ဖွဲ့ထက်ကို ပြိုင်ဘက် အဖြစ် သတ်မှတ်ရတာ နစ်နာစရာတွေချည်းပဲ၊ နောက်ဆုတ်လို့ ရရင် မင်း နောက်ဆုတ်လိုက်ပါလား ကျော်ဇင်ငြိမ်း"

ခင်ဝင်းစကားကို ခေါင်းခါလိုက်မိသည်။

အမွန့်ကို သူ ချစ်မိနေပြီ။ သူ့နှလုံးသားသည် အမွန်မှ အမွန်ဖြစ်နေ၏။ သူ့အနီးနားတွင် အမွန်ရှိနေမှ ဖြစ်ပေတော့မည် ပဲ။

"ငါ နောက်မဆုတ်ဘူး ခင်ဝင်း၊ အမွန့်အချစ်ကို ငါရအောင် ယူမှဖြစ်မယ်၊ ဖွဲ့ထက်ကြောင့်တော့ ငါနဲ့ အမွန် ဝေးလို့ဖြစ်မယ် မထင်ဘူး"

"ဒါဆိုရင် မင်း ဖွဲ့ထက်ကိုတော့ ရင်ဆိုင်ရမှာပဲ"

"ငါ ရင်ဆိုင်ရဲတယ်၊ တရားနည်းလမ်းကျစွာနဲ့ပဲ အမွန့်အချစ်ကို ငါရအောင်ယူသလိုပဲ၊ ဖွဲ့ထက်ကို



www.burmeseclassic.com

လည်း တရားသဖြင့်ပဲ ရင်ဆိုင်မယ်”

“သူက လူမိုက်ကလေးနော်၊ မစားရတဲ့အမဲကို လည်း သဲနဲ့ပစ်ဖို့ ဝန်လေးမှာ မဟုတ်ဘူး”

“ငါ့ဘက်မှာ အမှန်ရှိနေသမျှ ဘာပဲဖြစ်ဖြစ် ငါ နောက်မဆုတ်ချင်ဘူး”

တွေးရင်းကပင် ရင်မောရပြန်သည်။

မတွယ်တာတတ်၊ မခံစားတတ်ခဲ့ပါက ကောင်းလိမ့်မည် ထင်၏။

ချစ်ရသောသူကို တွေ့သော်လည်း လွတ်လပ်စွာမြတ်နိုးခွင့် က ခက်ခဲနေသည်။

ချစ်ရသောသစ္စာမှန်ရင်တော့ အမွန်နှင့်သူတို့လမ်းခရီးမှာ တစ်နေ့တော့ သာယာဖြောင့်ဖြူးရပေမည်ပဲ။

◎ ⁂ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၈။

အမွန်မွေးနေ့သွားပြီး တတိယမြောက် ဆုံတွေ့ခြင်း မတိုင်မီ တစ်ရက်အလိုမှာပင် သူ့အိမ်သို့ ဖွဲ့ထက် ရောက်လာ၏။

အရင်တစ်ခေါက်တုန်းက အချိန်ထက် အနည်းငယ်နောက်ကျပြီးမှ ရောက်လာသည်။

ဖွဲ့ထက်ရောက်လာချိန်မှာတော့ ညနေစာစားပြီး၍ သူကျောဆန့်သောအချိန် ဖြစ်နေ၏။

"ဖွဲ့ရောက်ရောက်လာလို့ ကိုကျော်ဇင်ငြိမ်းရဲ့
လွတ်လပ်တဲ့ အချိန်တွေကို အနှောင့်အယှက်ပေးသလို
များ ဖြစ်နေပြီလား မသိဘူး"



www.burmeseclassic.com

BURMESE CLASSIC .com

ဖွဲ့ထက်ကတော့ နေပုံထိုင်ပုံစရိုက်ကသာ အမြင်ကတ်စရာ ကောင်း၏။ ပြောပုံဆိုပုံကတော့ လူရည်လည်ပြီး ပါးနပ်နေလွန်း သည်။

"ရပါတယ်ဖွဲ့ ကိုယ်တို့က ခင်မင်ကြတဲ့သူတွေပဲ"

"ကိုကျော်ဇင်ငြိမ်းကိုတော့ ဖွဲ့ ခင်မင်မိတယ်၊ ဖွဲ့ကို ပေါင်းချင်သင်းချင်တဲ့လူတွေ မရှိဘူးသိလား၊ ဖွဲ့ကလည်း ဖွဲ့ပါပဲ"

သူ့ကိုယ်သူဝေဖန်ရင်း သူနှင့်ပိုရင်းနှီးအောင် လုပ်နေခြင်း လားမသိ။

"ကိုယ်ကတော့ လူတွေအပေါ်မှာ အမြဲလိုလို အကောင်းမြင်တတ်တဲ့ သဘာဝရှိတယ်၊ ကိုယ်လုပ်နေ တဲ့ အလုပ်ကလည်း ကျောင်းဆရာလေ၊ ဖွဲ့လိုလူငယ် တွေအပေါ်မှာ နားလည်အောင် အမြဲကြိုးစားတယ်"

"ဖွဲ့တွေးတာ မှန်တယ်၊ ဖွဲ့နဲ့ ကိုကျော်ဇင်ငြိမ်း နဲ့တော့ ကောင်းကောင်းဆွေးနွေးလို့ရပြီ"

ဖွဲ့ထက်ကိုတော့ အလုံးစုံ မယုံစားရဲ။

သူနှင့်အမွန်တို့၏ဆက်ဆံရေးကို တစေ့တစောင်း ရိပ်စား မိ၍ သူ့ဆီ ပူးကပ်တာ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သူ့ကို လူမိုက်လို ရင်မဆိုင်ဘဲ အလိမ္မာနည်းသုံးကာ ရင်ဆိုင်ဖို့ ဖွဲ့ထက် နည်းလမ်းတွေရှာပြီထင်၏။

“ဖွဲ့က ဘာအကြောင်းဆွေးနွေးချင်လို့လဲ”

“ဖွဲ့အကြောင်း၊ ပြီးတော့ အမွန်နဲ့ပတ်သက်တဲ့ အကြောင်းတွေပေါ့ ကိုကျော်ဇင်ငြိမ်း”

ဖွဲ့ထက်စကားကြောင့် စိတ်ထင့်သွားရသည်။ ဟန်မပျက်အောင် မနည်းထိန်းပြီး ဖွဲ့ထက်နှင့်စကားပြောရသည်။ ဖွဲ့ထက်ကတော့ အလိမ္မာသုံးပြီး သူ့ကို စစ်ကြေငြာလေပြီ။

“ဖွဲ့ပြောချင်တာ ပြောပါ၊ ကိုယ် နားထောင်ပေးမယ်၊ ပြီးတော့ တတ်နိုင်သမျှတော့ အကူအညီပေးပါ့မယ်”

အမွန့်ကို သူဖွင့်မပြောရသေး။ အမွန့်စိတ်ကို သူ အလုံးစုံ မသိရသေး။ သူအချိန်ယူဖို့ပြင်နေစဉ်မှာပင် ဖွဲ့ထက်က ယှဉ်ယှဉ်လေး ဝင်လာ၏။

“ပထမဆုံး ဖွဲ့ဘဝကို ပြောပြပါ့မယ်၊ ဖွဲ့က ပါပါနဲ့ အတူ နေပေမယ့် ပါပါက အသက်ကြီးပြီ၊ အိပ်ရာထဲ လဲနေပြီ၊ မေမေက ပါပါရဲ့နောက်အိမ်ထောင်လေ၊ မေမေမဆုံးခင်အထိတော့ ဖွဲ့တို့မောင်နှမ နေရထိုင်ရ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

တာ ဘာပြဿနာမှ မရှိဘူး၊ ဖွဲ့တို့လူလားမြောက်စမှာ ပဲ မေမေက ဆုံးတယ်၊ တစ်စစနဲ့ ပြဿနာတွေ ရှိလာ တယ်၊ ပါပါ အိပ်ရာထဲလဲတော့ ပါပါရဲ့ပထမအိမ် ထောင်က သားသမီးတွေက ပြဿနာရှာတယ်၊ အမွေ ဆိုတာက စားထိုက်မှ စားကြရတာပါ၊ ဖွဲ့တို့မောင်နှမ ကို သူတို့က အနည်းအကျဉ်းလောက်ပဲ အမွေခွဲပေး ချင်ကြတာလေ၊ ဒီအကြောင်းတွေကြောင့်ပဲ ဖွဲ့ ပတ် ဝန်းကျင်ကို အရွဲ့တိုက်ချင်တယ်၊ ဖွဲ့ လိမ္မာပြလို့ မရ ဘူး၊ ဖွဲ့ မိုက်ပြဆိုးပြမှ သူတို့ရဲ့ ကြောက်ရွံ့မှုကိုရမှာ၊ ညီမလေးအတွက် လူမိုက်လုပ်ခဲ့တာပဲ”

ဖွဲ့ထက် တွေးတာခေါ်တာက မှန်သလိုလိုနှင့် နည်းလမ်း တော့ သိပ်မကျချင်ပေ။

“ကိုယ်ဝေဖန်မယ်နော်၊ ဖွဲ့ အခုလို ဆုံးဖြတ်ပြီး နေတာ ထိုင်တာဟာ မှန်မလိုလိုနဲ့ မှားနေတယ်”

“ဖြစ်နိုင်ပါတယ် ကိုကျော်ဇင်ငြိမ်း၊ ဒါပေမဲ့ အားလုံးက အလွန်အကျွံတွေ ဖြစ်ခဲ့ပြီးပြီပဲ”

ရမ်းသန်းမိုက်မဲနေသောသူ မဟုတ်တာတော့ သေချာ၏။ ဖွဲ့ထက်အနားမှာ အဖော်ကောင်းတွေ မရှိခဲ့တာလည်းပါမည်။


www.burmeseclassic.com

www.burmeseclassic.com

အမွန်ရှိသည်ဆိုသော်လည်း အမွန်ကလည်း ကောင်းကောင်း လမ်းမပြနိုင်ခဲ့တာ သေချာသည်။

"ဖွဲ့မိသားစုကြောင့် လူမိုက်လေးဖြစ်ရုံတင်ဆို ကိစ္စမရှိဘူး၊ ဖွဲ့ ထပ်ပြောချင်နေတဲ့ အမွန့်ကိစ္စကြောင့် ပဲ ဖွဲ့ လူမိုက်ကြီးဖြစ်နေရ တယ်ဆိုတာရော သိရဲ့လား"

ဖွဲ့ထက် . . . သူ့ရန်သူစစ်စစ်တော့ မဟုတ်။ သူ့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဆိုပေမယ့် အကြီးဆိုသော အနေအထားက ရှိသေး၏။ ဖွဲ့ထက်ဘဝအတွက်တော့ လမ်းမှန်ကန်မှန် ရောက်စေချင်စိတ် သူ့မှာရှိနေသည်။

"ဟုတ်ပါတယ်ကိုကျော်ဇင်ငြိမ်း၊ ဖွဲ့ဝန်ခံပါတယ်"

"အမွန်နဲ့ပတ်သက်ပြီး ဆတ်ဆတ်ထိမခံဘူး၊ မိသားစုအရေးကြောင့် မိုက်မဲခဲ့တယ်၊ အမွန့်ကြောင့် အဆုံးစွန်မိုက်ပြီး ပတ်ဝန်းကျင်နဲ့ ကင်းကွာခဲ့တယ်၊ ဖွဲ့ဘဝမှာ အမွန်ဆိုတာပဲရှိတယ်၊ ဖွဲ့ဘဝမှာ ရန်သူတွေ များနေတာကိုရော ဖွဲ့ရိပ်စားမိရဲ့လား"

ဖွဲ့ထက်တစ်ယောက် သူ့ဩဝါဒတွေအောက်မှာ ငြိမ်ကျသွားသည်။

သူ ကျော့ကွင်းဆင်နေတာ မဟုတ်။ ဖွဲ့ထက်ကိုလည်း သား


www.burmeseclassic.com

www.burmeseclassic.com

ကောင်ဟု သဘောမထား။ ရန်သူဟုလည်း မမြင်ချင်ပေ။

ဣ ဣ

"အမွန့်ကို ဖွဲ့ချစ်တယ်၊ ဖွဲ့ကလွဲပြီး ကျန်တဲ့လူတွေရဲ့ သံယောဇဉ်အယုအယကို အမွန်မျှော်လင့်စရာ မလိုဘူး၊ သိပ်ချစ်လွန်းလို့ သိပ်အတ္တကြီးပြီး ဖွဲ့ မိုက်မဲခဲ့တာပါ၊ ဒါတွေကလည်း အမွန့်ကို ချစ်လွန်းလို့ပါပဲ ကိုကျော်ဇင်ငြိမ်း"

ဖွဲ့ထက်ကတော့ သူ့ရှေ့မှာပင် ရင်ဖွင့်ပြလေ၏။

ကိုယ်ချင်းစာစိတ်ဖြင့် ကရုဏာဖြစ်မိသည်။ ဖွဲ့ထက်မှားနေတာကိုတော့ စိတ်ရင်းဖြင့် လမ်းညွှန်ပေးချင်သည်။

"ချစ်သူကို သိပ်ချစ်လွန်းတဲ့အခါမှာလည်း အရာရာကို မေ့လျော့တတ်ကြတယ်၊ အစွန်းတရားဆိုတာ ရောက်သင့်မှ ရောက်ရတယ်၊ အစွန်းရောက်ခဲ့ပြီဆိုရင်လည်း အဲဒီအစွန်းမှာပဲ မွေ့ပျော်နေမယ်ဆိုရင်ဘာမှဖြစ်လာမှာမဟုတ်ဘူး၊လောကီလောကုတ္တရာမှာ အစွန်းတစ်ခုကို မရောက်ဘဲနဲ့တော့ မအောင်မြင်နိုင်

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သလို၊ အဲဒီအစွန်းကနေ ပြန်မလှည့်နိုင်ရင်လည်း ကျ ဆုံးတတ်တယ် ဖွဲ့”

“ဒါဆိုရင် ဖွဲ့ ကျဆုံးနေပြီလား”

“လုံးဝပြို့ကျဆုံးပြီလို့ မပြောနိုင်သေးပါဘူး၊ ဖွဲ့က အစွန်းတော့ ရောက်နေပြီ၊ ဖွဲ့ အချိန်မီ နောက်ကြောင်း ပြန်လှည့်နိုင်ခဲ့ရင် ဖွဲ့အနေနဲ့ အရမ်းအောင်မြင်တဲ့သူ တစ်ယောက် ဖြစ်ခွင့်ရှိပါသေးတယ်”

“ဖွဲ့နောက်ကြောင်းပြန်လှည့်ရမယ်”

“ဟုတ်တယ် ဖွဲ့၊ ဖွဲ့ဘဝအတွက် ပြီးတော့ အမွန့် အချစ်ကို ရဖို့အတွက် ဖွဲ့နောက်ကြောင်းပြန်လှည့်ရ မယ်၊ ဖွဲ့က အခုမှ အသက်နှစ်ဆယ်ပဲ ရှိသေးတာ၊ လူငယ်တစ်ယောက်အဖို့ လျှောက်ရမယ့်ဘဝက အဝေးကြီးလိုသေးတယ်၊ အချိန်မီပါသေးတယ် ဖွဲ့”

ဖွဲ့ထက်ကို ဒီလိုဘဝမျိုးနှင့် သူ မမြင်ချင်။ ဖွဲ့ထက်မှမဟုတ်။ ပတ်ဝန်းကျင်မှ လူငယ်တွေစိတ်ထဲမှာ အနှောင့်ပယောဂကင်းကင်း ဖြင့် ဘဝတွေကို ထုဆစ်ခွင့်ရစေချင်သည်ပဲ။

“ဒါဆို . . . ဖွဲ့ ဘာလုပ်ရမလဲ ကိုကျော်ဇင်ငြိမ်း”

“ဖွဲ့ အတ္တကြီးတယ်လို့ ပြောခဲ့တယ်နော်၊ တကယ်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

တော့ ဖွဲ့ အတ္တကြီးပြီး ဆိုးသွမ်းမိုက်မဲစိတ်ဝင်ရတာက ဖွဲ့ကိုပဲ လောင်မြိုက်နေတာ၊ ဖွဲ့ပတ်ဝန်းကျင်ကို မလောင်မြိုက်သေးဘူး၊ သူတို့အတွက် စိတ်အနှောင့် အယှက်ပဲ ဖြစ်စေတာ၊ လူငယ်တစ်ယောက်ဟာ အတ္တ ကြီးရင်လည်း မကောင်းသလို၊ အတ္တနည်းပြန်ရင် လည်း အသုံးချလိုသူတွေအတွက် အခွင့်ကောင်းတစ်ခု ပဲလေ၊ ကဲပါ ဖွဲ့ရယ် . . . အဲဒီ အတ္တဆိုတဲ့ စိတ်ဆင်ရိုင်း ကို ချွန်းအုပ်နိုင်တာကတော့ IDEAL ဆိုတဲ့ တွေးခေါ် မြော်မြင်မှုပဲ၊ ကိုယ်မှတ်သားဖူးတဲ့စကားပါပဲ၊ Ideal ဆိုတာကို ဖွဲ့သိသလို သုံးစွဲပြောဆိုဖူးလိမ့်မယ်၊ I ဆိုတာ က Intelligence ဉာဏ်တဲ့၊ D ကတော့ Determination ဆုံးဖြတ်ချက်၊ E က Energy ဝီရိယ၊ A ကတော့ Assiduity စေ့စပ်သေချာမှု၊ နောက်ဆုံး L ကတော့ Luck ဆိုတဲ့ ကံဖြစ်တယ် ဖွဲ့၊ Ideal ဆိုတဲ့ စကားလုံးကို သေသေချာချာ အနက်ဖွင့်နိုင်တာနဲ့ပဲ အဲဒီအတ္တ စိတ်ဆင်ရိုင်းကို ချွန်းအုပ်နိုင်ပြီး အောင်မြင် မှု ရနိုင်မှာ အမှန်ပဲဖွဲ့”

“ကြိုက်တယ် ကိုကျော်ဇင်ငြိမ်းရာ၊ အရမ်းလည်း


www.burmeseclassic.com

BURMESE CLASSIC .com

သဘော ကျတယ်၊ ဗွဲဆုံးဖြတ်လိုက်ပြီ၊ intelli-gence ဉာဏ်နဲ့ determinate လုပ်လိုက်ပြီ၊ ဒီနှစ် ဆယ်တန်း စာမေးပွဲကို အောင်အောင်ဖြေတော့မယ်"

"ကောင်းတယ်ဗွဲ . . . သာဓုလည်း ခေါ်တယ်၊ အတန်းပညာဆိုတာ လူငယ်တစ်ယောက်ရဲ့ ငယ်ဘဝ မှာ လိုအပ်တယ်၊ ဗွဲလိုတာ မှန်သမျှ ကိုယ်ကူညီမယ်"

"အကူအညီပေးရမယ် ကိုကျော်ဇင်ငြိမ်း၊ အခု လို စာမေးပွဲပြန်ဖြေတာရော၊ ကိုကျော်ဇင်ငြိမ်းနဲ့ ပြော တာဆိုတာတွေရော အမွန့်ကိုတောင် အသိမပေးပါနဲ့၊ ကိုကျော်ဇင်ငြိမ်းအိမ်မှာပဲ စာလာကျက်မယ်နော်"

ဗွဲထက်ကို သူကပဲ စည်းရုံးလိုက်နိုင်တာလား၊ ဗွဲထက်ကပဲ သူ့ကို စည်းရုံးသွားနိုင်တာလားတော့ မပြောတတ်။

သူနှင့်အနီးကပ်နေဖို့ တောင်းဆိုနေပြီပဲ။ ဗွဲထက်ကိုတော့ လျှော့တွက်လို့ မရတာသေချာ၏။

ဗွဲထက်ကို မယုံရဲပေမယ့် သူ့စေတနာတွေကတော့ လျှော့ ပါးမသွားခဲ့ပေ။ ဒီအကြောင်းတွေကို ခင်ဝင်းရော အမွန်ပါ သိသွား ကြပါက ဘယ်လိုပြောကြမည်မသိပေ။

◎ ❧❧ ◎

www.burmeseclassic.com

# အပိုင်း ( နှစ် )

www.burmeseclassic.com

www.burmeseclassic.com

သူ့အပြင်

သူ့အရင်မှာလည်း

ကြွင်နာခံစား

နှလုံးသားက

စကားအပို မဆိုတတ်ခဲ့. . . ။။

တစ်ပါးသော

တခြားသောသူနဲ့

အတူကြုံလျက်

စုံဖက်ရကောင်း ဆုမတောင်းခဲ့. . . ။

စိတ်တူကိုယ်တူ

ရင်ချင်းတူလို့

နှစ်ကိုယ့်တစ်စိတ်

ချစ်အရိပ်မှာ

တစ်ကမ္ဘာတည်

သူသာ ရင်နှစ် 'ချစ်သူ' ဖြစ်၏ ။ ။

www.burmeseclassic.com

www.burmeseclassic.com

၁။

'အချစ်' ဆိုတာကို စိတ်ကူးယဉ်ဖို့ သူမမှာ အချိန်မပေးနိုင်တာ ဖွဲ့ကြောင့်ပဲ ဖြစ်၏။ သံယောဇဉ်အကြောင်းကျတွေဖြင့် သူမကို မျက်ခြည်ပြတ်မခံခဲ့ပေ။ သူမအနားမှာ ပျားပိတုန်းတို့ ရစ်ဝဲနေပေမယ့် ဖွဲ့၏အစောင့်အကြပ်ကြောင့်ပင် သူမနှလုံးသားသည် အထီးကျန်ရစ်သည်ပဲ။

"မမမွန်"

သူမတစ်ယောက်တည်း တွေးရင်း လမ်းလျှောက်နေတုန်းမှာပင် ခေါ်သံကြားရ၏။ ထက်ထက်သူ ဆေးကျောင်းစတက်ကတည်းက မျက်နှာချင်း သိပ်မဆိုင်ဖြစ်ခဲ့ပေ။ ထက်ထက်သူနှင့်မှ



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

မဟုတ် . . . ဖွဲ့ထက်နှင့်လည်း မတွေ့ဖြစ်တာ ကြာပြီပဲ။

“ထက်ထက် ကျောင်းကပြန်လာတာလား”

“ဟုတ်တယ် မမမွန်၊ မမမွန်ရော”

ရပ်ကွက်ထဲအဝင်မှာပင် ကိုကျော်ဇင်ငြိမ်းကားပေါ်မှ သူမ ဆင်းပြီး ထုံးစံအတိုင်း လမ်းလျှောက်ဖြစ်သည်။ဖွဲ့တို့ ထက်ထက်သူ တို့နှင့် ကင်းကွာခဲ့သော်လည်း ကိုကျော်ဇင်ငြိမ်းနှင့် ရင်းနှီးမှုကတော့ ပိုလာခဲ့သည်။

“မမမွန်လည်း ကျောင်းက ပြန်လာတာလေ၊ ထက်ထက်နဲ့ မတွေ့ဖြစ်တာ ကြာပြီပဲ၊ ဒီနားကဆိုင်မှာ ခဏထိုင်ကြရအောင်”

“ကောင်းသားပဲ၊ ကိုကိုဖွဲ့ကတော့ အခုတလော ခြေငြိမ်ပြီး တော်တော်ပြောင်းလဲနေတာ၊ အဲဒီကိစ္စ ပြောကြဆိုကြတာပေါ့”

ဖွဲ့တစ်ယောက် အနေအထိုင် ပြောင်းသွားတာကို သူမတို့ မပြောနှင့် . . . ညီမဖြစ်သူကပါ ရိပ်စားမိနေ၏။

“ကဲ . . ပြောစမ်းပါဦး . . . ထက်ထက်ကိုကိုက ဘာတွေများ ပြောင်းလဲလို့တုန်း၊ ကိုကျော်ဇင်ငြိမ်းအိမ် ကို ရောက်ရောက်နေတာလောက်ပဲ မမမွန်သိရတာ”


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဖွဲ့ကိုတော့ ကိုကျော်ဇင်ငြိမ်းက ဘယ်လိုအစွမ်းအစတွေဖြင့် သိမ်းသွင်းထားနိုင်သည် မသိပေ။ ဖွဲ့နှင့် ကိုကျော်ဇင်ငြိမ်းတို့ ပြေလည်နေသည်ကိုကြည့်ပြီး သူမ စိတ်အေးရသည်။

"ထူးတယ် မမမွန်၊ စာမေးပွဲတွေ ဘာတွေများ ပြန်ဖြေဖို့ လုပ်နေသလားမသိဘူး၊ သူ့မှာ စာအုပ်တွေ တွေ့ရတယ်၊ ပြီးတော့လည်း ဆယ်တန်းကျူရှင်တစ်ခု ရှေ့မှာ ကိုကိုဖွဲ့ကို အမှတ်မဲ့ တွေ့မိလိုက်သေးတယ်"

"ဟုတ်ရဲ့လား ထက်ထက်ရယ်၊ ဖွဲ့ကြည့်ရတာ ဆယ်တန်းက ကောင်မလေးတစ်ယောက်ယောက် နောက်များ လိုက်နေတာလားမှ မသိတာ"

"မဖြစ်နိုင်ဘူး မမမွန်၊ မမမွန်ကို ကိုကိုဖွဲ့က အရမ်းချစ်တာ၊ ဒီ့ပြင်လူတွေကို သူ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ထက်ထက်တွေးတာမှန်ရင်တော့ သူ ဆယ်တန်းပြန်ဖြေဖို့ လူမသိသူမသိ လုပ်နေတာပဲနေမှာ"

ထက်ထက်သူတွေးတာ မမှန်နိုင်ဟု အတပ်ပြောလို့ မဖြစ်ပြန်။

ဖွဲ့တစ်ယောက် သူမအပေါ် ဂရုစိုက်ခြင်းတွေ ကင်းနေခဲ့တာ ရက်အတော်ကြာပြီ။


www.burmeseclassic.com

BURMESE CLASSIC .com

"အဲဒီကိစ္စ မှန်ရင်တော့ သူ့အတွက် ဝမ်းသာစရာပဲ ထက်ထက်၊ တစ်ခုတော့ရှိတယ် . . . ဒီအတိုင်းပဲ မသိလိုက်ဘာသာ လွှတ်ပေးထားလိုက်"

"အဲဒီကိစ္စသေချာအောင် မမမွန် စုံစမ်းကြည့်ပါလား၊ ထက်ထက်ကတော့ မသိစေချင်တဲ့ကိစ္စကို အတင်းမမေးရဲဘူး"

"အင်း . . . သေချာအောင် စုံစမ်းတဲ့နည်းတော့ ရှိတယ်၊ အခုရက်ပိုင်းမှာ ဖွဲ့က ကိုကျော်ဇင်ငြိမ်းနဲ့ လုံးလားထွေးလား နေနေတာ၊ ကိုကျော်ဇင်ငြိမ်းတော့ သေသေချာချာ သိမှာပဲ ထက်ထက်"

ဖွဲ့အမူအကျင့်တွေ ဒီရက်ပိုင်းပြောင်းတာကိုတော့ သိနေသည်။ စာမေးပွဲကိစ္စအထိ ဖြစ်လာလိမ့်မည် . . . ဟု မတွေးဖြစ်ခဲ့ပေ။ ထက်ထက်သူနှင့် ဆုံဖြစ်မှပင် သိရသည်ပဲ။

သူမ တကယ်ဖွင့်မေးရင်တော့ ကိုကျော်ဇင်ငြိမ်း တစ်ယောက် အမှန်အတိုင်း ဖြေလိမ့်မည် ထင်၏။



www.burmeseclassic.com

BURMESE CLASSIC .com

ကိုကျော်ဇင်ငြိမ်းနှင့် သောကြာနေ့တိုင်း ဆုံဖြစ်ကြသည်မှာ အကြိမ်ပေါင်းများခဲ့ပြီ။ ဖွဲ့နှင့်ကိုကျော်ဇင်ငြိမ်းတို့၏ ရင်းနှီးမှုတွေကို သူမ သိခဲ့ရသော်လည်း သူမနှင့် ကိုကျော်ဇင်ငြိမ်းတို့၏ ရင်းနှီးမှုများကိုတော့ ဖွဲ့တစ်ယောက် သိနိုင်စွမ်း ရှိလိမ့်မည် မထင်ပေ။

ယင်းမာသို့ ရောက်သွားချိန်မှာတော့ ဆရာကိုခင်ဝင်းနှင့် ကိုကျော်ဇင်ငြိမ်းတို့ လက်ဖက်ရည်သောက်နှင့်နေကြပြီ ဖြစ်၏။

"ဘာလိုလိုနဲ့ မျက်စိရှေ့မှာတင် အမွန် တစ်ယောက် နောက်ဆုံးနှစ်ကျောင်းသူကြီး ဖြစ်နေပြီနော်"

သူမနှင့်ကိုကျော်ဇင်ငြိမ်းတို့ ဆုံဖြစ်ကြသည်ကို သူငယ်ချင်းတွေက စလားနောက်လားလုပ်လာတော့ လူချင်းမဆုံပေးဖြစ်တော့ပေ။

သူမကိုယ်တိုင်ကလည်း ကိုကျော်ဇင်ငြိမ်းနှင့် တွေ့ရ စကားပြောရသည်ကို ဘာကြောင့်ရယ်မသိ ကြည်နူးနေမိ၏။

"ဘာလဲ . . . ဒီကျောင်းထဲမှာ အမွန့်ကို ဆရာကိုခင်ဝင်းက မမြင်ချင် မတွေ့ချင်တော့တဲ့သဘောလား"

"အဲဒီလို မပြောရပါဘူးဗျာ၊ တော်ကြာ ဒီကောင်ကြီးက ငါ့ကို ထသတ်နေပါဦးမယ်၊ ငါ့ဘဝက ပါရမီ

www.burmeseclassic.com

ဖြည့်ရှုံသက်သက်ပါပဲ နော်”

ဆရာကိုခင်ဝင်း၏ အပြောင်အနောက်စကားကြောင့် ကိုကျော်ဇင်ငြိမ်းမျက်နှာ ရဲတက်သွား၏။ မိန်းကလေးဖြစ်သူက မရှက်ရဘဲ ကောက်ညှင်းကမစေး၊ ကောက်ကြမ်းက စေးနေပြန်၏။

“ဆရာကိုခင်ဝင်းကတော့ တကယ်နောက်တတ်တာပဲ”

သူမ၏မျက်နှာကို ရဲရဲကြည့်ပေမယ့် ကိုကျော်ဇင်ငြိမ်းက မျက်နှာချင်းဆိုင်ဖို့ ရှက်နေ၏။ ဒီအမူအကျင့်လေးတွေ ကြုံဖန်များတော့ ရင်ထဲမှာ သာယာမိတာအမှန်ပင်။

“ကဲ အမွန် . . . နင်လာတာတွေ့လို့ ဒီကောင်ကြီးက အလိုက်တသိနဲ့ လက်ဖက်ရည်မှာထားတာ သောက်လိုက်ပါဦး”

“ဒါနဲ့ ကိုကျော်ဇင်ငြိမ်းကို မေးရဦးမယ်”

သူမစကားကြောင့်ပင် ကိုကျော်ဇင်ငြိမ်းရော၊ ဆရာကိုခင်ဝင်းပါ စိတ်ဝင်စားသွားကြ၏။

“ဘာများမို့လဲ အမွန်”

“တခြားတော့မဟုတ်ဘူး ကိုကျော်ဇင်ငြိမ်း၊ ကိုကျော်ဇင်ငြိမ်း စည်းရုံးရေးကောင်းလို့ ဖွဲ့တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

အရင်လိုမဟုတ်တော့ဘူးဆိုတာလောက်ပဲ သိခဲ့တာ၊ ဖွဲ့ ဆယ်တန်းပြန်ဖြေဖို့ ကျိတ်လုပ်နေတယ် မဟုတ်လားဟင်”

ကိုကျော်ဇင်ငြိမ်းက ဆရာကိုခင်ဝင်းကို လှမ်းကြည့်၏။ ဆရာကိုခင်ဝင်းက . . .

“ကဲ . . . ဘာမှလျှို့ဝှက်မနေနဲ့၊ အမွန်မေးတာကို မင်းဘာသာဖြေလိုက် ကျော်ဇင်ငြိမ်း”

“အင်းလေ . . . အမွန်ကလည်း မေးပြီဆိုတော့ ကိုယ်ဖြေပါ့မယ်၊ ဒီအကြောင်းကို ဘာလို့မပြောဘဲနေလဲဆိုတော့ ဖွဲ့ကိုယ်တိုင်က အသိမပေးဖို့ ကတိတောင်းထားလို့ပဲ၊ အမွန် သိပြီးတဲ့နောက်ပိုင်းမှာလည်း မသိလိုက်ဘာသာပဲ နေပေးပါနော်”

“ဟုတ်မဟုတ်ဆိုတာပဲ ကွဲကွဲပြားပြား သိချင်တာပါ၊ ဖွဲ့ကို မေးလို့ရပေမယ့် မမေးဘဲ ကိုကျော်ဇင်ငြိမ်းကို မေးရတာလေ၊ ကိုကျော်ဇင်ငြိမ်းအိမ်ကို လာလာနေတာ ဖွဲ့ စာကြည့်တာ မဟုတ်လား”

“ဟုတ်တယ် အမွန်၊ ဖွဲ့ကို ဒီတိုင်းကြီး မမြင်ချင်လို့ ကိုယ် ဆုံးမကြည့်တာ နားချကြည့်တာပါ၊ ကိုယ့်


www.burmeseclassic.com

စကားတွေကို သူနားထောင်တယ် အမွန်၊ သူ့ဘဝ တိုးတက်ကြီးပွားဖို့ သူကြိုးစားနေတာပါ အမွန်”

ကိုကျော်ဇင်ငြိမ်း၏ စိတ်ဓာတ်ကိုတော တကယ်ချီးကျူးမိသည်။ ဖွဲ့နှင့်သူမတို့ အနေအထားကို မသိ၍မဟုတ်။ ပတ်ဝန်းကျင်မှာ ဖွဲ့ဝင်ဆန့်ဖို့ လူတစ်လုံးသူတစ်လုံးဖြစ်ဖို့ ကိုကျော်ဇင်ငြိမ်း အကူအညီပေးနေသည်။

“သိလား ဆရာကိုခင်ဝင်း၊ ဖွဲ့လိုလူမျိုးကို ရအောင်စည်းရုံးနိုင်မှတော့ ဒီပြင်လူတွေကိုတော့ ပြောမနေနဲ့၊ သမ္မတရွေးကောက်ပွဲတွေဘာတွေမှာ ကိုကျော်ဇင်ငြိမ်းကို မဲဆွယ်စည်းရုံးခိုင်းဖို့ ကောင်းနေပြီ”

“အမွန်ကသာ ဒီကောင့်ကို ဖွဲ့နဲ့ပတ်သက်ပြီး အထင်ကြီးနေတာ၊ သူ့အတွက်ကျတော့ သူ ဘာ အစွမ်းအစရှိလို့လဲ”

“ဟုတ်တယ် . . . ဟုတ်တယ် . . . ဒီစကားကိုတော့ အမွန် လုံးဝ ထောက်ခံတယ်”

ဆရာကိုခင်ဝင်းနှင့် အတိုင်အဖောက်ညီလေ ကိုကျော်ဇင်ငြိမ်းတစ်ယောက် မျက်နှာအထားရခက်လေ ဖြစ်၏။

“လူငယ်တစ်ယောက် အလကားသက်သက်မဲ့



www.burmeseclassic.com

www.burmeseclassic.com

အတွေးအခေါ် လွဲနေတာကို မမြင်ရက်လို့ပါ အမွန်၊ ကိုယ်က စည်းရုံးရေးကောင်းတာ မဟုတ်ပါဘူး၊ ဖွဲ့က သာ လူတော်ဖြစ်ချင်နေတာ၊ အခု ဖွဲ့မှာရှိနေတဲ့ အမူ အကျင့်အနေအထိုင်တွေသာ လုံးဝပြောင်းလဲသွားရင် ဖွဲ့ဟာ လူတော်တစ်ယောက်ပါ အမွန်"

ကိုကျော်ဇင်ငြိမ်းရင်ထဲမှာ ဘာတွေရှိနေသည်ကို အခု အခြေအနေရောက်မှတော့ သူမ အကြွင်းမဲ့ သိနေ၏။

ဆရာကိုခင်ဝင်းကလည်း သူမနှင့်ပတ်သက်ပြီး ကိုကျော် ဇင်ငြိမ်း ခံစားနေရသည်များကို ဖွင့်ပြောပြပြီးပြီပဲ။

"ဖွဲ့နဲ့ ပတ်သက်ပြီးတော့ အရမ်းကျေးဇူးတင်ပါ တယ် ကိုကျော်ဇင်ငြိမ်း၊ ဖွဲ့စိတ်တွေ ပြောင်းလာတာ သူ့အကြောင်း သူသိလာတာဟာ ဝမ်းသာစရာပါ၊ အမွန်တို့ မလုပ်နိုင်တဲ့အလုပ် မစွမ်းဆောင်နိုင်တဲ့ အလုပ်ကို, ကိုကျော်ဇင်ငြိမ်းက ပညာသားပါပါနဲ့ လုပ် နိုင်တယ်လေ"

"သိပ်လည်း ချီးကျူးပြီး လေးစားမနေနဲ့ အမွန်၊ ဒီကောင်က ဖွဲ့ထက်ကိုကြောက်ပြီး တရားတွေ ဇွတ် ဟောလိုက်လို့ အပေါက်အလမ်းတည့်သွားတာ၊


www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့လည်း နင်နဲ့ဒီကောင် ဒီလိုရင်းရင်းနှီးနှီးဖြစ်နေကြမှန်း ဖွဲ့ထက်သိသေးတာ မဟုတ်ဘူး၊ ဖွဲ့ထက်သာသိရင်တော့ ဆရာတင်မိတာ မှားပြီလို့ နောင်တရလို့ဆုံးမှာမဟုတ်ဘူး”

သူမစကားကို ရှက်ပြုံးဖြင့် ကိုကျော်ဇင်ငြိမ်း ခေါင်းညိတ်ပြသည်။

အနေနီးလာလေ စိတ်ဓာတ်တွေကို သိလာရလေ၊ ကိုကျော်ဇင်ငြိမ်းနှင့် ဆုံခွင့်ရကျိုးနပ်သည် . . . ဟု ကျေနပ်နေမိသည်။

မိန်းမသားတို့ သဘာဝအရ အားလုံးကို သိနေသော်လည်း ကာယကံရှင်ကိုယ်တိုင်က တရားဝင်ဖွင့်ပြောလာမည့်ရက်ကိုသာ မျှော်လင့်စိတ်မောရသည် မဟုတ်ပါလား။

◎ ❧❧ ◎

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ၂။

ဆယ်တန်းတွေ စာမေးပွဲဖြေနေပြီဆိုတာကို သိသည်။ ဖွဲ့နှင့် ခဏဆုံဖြစ်ပေမယ့် စာမေးပွဲကိစ္စကို စကားမရောက်ဖြစ်ပေ။ ဖွဲ့ ပေးမသိစေချင်သောကြောင့်ပင် မသိလိုက်ဘာသာ နေဖြစ်တော့၏။

မနက်ဖြန်ဆို ဆယ်တန်းတွေ စာမေးပွဲပြီးတော့မည်။ ဖွဲ့ စာမေးပွဲဝင်ဖြေတာကို သိနေသောကြောင့် ဖြေနိုင်၊ မဖြေနိုင်ဆိုတာကို သိချင်မိသည်။

စာမေးပွဲနောက်ဆုံးရက် မနက်စောစောမှာပင် အိမ်သို့ ထက်ထက်သူ ရောက်ချလာသည်။ ကျောင်းသွားဖို့ အချိန်စောသေး



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သည်မို့ မေမေ့ကို ကူညီနေချိန်ဖြစ်၏။

“မမမွန်”

“ထက်ထက်ပါလား၊ ဘာကိစ္စများ ရှိလို့လဲ”

“ကိစ္စရှိပါတယ်မမမွန်၊ ကိုကိုဖွဲ့က မမမွန်ကို စာတစ်စောင် ပေးခိုင်းလိုက်တယ်၊ ထက်ထက်လည်း စပ်စုမနေတော့ဘဲ သူခိုင်းတဲ့အတိုင်း ထွက်လာခဲ့တာ၊ ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့လေ၊ ထက်ထက် သိနေပေမယ့် ဒီအတိုင်းပဲ လွှတ်ပေးထားလိုက်တာ”

“ထူးထူးဆန်းဆန်း စာတစ်တန်ပေတစ်တန်နဲ့ ဘာတွေများ ရေးထားပါလိမ့်”

ဖွဲ့တစ်ယောက် ဒီလိုအပြုမူမျိုး လုပ်လေ့လုပ်ထ မရှိပေ။ ထက်ထက်သူရှေ့မှာပင် စာကို ဖွင့်ဖောက်လိုက်၏။

“ထက်ထက်ပါ ဖတ်လို့ရမလား မမမွန်”

“ရပါတယ် ထက်ထက်နဲ့ အတူဖတ်ကြည့်ကြ တာပေါ့”

ထက်ထက်သူကို အနားခေါ်ပြီး အတူတူဖတ်လိုက်ကြသည်။ ဖွဲ့လုပ်ပြလိုက်သော အပြုအမူကတော့ ရင်ခုန်ချင်စရာကောင်းနေသေး၏။



www.burmeseclassic.com

BURMESE CLASSIC .com

အမွန် . . .

လူချင်းတွေ့ပြီးပြောဖို့ အချိန်မရလို့ စာရေးပြောလိုက်ရတာလေ။

ဒီနေ့ ဖွဲ့နဲ့အမွန်တို့ တွေ့ကြရအောင်။

လူချင်းတွေ့ပြီး အေးအေးဆေးဆေး စကားမပြောရတာ ကြာပြီမဟုတ်လား။

ဒီနေ့ . . . ဖွဲ့တို့ ဟိုတုန်းက တက်ခဲ့ကြတဲ့အထက်တန်းကျောင်းရှေ့က လက်ဖက်ရည်ဆိုင်မှာ စာမေးပွဲပြီးတဲ့အချိန်ကစပြီး ဖွဲ့ထိုင်စောင့်နေမယ်။

အမွန် ဆက်ဆက်ရောက်အောင်လာခဲ့နော်။ ဒီနေ့ အမွန်နဲ့တွေ့ရမှာ သိပ်အဓိပ္ပာယ်ရှိသလိုပဲ။ အမွန် အံ့သြသွားမယ့်ကိစ္စတွေကိုလည်း ပြောပြချင်လို့လေ။

အမွန်ဆက်ဆက်လာခဲ့နော်။ အမွန် ရောက်မလာမချင်း အဲဒီဆိုင်ကနေ ဖွဲ့ထိုင်စောင့်နေမှာ။

အမွန့်ရဲ့

ဖွဲ့ . . .။


www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ရေးပေးလိုက်သောစာကိုဖတ်ပြီး ထက်ထက်သူနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်ကြသေး၏။

"အဲဒီဆိုင်ကို မမမွန်သွားမှာ မဟုတ်လားဟင်"

ထက်ထက်သူအမေးကို ချက်ချင်းဖြေဖို့ အကျပ်အတည်း တွေ့သွားရသည်။

သူမ၏အေးစက်စက်အမူအရာကြောင့်ပင် ထက်ထက်သူ ဒုတိယအကြိမ် ထပ်မေး၏။

"မမမွန် မသွားဘူးလား"

ခက်တာက ဖွဲ့ကလည်း ရုတ်တရက်ကြီး ချိန်းဆိုလိုက်၏။ ဒီနေ့က သောကြာနေ့။ ကိုကျော်ဇင်ငြိမ်းနှင့် သူမတို့ ဆုံနေကျနေ့ လည်း ဖြစ်၏။

"သွားရမှာပေါ့ ထက်ထက်ရယ်၊ ဘာအကြောင်း ကိစ္စပဲရှိရှိ ဖွဲ့ကိုတော့ အားပေးရင်း ဖွဲ့ စာမေးပွဲအခြေ အနေကို သိရအောင် သွားတွေ့ရမှာပေါ့"

"သွားလိုက်ပါ မမမွန်ရယ်၊ ဒီတိုင်းပဲ မသိဟန် ဆက်ဆောင်ပြီး သူပြောတာတွေကို နားထောင်ပေး လိုက်ပါ၊ မမမွန်နဲ့ နှစ်ယောက်ချင်းတွေ့ကြမှာမို့ ထက်ထက် မလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့အဖို့ ကျောင်းဖျက်လိုက်ရသလို၊ ကိုကျော်ဇင်ငြိမ်းနှင့် တွေ့ရဖို့လည်း မသေချာတော့ပေ။

ကိုကျော်ဇင်ငြိမ်းတစ်ယောက်ကတော့ သူမ,အလာကို စောင့်နေမှာ သေချာ၏။

ꩠ ꩠ

ဆယ်တန်းအောင်ပြီးကတည်းက ကျောင်းကြီးဆီသို့ အရောက်ပေါက်နည်းခဲ့တာ အမှန်ပင်ဖြစ်၏။

ကျောင်းဝင်းအတွင်းမှာ ကျောင်းဆောင်သစ်တစ်ခုပင် ထပ်တိုးနေ၏။

ကျောင်းရှေ့သို့ သူမ,ရောက်သွားချိန်မှာတော့ စာမေးပွဲ ဖြေနေကြတုန်းပင် ရှိသေး၏။ စာမေးပွဲအပြီးကို လာစောင့်နေကြ သော မိဘအသိုင်းအဝိုင်းများသာ ရှိနေကြ၏။

ဖွဲ့ရှိနေမည်ဆိုသော လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်မထိုင် သေးဘဲ ကျောင်းအထွက်ပေါက်နားမှာပင် အများနည်းတူရောပြီး ရပ်စောင့်နေလိုက်မိသည်။

ဆယ့်ငါးမိနစ်ခန့်စောင့်ပြီးတော့ စာမေးပွဲဖြေဆိုခြင်း

www.burmeseclassic.com

BURMESE CLASSIC .com

အချိန်ပြည့်သွား၏။

လွတ်လပ်ပေါ့ပါးစွာ ထွက်လာကြသော ကျောင်းသားကျောင်းသူများ၏ မျက်နှာလေးတွေကိုကြည့်ရင်း ကြည်နူးမိသည်။

သူမရပ်စောင့်နေသည်ကို ဖွဲ့က မမြင်။ ဖွဲ့ထွက်လာသည်ကိုတော့ သူမက လှမ်းလို့မြင်၏။

"ဖွဲ့"

ခေါ်သံကြောင့်ပင် ဝမ်းသာခြင်းအပြည့် ဖြစ်နေသော ဖွဲ့မျက်နှာလေး ကြောင်အမ်းအမ်း ဖြစ်သွားရှာသည်။

"အမွန်က စောရောက်နေတယ်"

"ဟုတ်တယ် ဖွဲ့၊ ဆိုင်ထဲမှာ ဝင်မထိုင်ချင်သေးတာနဲ့ စာမေးပွဲက လွတ်မြောက်ခွင့်ရလာတဲ့သူတွေကို ကြည့်ပြီး အားပေးချင်လို့ ရပ်ကြည့်နေလိုက်တာလေ"

"ဖွဲ့ကြွယ်ဝှက်ထားခဲ့တဲ့အတွက် ခွင့်လွှတ်ပါ အမွန်ရယ်"

"ဘာခွင့်မလွှတ်စရာ ရှိလို့လဲ ဖွဲ့၊ ဖွဲ့က မကောင်းတာ လုပ်နေတာမှ မဟုတ်ဘဲ"

ဖွဲ့တစ်ယောက်တည်း စာမေးပွဲကြောင့် မောပန်းနွမ်းနယ်နေမှာ သေချာ၏။


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဆိုင်ထဲသို့ အတူဝင်လိုက်ကြပြီး ဇွဲအတွက် အအေးပုလင်း မှာပေးလိုက်သည်။

"ဇွဲ စာမေးပွဲပြန်ဖြေတာကို ဘယ်သူမှ မသိစေချင်တာက တခြားတော့ မဟုတ်ပါဘူး၊ အားလုံးက ဘာစိတ်ရှုပ်ပေါက်ပြီး အခုမှ ထကြောင်တာလည်း မသိဘူးလို့ ကဲ့ရဲ့ကြမှာစိုးလို့ပါ၊ ဒါကြောင့်ပဲ ကိုကျော်ဇင်ငြိမ်းနဲ့ နှစ်ယောက်တိုင်ပင်ပြီး ဘယ်သူမှမသိ အောင်နေခဲ့မိတာ၊ ဒီနေ့တော့ အမွန်ကို ဒီအကြောင်း တွေသိစေချင်တာရယ်၊ ပြီးတော့ အမွန့်ကို ပြောပြ စရာတွေရှိတာကြောင့် စာရေးပြီး ချိန်းလိုက်တာပဲ"

"ဇွဲ စာမေးပွဲ ပြန်ဖြေတဲ့အတွက် ကဲ့ရဲ့ကြမယ့်သူတွေထဲမှာ အမွန်တို့ ဘယ်ပါပါ့မလဲ၊ ထားပါလေ၊ ဇွဲ စာမေးပွဲပြန်ဖြေတဲ့အတွက်ပဲ ဝမ်းသာလှပြီ၊ ဇွဲကောင်းကောင်းဖြေနိုင်ရဲ့လားဟင်"

ဆယ်တန်းကို နှစ်ခါဖြေပြီး ဇွဲ ဆက်မဖြေတော့ပေ။ ဇွဲတစ်ယောက် စာတွေနှင့်ခပ်ဝေးဝေးနေခဲ့သည်မို့ ပင်ပန်းမည်ဆိုတာကို သိသည်။

"ဖြေနိုင်တယ် အမွန်၊ ဇွဲ အားလုံးဖြေနိုင်တယ်၊


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အောင်မှာလည်း သေချာတယ်လို့ ပြောရဲတယ်”

ဖွဲ၏စကားတွေ၊ ဟန်ပန်တွေကိုကြည့်ပြီး အပြည့်အဝ သူမ ယုံကြည်မိသည်။ စာမေးပွဲနှင့် ပတ်သက်ပြီး ဒီလိုကျေနပ်အားရမှုမျိုး ကို ဖွဲ့ထံမှ ပထမဆုံး မြင်ခွင့်ကြားခွင့်ရခြင်းကြောင့်ဖြစ်၏။

“ဝမ်းသာလိုက်တာ ဖွဲ့ရယ်၊ ဖွဲ့ အခုလို အမြင် တွေပြောင်းသွားတာ ကိုကျော်ဇင်ငြိမ်းကျေးဇူး မနည်း ဘူး၊ အမွန်တော့ ဖွဲ့ကိုယ်စား ကျေးဇူးတင်မိတယ်”

“ဟုတ်တယ် အမွန်၊ ကိုကျော်ဇင်ငြိမ်းနဲ့ တွေ့ခွင့် ခင်ခွင့်ရလိုက်တာ အရမ်းကံကောင်းတာပဲ”

ကိုကျော်ဇင်ငြိမ်းအကြောင်းဆီ ရောက်သွားမှာ သတိရ လိုက်သည်။ နာရီကိုကြည့်လိုက်မိသည်။

အခုချိန်ဆို . . . သူမ ရောက်လာတော့မလားဆိုပြီး ကိုကျော်ဇင်ငြိမ်းစောင့်နေရှာမှာ သေချာ၏။

“ဖွဲ့ကတော့ ရှေ့လျှောက် တကယ့်ကိုယောက်ျား ကောင်းတစ်ယောက် ဖြစ်ရုံမကဘူး၊ ဖွဲ့ဘဝကို ဖွဲ့ တည် ဆောက်နိုင်တော့မှာပဲ၊ အမွန် အဲဒီလိုယုံတယ်ဖွဲ့”

“အမွန် ယုံသလို ဖွဲ့ ကြိုးစားမှာပါ၊ ပြီးတော့လေ အမွန့်ကို ဖွဲ့ ပြောချင်သေးတယ်”


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သူမဆီမှာ ဖွဲ့က ခွင့်တောင်းနေပြန်၏။ ဘာစကားပြော ချင်သည်ကို မရိပ်စားမိ။

“ပြောလေ ဖွဲ့ . . . ဖွဲ့ ပြောစရာရှိတာကို ဒီလိုပဲ ဖွဲ့ပြောနေကြပဲ၊ ဘာလို့ အခုမှ အထူးအဆန်းလုပ်ပြီး ခွင့်တောင်းနေတာလဲ”

“ခွင့်တောင်းရမယ် အမွန်၊ အခုပြောမယ့်စကား က အရင်တုန်းက ပြောခဲ့ဖူးတဲ့ စကားဆိုပေမယ့် အခု ချိန်မှာ ပြောရတာက တကယ့်ကို လေးနက်နေလို့ပဲ၊ အရင်တုန်းက အခြေအနေတွေလိုပဲ လို့ အမွန့်စိတ်ထဲ ထင်သွားမှာစိုးလို့လေ”

“ပြောပါ ဖွဲ့”

“အမွန့်ကို ဖွဲ့ အရမ်းချစ်တယ်၊ ဖွဲ့လေ အမွန့် အတွက်ပဲ ဘဝတစ်ခုကို ပီပြင်အောင် ကြိုးစား ထူ ထောင်မယ်၊ အမွန့်လက်ကိုတွဲပြီး လူတကာ အားကျ ချင်လာအောင် ဖွဲ့လုပ်ပြချင်တယ်”

“အမွန်ကို အရမ်းချစ်တာပဲ” ဟု ကြိမ်ဖန်ထပ်မျှ အမြဲလိုလို ကြားနာဖူးခဲ့၏။ အခုအချိန်မှာ ဖွဲ့ပြောလိုက်တော့ ရင်ထဲမှာ ဖွဲ့ကို သနားသွားမိ၏။


www.burmeseclassic.com

www.burmeseclassic.com

"အမွန့်ကို ဖွဲ့ချစ်တာက အခုမှ မဟုတ်ဘဲ၊ နှစ်တွေကြာခဲ့ပြီပဲ ဖွဲ့"

"ဟုတ်တယ်၊ ဖွဲ့ပြောခဲ့တာ အကြိမ်မနည်းတော့ဘူး၊ ဒါပေမဲ့ တစ်ခါမှလည်း ချစ်တယ်လို့ အမွန်ပြန်မဖြေခဲ့ဘူး၊ ဖွဲ့ရဲ့အနေအထိုင်၊ ဖွဲ့ရဲ့ဘဝအခြေအနေကြောင့် ချစ်တယ်လို့ပြောဖို့ တွန့်နေတာလား အမွန်"

သံယောဇဉ်ဖြစ်ရုံမှတစ်ပါး သူမန္တလုံးသားကတော့ ဖွဲ့ကို တောင်းဆိုခြင်းမရှိပေ။

ကိုကျော်ဇင်ငြိမ်းဆိုသော သူသာ မပေါ်ပေါက်ခဲ့ရင် ဖွဲ့အတွက် ဒီလောက် ကုသိုလ်ကံဆိုးမှာ မဟုတ်ပေ။

"ကောင်းပြီ ဖွဲ့၊ ဖွဲ့ အရမ်းချစ်တယ်လို့ ဟိုတုန်းက အကြိမ်ပေါင်းထပ်မံ့ ပြောခဲ့တယ်၊ အမွန် မဖြေခဲ့ဘူး၊ ဖွဲ့ကို သံယောဇဉ် ရှိတယ်၊ ချစ်ဖို့ဆိုတာက မဖြစ်နိုင်ဘူးလို့ ဖြေခဲ့တာချည်းပဲ၊ အခု ဖွဲ့ပြောတဲ့အချိန်မှာလည်း ချစ်ပါတယ်လို့ အဖြေမပေးနိုင်ဘူး ဖွဲ့"

"ဘာဖြစ်လို့လဲ အမွန်၊ ချစ်တယ် မချစ်ဘူးဆိုတာလောက်တော့ အမွန် ဖြေနိုင်ရမှာပေါ့၊ ဖွဲ့တို့ဖြစ်ခဲ့ကြတဲ့ သံယောဇဉ်သက်တမ်းက နည်းနည်းနောနောမှ


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ကြဘဲ”

“ဒါကြောင့်ပဲ ခက်တာပေါ့ ဖွဲ့၊ အခုချိန်မှာ ကွဲကွဲပြားပြား တစ်စုံတစ်ခုကို အဖြေပေးလိုက်ရင် ဖွဲ့နိမ့်ပါးတဲ့အချိန်၊ မပြည့်စုံသေးတဲ့အချိန် ဖြစ်နေတယ်၊ ဒီတော့ ဖွဲ့ရယ် ဖွဲ့ဖြစ်ချင်တာတွေ ဖြစ်လာအောင် ကြိုးစားပါ၊ အဲဒီအချိန်မှာ အမွန့်ဆီကနေ ဖွဲ့ အဖြေတစ်ခုခု ရမှာပါ”

“ကောင်းပြီ အမွန်၊ ဖွဲ့ ကြိုးစားမယ်”

“တစ်ခုတော့ရှိတယ် ဖွဲ့၊ ဒီစကားကို ဖွဲ့မှတ်ထားပါ၊ ဖွဲ့ကို ကြိုးရှည်ရှည်နဲ့ တမင်ဖြားယောင်းတာ မဟုတ်ဘူးနော်၊ အဲဒီလိုဖြစ်ရအောင်လည်း ဖွဲ့နဲ့ အမွန်တို့က အခုမှ တွေ့ကြဆုံကြတာ မဟုတ်ဘူး၊ ဖွဲ့ အခုအခြေအနေကနေပြီး မြင့်မားတဲ့ ပြည့်စုံတဲ့အခြေအနေရောက်ခဲ့မှ အမွန့်ဆီက ကြားရမယ့်အဖြေစကားက အမှန်တရားနဲ့ ပိုနီးမှာမို့ပဲ ဖွဲ့၊ ပြီးတော့ အချစ်ဆိုတာကိုလည်း အဲဒီအချိန်ကျမှ ထပ်ပြီး ဖွဲ့နဲ့ အမွန်တို့ ဆွေးနွေးအဖြေရှာကြတာပေါ့၊ ဟုတ်ပြီလား”

သူမ,ပြောသောစကားတွေကို ဖွဲ့တစ်ယောက် အသေ


www.burmeseclassic.com

www.burmeseclassic.com

အချာနားလည်ပါ့မလား။

သံယောဇဉ် ရှိကြရုံမျှဖြင့် ချစ်သူတွေဖြစ်ဖို့ဆိုတာ မလွယ်ကူမှန်းကို တစ်နေ့သောအခါတော့ ဖွဲ့ နားလည်ကောင်းမည် ထင်၏။

ဖွဲ့လိုချင်တပ်မက်သော ချစ်ခြင်းတရားကို သူမနှလုံးသားက မပေးစွမ်းနိုင်သည့်အတွက်တော့ ကရုဏာဖြစ်နေမိလေ၏။

⓪ ⓪

www.burmeseclassic.com

www.burmeseclassic.com

၃။

ဖွဲ့အတွက်ကတော့ ကောင်းတာတွေ ဆက်တိုက်ဖြစ်ချင်လာလို့ အဆိုးဆုံးကို တွေ့ကြုံရခြင်းလားတော့ မသိ။

ဖွဲ့တို့ အောင်စာရင်းတွေ ထွက်ခါနီးမှာပင် ဖွဲ့အဖေ ဆုံးသွားခဲ့၏။ ဖွဲ့နှင့်ထက်ထက်သူတို့အတွက်တော့ ပိုပြီးအကျပ်အတည်းတွေ တွေ့ရတော့မည်ဆိုတာကို သူမတို့တွေ နားလည်ထားကြသည်။

ဖွဲ့တို့မောင်နှမ၏ အမွေရပိုင်ခွင့် ပြဿနာတွေကလည်း ပိုမိုရှုပ်ထွေးလို့လာသည်။

အရင်အခြေအနေအတိုင်းသာဆိုရင်တော့ ဖွဲ့တစ်ယောက်ပွဲကြမ်းမှာသေချာသည်။ သူမရော၊ ကိုကျော်ဇင်ငြိမ်းပါ ဝိုင်းထိန်း



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ပေးကြသောကြောင့် ခြေလွန်လက်လွန်တွေဖြစ်အောင် ဖွဲ့ မလုပ်ပါ ခြင်းပေပဲ။

ဆယ်တန်းအောင်စာရင်းတွေထွက်တော့ တကယ်ပင် ဖွဲ့ တစ်ယောက် စာမေးပွဲအောင်ခဲ့၏။

"ဟယ် . . . ကြည့်စမ်းပါဦး၊ ဖြတ်သွားဖြတ်လာ
ရင်း ရုတ်တရက်ဆုံဖြစ်ရင် ဖွဲ့လို့တောင် ဒေါ်ဒေါ်
မှတ်မိမှာ မဟုတ်ဘူး"

သူမအဝတ်အစားလဲနေစဉ်မှာပင် အိမ်ရှေ့ဆီမှ စကားပြောသံတွေကို ကြားလိုက်ရ၏။

ဒီနေ့ အောင်စာရင်းထွက်သည်ပဲ၊ အဝတ်အစား အမြန်လဲပြီး ဖွဲ့ကို ထွက်တွေ့လိုက်သည်။

ဖွဲ့ကို မြင်မြင်ချင်းမှာပင် တအံ့တသြဖြင့် ချီးမွမ်းမိသည်။

"စောစောက မေမေပြောတာကို ကြားသာကြား
လိုက်ရတာ၊ အခုမှ အမွန်ကိုယ်တိုင် တွေ့ရတော့တယ်၊
လည်ကတုံးအဖြူ နဲ့ ဂန့်ဂေါ်အဆင်နဲ့ သိပ်လိုက်တာပဲ၊
ဆံပင်ကို ကြည့်ကောင်းအောင် ညှပ်လိုက်တော့ ဖွဲ့က
တကယ်သားနားတယ်"

"ဒီနေ့ ဘာနေ့လဲ အမွန်၊ ပြီးတော့ ဘာအတွက်


www.burmeseclassic.com

www.burmeseclassic.com

ကြောင့်  ဆံပင်ညှပ်မယ်လို့ ဘယ်သူ့ကို ပြောခဲ့ဖူးလဲ”

ဖွဲ့ပြောလိုက်သော စကားကြောင့်ပင် ထခုန်မတတ် ဝမ်းသာသွားမိသည်။

ဖွဲ့ပြောဖူးသည်ပဲ။ ဆယ်တန်းအောင်ခဲ့ရင် ကိုကျော်ဇင်ငြိမ်းဖြစ်စေချင်သလို ဖွဲ့ရဲ့ဆံပင်ရှည်တွေကို ညှပ်ပစ်မယ်ဆိုတဲ့စကား။

“ဒါဆို ဖွဲ့ တကယ်စာမေးပွဲအောင်ပြီပေါ့နော်”

“သမီးရယ် . . . စာမေးပွဲအောင်တယ်ဆိုမှ တကယ်မအောင်ဘဲ ရှိပါ့မလား၊ အေးကွယ် . . . ဖွဲ့ဖေဖေသာ ရှိနေသေးရင်တော့ မင်းအတွက် ကျိတ်ပြီး ဝမ်းသာစကားပြောမှာ သေချာတယ်”

မေမေကတော့ ဖွဲ့ဖေဖေ ဆုံးသွားသည့်ကိစ္စအတွက် စိတ်မကောင်းဖြစ်သွားပုံရသည်။ သူမနှင့်ဖွဲ့တို့ကို ထားခဲ့ပြီး မီးဖိုချောင်ထဲ ဝင်သွား၏။

“ဖွဲ့ရဲ့အောင်မြင်မှုအတွက် မုန့်တဝ ဝယ်ကျွေးရမယ်နော် ဖွဲ့”

“ဒီနေ့တော့ မကျွေးနိုင်ဘူး အမွှန်”

“ဘာဖြစ်လို့လဲ ဖွဲ့”

“စာမေးပွဲအောင်တဲ့နေ့မှာပဲ  ပွဲရုံမှာ  အလုပ်

www.burmeseclassic.com

တစ်ခုရဖို့ ကိုကျော်ဇင်ငြိမ်းက ပြောပေးမယ်လို့ ကတိပေးထားတယ်၊ ဖွဲ့ အလုပ်ဝင်နိုင်ဖို့ ဒီနေ့ပဲ သွားတွေ့ရမှာ၊ ကိုကျော်ဇင်ငြိမ်းက ပြောပြီးဆိုပြီးသား ဖြစ်နေပြီ၊ အမွှန် ဝမ်းသာရအောင်လို့ ဝင်ပြောတာလေ၊ နောက်နေ့မှ အမွှန့်ကိုရော ကိုကျော်ဇင်ငြိမ်းကိုပါ ဖွဲ့ ပြုစုပါ့မယ်”

“ဖွဲ့က စာမေးပွဲအောင်တာနဲ့ အလုပ်ချက်ချင်းဝင်လုပ်မှာဆိုတော့ တက္ကသိုလ်ဆက်မတက်တော့ဘူးလား”

“ဖွဲ့အနေနဲ့ အဝေးသင်ပဲ တက်မယ်၊ ညီမလေးက ဆေးကျောင်းသူ၊ သူ့အတွက် ငွေ့ရမှာပေါ့၊ ဖွဲ့ကိုလည်း . . . ကိုကျော်ဇင်ငြိမ်းက စီးပွားရေးသမားတစ်ယောက် ဖြစ်စေချင်တာလေ”

ဖွဲ့အသိ၊ ဖွဲ့ဘဝလမ်းတွေကို ကိုကျော်ဇင်ငြိမ်းက စေတနာတွေဖြင့် လမ်းခင်းပေးနေမှန်း သိသာနေ၏။

“ဒီအတိုင်းဆိုရင်တော့ ဖွဲ့တစ်ယောက် လုပ်တိုင်းဖြစ်ပြီး အောင်မြင်မှုတွေ ရနေမှာပဲလို့ အမွှန်ယုံတယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ရမယ်ဆိုတဲ့စိတ်နဲ့ ကြိုးစားနေတာပဲ အမွန်ရယ်၊ ဘာအခက်အခဲကိုမဆို ဖွဲ့ကြံ့ကြံ့ခံရဲတယ်၊ ဖွဲ့ဘဝမှာ အမွန့်တစ်မျက်နှာကိုသာ အမြဲတမ်းတွေ့နေရပါစေ၊ ဖွဲ့ ဘာကိုမှ ကြောက်ရွံ့မိမှာ မဟုတ်ဘူး"

"အောင်မြင်ပါစေ ဖွဲ့ရယ်"

သူမအတွက် ရည်ရွယ်ပြီး ဖွဲ့တစ်ယောက် အပြင်းအထန် ကြိုးစားပြုမူနေရ၏။

အချိန်တန်ခဲ့ရင်တော့ ဖွဲ့ ရင်ကွဲရကိန်းမျိုးများ ကြုံရလေမလားမသိ။ အခုချိန်ထိတော့ သူမနှင့်ကိုကျော်ဇင်ငြိမ်းတို့ အခြေအနေကလည်း ရှေ့မတိုးသာဘဲ ရှိနေသေး၏။

❧ ❧

"တစ်နေ့ထက်တစ်နေ့ ကျော်ဇင်ငြိမ်း ဘာတွေ လုပ်နေသလဲဆိုတာကို မတွေးတတ်အောင်ပဲ အမွန်၊ ပြီးတော့ ကျော်ဇင်ငြိမ်းရဲ့စိတ်ကို နားလည်ရပိုခက်လာတာ အမှန်ပဲ"

သူမနှင့်ဆရာကိုခင်ဝင်း နှစ်ယောက်တည်းအဆုံမှာ ပွင့်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ထွက်လာသောစကား။ ဆရာကိုခင်ဝင်းကတော့ သူမနှင့်ကိုကျော်ဇင်ငြိမ်းအကြောင်းကို အတွင်းသိသူတစ်ဦးဖြစ်၏။

"ဟုတ်တယ် ဆရာကိုခင်ဝင်း၊ သူ့အမူအရာတွေအရရော ဆက်ဆံရင်းနှီးခဲ့တာတွေအရရော၊ ဆရာကိုခင်ဝင်းပြောတဲ့ စကားတွေအရပါ အမွန်စောင့်နေခဲ့ရတာ၊ ကြာလာတော့ သူ . . . တကယ်ပဲ အမွန့်ကို မြတ်နိုးရဲ့လားဆိုတာကိုတောင် သံသယဖြစ်ချင်မိလာတယ်"

သူမအနေဖြင့် ရင်ဖွင့်စရာဆိုလို့ ဆရာကိုခင်ဝင်းသာ ရှိ၏။ မိန်းမချင်း မဟုတ်ခဲ့ပေမယ့် သူမတို့အကြောင်းကို သိနေနားလည်နေသောကြောင့် ပွင့်လင်းစွာပြောဆိုမိသည်။

"နင့်ကို မြတ်နိုးတာ၊ ချစ်နေတာကတော့ သံသယဖြစ်စရာ မရှိဘူး အမွန်၊ ဒီအကြောင်းတွေကို ငါ အသိဆုံးပဲ အမွန်"

ဆရာကိုခင်ဝင်းစကားကြောင့်ပင် မဲ့ပြုံးပြုံးပြီးမှ . . .

"ဒါဆိုလည်း . . . ဘာဖြစ်လို့ ကာယကံရှင် အမွန့်ကို ဒီနေ့အထိ ဖွင့်မပြောသေးတာလဲ"

"ငါ့အမြင်ကတော့ ဖွဲ့ထက်ကြောင့်ပဲ သူ့နှုတ်တွေ


www.burmeseclassic.com

www.burmeseclassic.com

အ, နေခဲ့တာ”

“ဖွဲ့နဲ့ ဘာဆိုင်လို့လဲ ဆရာကိုခင်ဝင်းရယ်”

ဖွဲ့ကြောင့်ဆိုတာကိုတော့ သိပ်ပြီးဘဝင်မကျချင်။ သူမနှင့် ဖွဲ့အနေအထားကို စတွေ့ကြကတည်းက မကွယ်မဝှက် ပြောပြခဲ့ပြီး ပြီပဲ။

“ဆိုင်တယ် အမွှန် ဆိုင်မှ သိပ်ကိုဆိုင်နေတာ”

“ပြောပြပါလား ဆရာကိုခင်ဝင်း”

“ဖွဲ့ထက်ကြောင့်ပဲ နင်နဲ့ဆုံဖြစ်ခဲ့ကြတာ၊ နင်တို့ အကြောင်းကို သူသိတယ်၊ ပထမတုန်းကတော့ ဖွဲ့ထက် မိုက်ရိုင်းမှာကို သူ မကြောက်ခဲ့ပါဘူး၊ နင့်ကိစ္စ ကို ဖွဲ့ထက်ကြောင့် နောက်ဆုတ်လိုက်ဖို့ ငါသတိပေးဖူး တယ်၊ သူနောက်မဆုတ်ဘူးလို့ ခါးခါးသီးသီး ငြင်းခဲ့ တာပဲ၊ ဖွဲ့ထက်က သူ့ဆီလာတယ်၊ ဖွဲ့ထက်ဘဝကို သိပြီး ဖွဲ့ထက် လိမ္မာလာအောင် သူလုပ်ယူတယ်၊ ငါ ထင်ထားတာက နင်နဲ့ အနေနီးရဖို့ ဖွဲ့ထက်ကို အရ သိမ်းသွင်းတယ်လို့ထင်တာ၊ အခုတော့ဟာ . . ဖွဲ့ထက် ကို လိုတာထက်တောင် သူက ပိုပြီး ပံ့ပိုးမှုတွေ လုပ်ပေး နေတော့တာပဲ”

www.burmeseclassic.com

BURMESE CLASSIC .com

"ထားပါ၊ ဒီအထိ ဘာဆိုင်သေးလို့လဲ"

"ဖွဲ့ထက်ကို နှင် သံယောဇဉ်ရှိတယ်၊ နှင် ပြန်မချစ်နိုင်တာ က ဖွဲ့ထက်ပေနေဆိုးနေလို့၊ ပြီးတော့ ရေရေရာရာဘဝနဲ့ မဟုတ်လို့ ဆိုပြီး သူပြောဖူးတယ်၊ သံယောဇဉ်ချင်း ယှဉ်ကြတဲ့အခါမှာ သူက ရှုံးမှာတဲ့၊ ပြီးတော့ နှင့်စိတ်ကို သူ မယုံတာလည်းပါမယ်၊ ဖွဲ့ထက်အခုလိုလိမ္မာပြီး အခြေတကျဖြစ်လာခဲ့ရင် နှင့်အတွင်းစိတ်က ဘာဖြစ်လာမလဲဆိုတာ သူသိချင်တယ်၊ ပြီးတော့လည်း နှင်တို့နှစ်ယောက်ရဲ့ ရှိပြီးသား သံယောဇဉ်ကို သူက အတင်းဝင်ပြီး နှင့်ကို ဆွဲထုတ်သွားသလိုမျိုး ဖြစ်မှာကိုလည်း သူကြောက်နေပုံပဲ"

ဒီတစ်ခါ သက်ပြင်းချရသူကတော့ သူမပဲ ဖြစ်တော့၏။

ဒီအတိုင်းသာ ဆက်သွားနေရင်တော့ စိတ်ရှုပ်နိုင်တော့မှာ မဟုတ်ပေ။

"အဲဒီအတွေးတွေက တစ်ခုမှ မဟုတ်ဘူး ဆရာကိုခင်ဝင်း၊ ဘာလဲ . . . အမှန်က မိန်းကလေးဖြစ်ပြီး ချစ်ပါတယ်လို့ စပြီးပြောရတော့မှာလား . . . ဆရာကိုခင်ဝင်း"



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ဟာ . . အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒီကောင်က တွေးတာများတယ် အမွှန်၊ ဒါကြောင့် စပြောကတည်းက ဒီကောင့်ကို နားမလည်တော့ဘူးလို့ ငါစကားခံခဲ့တာပေါ့၊ သူကိုယ်တိုင်ကလည်း နင်ပြုံပြင်မှာကို မလိုလားပါဘူး"

"အင်းပေါ့လေ . . . လူတစ်ယောက်ဆီက ချစ်တယ်ဆိုတဲ့ စကားကိုကြားရဖို့ ဝဠ်ကြွေးအရတော့ အမွှန် စောင့်ဆိုင်းရဦးမှာပေါ့"

မိန်းမမာနကို ထိပါးသလိုလို ပုံစံမျိုးဖြစ်အောင် ပိုပိုသာသာ ပြောဖြစ်လိုက်သည်။ ဒီလိုပြောမှလည်း ဒီစကားတွေက ဆရာကိုခင်ဝင်းကတစ်ဆင့် ရောက်သွားမှာ သေချာသည်ပဲ။

"ငါကပဲ အကျိုးဆောင်လက်စနဲ့ ဆက်ပြီး ဆောင်ရွက်ပေးပါ့မယ်၊ သူ နင့်ကို မကြာခင်မှာ တရားဝင်ဖွင့်ပြောလိမ့်မယ်လို့ ငါ ရဲရဲအာမခံတယ် အမွှန်"

"အမွှန်ကတော့လေ . . . ဘဝမှာ ဒီတစ်ကြိမ် ပထမဆုံးပဲ ယောကျ်ားတစ်ယောက် ပြောလာမယ့် နှုတ်ထွက်စကားကို သည်းခံ စိတ်ရှည်စွာနဲ့ စောင့်ဆိုင်းရတော့မှာပဲ"


www.burmeseclassic.com

BURMESE CLASSIC .com

သူမ၏ညည်းညူမှုတွေကတော့ ကြားလူမှတစ်ဆင့် သူ့ထံသို့ ရောက်သွားမှာ သေချာနေ၏။

အခြေအနေအရ ပေးအပ်သော အခွင့်ရေးတွေကိုတော့ သူမဘက်က အသုံးချခဲ့ပြီးပြီ။ ဖွင့်မပြောဘဲ သိနေပါလျက် သူ့နှုတ်ထွက်စကားတစ်ခွန်းကြောင့်သာ နှလုံးသားချင်း အလှမ်းဝေးနေရခြင်းပါလေ။

⓪ ❦❦ ⓪

www.burmeseclassic.com

# ၄။

တစ်နေ့နေ့ ပြောလာလေမလား . . . ဟု မျှော်လင့်စောင့်စားနေစဉ်မှာပင် နွေရာသီကျောင်းပိတ်ရက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပြန်သည်။ အလှူကိစ္စကြောင့် မုံရွာသို့ သုံးရက်လောက်ကို သူပြန်သွားသည်။

မိန်းမသားတစ်ယောက်၏ဘဝကိုတော့ စာနာနားလည်သင့်လောက်ပြီ။

“မမမွန် . . . မမမွန် . . . ဒေါ်ဒေါ်”

အတွေးတွေဖြင့် တစ်ယောက်တည်း အိပ်ရာထက်မှာ လှဲနေတုန်း အလန့်တကြားဖြင့် ထက်ထက်သူ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လာရတာတုန်း ထက်ထက်ရယ် . . .
မထိတ်သာ မလန့်သာနဲ့ကွယ်"

"ဒုက္ခတွေ များကုန်ပြီ ဒေါ်ဒေါ်ရယ် . . မမမွန်
တစ်ယောက်ရော မရှိဘူးလား"

ကပိုကရိုနှင့်ပင် အိမ်ရှေ့သို့ အမြန်ထွက်လိုက်ရသည်။

ထက်ထက်သူကတော့ စိုးရိမ်ပူပန်ခြင်းနှင့်တကွ မျက်ရည်တွေ ဝေနေ၏။

"ဘာဖြစ်တာလဲ ထက်ထက်၊ ဖွဲ့တစ်ယောက် ဘာ
ပြဿနာ ဖြစ်ပြန်ပြီလဲ"

ဒီလိုအသံတွေ၊ ဒီလိုမြင်ကွင်းတွေက ဖွဲ့နှင့်ပတ်သက်ပြီး ကြုံခဲ့ရပေါင်းများပြီ။ ထက်ထက်သူပုံစံကိုကြည့်ပြီး ဖွဲ့ ပြဿနာ ဖြစ်ပြီဆိုတာကို သိလိုက်၏။

"ကိုကိုဖွဲ့ကို ရဲတွေလာဖမ်းသွားကြပြီ"

"ဘာဖြစ်လို့လဲ၊ ဘယ်သူနဲ့ရန်ဖြစ်လို့လဲ၊ ဒီလိုမျိုး
မဖြစ်တာ ကြာပြီပဲ မဟုတ်လားကွယ်"

မေမေကတော့ ဖွဲ့လိမ္မာနေပြီမို့ ဝမ်းသာနေသူဖြစ်၏။ ဖွဲ့တစ်ယောက်ကတော့ ရန်ဖြစ်တာ ဝါသနာပါနေတာပဲ ဖြစ်ရမည်။ ချီးမွမ်းလို့မှ မဆုံးခင် ဖွဲ့တစ်ယောက် ယောက်မမြင်းစီးထွက်ပြပြန်ပြီ


www.burmeseclassic.com

BURMESE CLASSIC .com

ထင်၏။

"ရန်ဖြစ်တာတော့ ဟုတ်တယ်၊ ရိုက်လိုက်တာလည်း ခေါင်းကွဲသွားတယ်၊ ဒါပေမဲ့ တခြားလူစိမ်း မဟုတ်ဘူး၊ အိမ်က အစ်ကိုတွေနဲ့ ဖြစ်ကြတာ၊ ကိုကိုဇွဲက တစ်ယောက်တည်း သူတို့က နှစ်ယောက်၊ ကိုကိုဇွဲ တုတ်နဲ့ရိုက်လိုက်တာ အစ်ကိုကြီး ခေါင်းကွဲသွားတယ်၊ သူတို့ အမှုသွားဖွင့်လို့ ရဲတွေက လာဖမ်းသွားတာ"

"ဘယ်နေ့ကဖြစ်တာလဲ ထက်ထက်"

"မနေ့ညတုန်းကဖြစ်တာ၊ အခုမနက်မှ စခန်းကို လာခေါ်သွားတာလေ"

"ဘာလဲ . . . မဆုံးနိုင်တဲ့ အမွေကိစ္စနဲ့ပဲ စကားများကြပြန်တာမဟုတ်လား ထက်ထက်၊ ရန်ကြည့် ရှောင်ပါ၊ ဘာမှ အလွန်အကျွံ မဖြစ်ပါစေနဲ့လို့ ငါတို့တွေ အတန်တန် သတိပေးစကားပြောနေတဲ့ကြားက ဟာ၊ ဒုက္ခပဲ . . . အခုလောလောဆယ်မှာလည်း ဆရာကိုခင်ဝင်းရော ကိုကျော်ဇင်ငြိမ်းပါ မုံရွာ ခဏ သွားကြတာ၊ မနက်ဖြန်လောက်မှ ပြန်ရောက်မယ် ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့တစ်ယောက် ခဏခဏဖြစ်သည်။ အချုပ်ခန်းကို ခဏ ခဏ ရောက်ဖူး၏။ ဒီတစ်ခါလည်း အရင်အခါတွေလိုပဲ ဘယ်လောက်အချုပ်ခံရဦးမည် မသိပေ။ အရင်တုန်းကတော့ ပြဿနာမရှိ။ အခုအခြေအနေမှာ ဖွဲ့က အလုပ်နှင့်အကိုင်နှင့် ဖြစ်နေ၏။

"အခုဖြစ်တဲ့ကိစ္စက အမွေနဲ့ တိုက်ရိုက်မဆိုင်ဘူး၊ ထက်ထက်နဲ့ပတ်သက်ပြီး ဖြစ်ရတာ၊ ပြီးတော့လည်း ကိုကိုဖွဲ့ လွန်တာလို့ မမမွန် အရမ်းအပြစ်မတင်ပါနဲ့"

အချုပ်ခန်းသို့ ဖွဲ့တစ်ယောက် ရောက်လေတိုင်း ထက်ထက်သူက အိမ်လာပြီး အကူအညီတောင်းစမြဲ။ ပြီးတော့ အစ်ကိုဖြစ်သူ ဆိုးကြောင်းကို အပြစ်ဆိုဆဲပင်။ အခုတော့ ထက်ထက်သူက ဖွဲ့ကို အပြစ်တင်မစောဖို့ ပြောနေ၏။

"ဟုတ်သားပဲ သမီးရယ် . . . ဖွဲ့က လိမ္မာနေပြီပဲ၊ အခုကိစ္စဖြစ်ရတာက ဟိုဘက်က ဘယ်လောက်တောင် လွန်လွန်ကဲကဲ လုပ်လာကြလဲမှ မသိတာပဲ"

"ပြောပြပါဦး ထက်ထက် . . . ထက်ထက်နဲ့ ပတ်သက်ပြီး ဘယ်ကနေ ဘယ်လိုဖြစ်ကြရတာလဲ"

"ဒီလိုဖြစ်တာ မမမွန် . . . အစ်ကိုလတ်ရဲ့


www.burmeseclassic.com

မိန်းမမွေနေတာ၊ ထက်ထက်တို့ကို အမွေခွဲပေးမယ်၊ ဒါပေမဲ့ ထက်ထက်က သူ့မောင်တစ်ဝမ်းကွဲတစ်ယောက်နဲ့ လက်ထပ်ရမယ်၊ ကိုကိုဇွဲကို အနည်းအကျဉ်းပဲပေးပြီး ထက်ထက်က အများကြီးယူပေါ့၊ ထက်ထက်လည်း စိတ်ရှုပ်လာတယ်၊ သူတို့တွေ ဖြစ်စေချင်တာကို မလုပ်မပေးမချင်း ကိုကိုဇွဲကို ပြဿနာရှာနေကြမှာ မဟုတ်လား၊ နောက်ဆုံး အဲဒီလူကို မျက်စိမှိတ်ပြီး ယူတော့မယ်လို့ ဆုံးဖြတ်လိုက်တာလေ၊ ဒီမှာတင် ကိုကိုဇွဲ သိသွားပြီး ပွဲကြမ်းတော့တာလေ”

“တော်တော်ဆိုးတဲ့လူတွေပါလား၊ တော်တော်လည်း အတ္တကြီးပါလား၊ ဒီပုံစံအတိုင်းဆိုရင်တော့ ဇွဲကိုပါ ဒုက္ခမရောက်ရောက်အောင် လုပ်ကြတော့မယ်နဲ့ တူတယ်၊ အရေးထဲမှာ ကိုကျော်ဇင်ငြိမ်းတို့ကလည်း ပြန်မရောက်လာကြသေးဘူး”

“ဖုန်းတွေ ဘာတွေ လှမ်းဆက်လို့ မရဘူးလား မမမွန်ရယ်၊ ကိုကိုဇွဲကို အချုပ်ကနေ လွတ်အောင် လုပ်ပေးမှ ဖြစ်မယ်”

“ကြိုးစားကြည့်ရမှာပေါ့ ထက်ထက်ရယ်”



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဒီလိုကြားရပြန်တော့လည်း အချုပ်ထဲရောက်နေသော ဖွဲ့ကို သနားမိပြန်၏။ ညီမနှင့်ပတ်သက်လာမှတော့ သူသူကိုယ်ကိုယ် အန္တရာယ်မမြင်နိုင်တော့တာ ဓမ္မတာပါပဲလေ . . . ဟု ဖြေ,တွေး တွေးရ၏။

ဖှာ ဖှာ

ဖုန်းအဆက်အသွယ်လုပ်ဖို့ ကြိုးစားလို့မရပေမယ့် ကံကောင်းထောက်မစွာဖြင့် နောက်နေ့ညနေခင်းမှာ ကိုကျော်ဇင်ငြိမ်းတို့ ပြန်ရောက်လာကြ၏။

ခရီးရောက်မဆိုက်ဆိုသလို ဖွဲ့အကြောင်းကိုကြားသည်နှင့် အမောမဖြေနိုင်ကြဘဲ ရဲစခန်းသို့ ပြေးကြရပြန်၏။

ရဲစခန်းထဲသို့ ကိုကျော်ဇင်ငြိမ်းတို့ ဝင်သွားကြပေမယ့် သူမနှင့် ထက်ထက်သူတို့ကတော့ စားသောက်ဆိုင်မှာပင် ကျန်နေရစ်ခဲ့၏။

သူမတို့ရောက်သွားချိန်က ရုံးချိန်ကျော်ပြီး နေဝင်လုနေပြီ ဖြစ်သည်။

"ကိုကျော်ဇင်ငြိမ်းတို့ချည်းပဲ ပြန်ထွက်လာကြ


www.burmeseclassic.com

တယ် မမမွန်၊ အာမခံလုပ်ပြီး လွှတ်ဖို့သွားတာ ကိုကိုဇွဲ လည်း ပါမလာပါလား”

ကိုကျော်ဇင်ငြိမ်းတို့ လူစုချည်းပဲ ပြန်ထွက်လာကြ၏။

ဒီလောက်အကြာကြီးနေပြီးမှ ဇွဲမပါလာရင်တော့ တစ်ခုခု အမှားအယွင်းဖြစ်တာ သေချာနေပြီ။

စိတ်ထဲမှာ ထင့်သွားသော်လည်း ထက်ထက်သူကို အား ပေးစကား ပြောလိုက်ရသည်။

“စိတ်အေးအေးထားပါ ထက်ထက်ရယ် . . . ကိုကျော်ဇင်ငြိမ်းတို့က ပြေလည်အောင်လုပ်သွားပေး မှာပါ၊ အခု ဇွဲ အချုပ်ထဲက ထွက်ဖို့တင် မဟုတ်ဘူး၊ နောက်နောင် ပြဿနာဆက်မဖြစ်ဖို့နဲ့ ထက်ထက်တို့ ဖြစ်နေတဲ့ အမွေကိစ္စတွေ ပြေလည်သွားအောင် ရှေ့နေတွေနဲ့ တိုင်ပင်ပြီး လုပ်မှာကို ထက်ထက် အမြင် အကြားပဲ မဟုတ်လား”

ဇွဲတစ်ယောက် အချုပ်ထဲမှ ဘာကြောင့် လွယ်ကူစွာ ထုတ် မရခြင်းကို သူမ နားမလည်နိုင်။ ထိခိုက်ဒဏ်ရာ ရသွားတာက လည်း မဖြစ်စလောက်ပင်။

“ဘယ်လိုလဲ ကိုကျော်ဇင်ငြိမ်း . . ဇွဲကို ထုတ်လို့



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

မရဘူးလားဟင်”

“ဒီအချုပ်ထဲမှာကို ဖွဲ့မရှိတာ၊ ဒါကြောင့် ဒီနေ့ ဘာမှလုပ်လို့ မရတော့ဘူး”

“ဘာဖြစ်လို့လဲဟင်”

“တခြားတော့ မဟုတ်ဘူး၊ မနေ့ကလည်း ဘာမှ ဖွဲ့အတွက် လိုက်မလုပ်ပေးနိုင်ဘူး၊ ဒီနေ့ကျတော့ ရုံးချိန်ကုန်မှ ရောက်လာဖြစ်တာ၊ နာရီပိုင်းလောက်ပဲ နောက်ကျသွားတယ်၊ အချုပ်သားတွေများလို့ အင်းစိန်ပို့လိုက်တဲ့အထဲမှာ ဖွဲ့ပါသွားတာပေါ့”

“ဟာ . . . ဒါဆိုရင် ကိုကိုဖွဲ့ အချုပ်ထဲကနေ ထောင်ထဲ ရောက်သွားတာပေါ့နော်၊ မကယ်နိုင်ကြတော့ဘူးလားရှင်”

“သိပ်ပြီးစိုးရိမ်မနေနဲ့ ကလေးမ၊ ဒီနေ့က သောကြာနေ့၊ မနက်ဖြန် သန်ဘက်ခါလည်း ဦးတို့အနေနဲ့ ဘာမှလုပ်လို့ မရဘူး၊ စိတ်အေးအေးထားပါကွယ်၊ တနင်္လာနေ့ကျရင်တော့ မင်းအစ်ကို အချုပ်က လွှတ်ရုံတင်မကဘူး ပြဿနာအားလုံး ပြေလည်အောင် ဦးတို့ ဆောင်ရွက်ပေးမှာပါ၊ ဦးတို့ နောက်ကျ


www.burmeseclassic.com

www.burmeseclassic.com

သွားတော့ လက်ဦးမှုရအောင် လုပ်လို့မရတာဘဲ ရှိတာပါကွယ်”

ကိုကျော်ဇင်ငြိမ်းခေါ်လာသော ရှေ့နေကြီးကတော့ ထက်ထက်သူကို နှစ်သိမ့်စကားပြော၏။

ထက်ထက်သူအလစ်မှာပင် ကိုကျော်ဇင်ငြိမ်းကို စိုးရိမ်စိတ်ဖြင့် တိုးတိုးကပ်မေးဖြစ်သည်။

“ရှေ့နေကြီးပြောတာ . . . ဟုတ်ကောဟုတ်ရဲ့လား ကိုကျော်ဇင်ငြိမ်း”

“ဟုတ်တယ် အမွှန်၊ ကိုယ်တို့ နာရီပိုင်းလောက်နောက်ကျသွားလို့ ဖွဲ့ အင်းစိန်ပါသွားရတာပဲ”

“ဒါဆို ထက်ထက်ကရော ဘာဆက်လုပ်ရမှာလဲ၊ မနေ့ကတောင် အိမ်မပြန်ရဲလို့ အမွှန်တို့ဆီမှာ အိပ်ရတာ”

“ထက်ထက် အိမ်ပြန်မှဖြစ်မယ်၊ ဘာမှမစိုးရိမ်နဲ့ အမွှန်၊ မကြာခင်မှာ စခန်းမှူးကြီးလည်း လိုက်လာလိမ့်မယ်၊ ဖွဲ့ကိစ္စအတွက်ရော၊ ပြဿနာဖြစ်နေတဲ့ အမွေကိစ္စအတွက်ပါ လူကြီးတွေနဲ့ စကားပြောပြီး စေ့စပ်ပေးဖို့ လုပ်ကြလိမ့်မယ်၊ အခုလို ပြဿနာဖြစ်ပြီး


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဖွဲ့ အချုပ်ခံလိုက်ရတာက အဆိုးထဲက အကောင်းဖြစ်

လာတာပေါ့ အမွန်ရယ်”

ကိုကျော်ဇင်ငြိမ်း၏စကားတွေကြောင့်ပင် ဖွဲ့အတွက်ရော၊ ထက်ထက်သူအတွက်ပါ စိတ်အေးသွားရသည်။ ဒီမောင်နှမ အမွေကိစ္စကို ကိုကျော်ဇင်ငြိမ်းတစ်ယောက် တရားဥပဒေအရ ရှေ့နေ ရှေ့ရပ်တွေနှင့် ဝင်ပြီး အကူအညီပေးဖို့ စီစဉ်နေတာ ကြားလိုက်ရ သည်။

ဒီပြဿနာဖြစ်တော့မှ သွေးပူသွေးလောဖြင့် အားလုံးကို စနစ်တကျစီစဉ်လိုက်သလို ဖြစ်နေတော့၏။

◎ ❧ ❧ ◎

www.burmeseclassic.com

www.burmeseclassic.com

၅။

စနေနေ့မှာတော့ ဖွဲ့အချုပ်ခံနေရသော အင်းစိန်ထောင်အချုပ်သို့ သူမတို့တွေ လိုက်သွားကြ၏။ သူမတို့တစ်တွေ လိုက်တွေ့ခွင့်မရသော်လည်း ရွှေနေကြီးနှင့် ကိုကျော်ဇင်ငြိမ်းကတော့ ဖွဲ့နှင့်စကားပြောခွင့်ရခဲ့၏။

ဖွဲ့ကို စားဖို့သောက်ဖို့တွေ စီစဉ်ပေးပြီးတာနှင့် ပြန်ဖြစ်ကြသည်။ အပြန်မှာတော့ ဆရာကိုခင်ဝင်းနှင့် ထက်ထက်သူတို့က သတ်သတ်ပြန်သည်။ သူမနှင့်ကိုကျော်ဇင်ငြိမ်းတို့က ရွှေနေကြီးကို လိုက်ပို့ရင်း ဖွဲ့တို့ကိစ္စကို စကားပြောဖြစ်၏။

ရွှေနေကြီးကို ပြန်ပို့ပေးပြီးတော့ သူမနှင့်ကိုကျော်ဇင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

တို့ ဆိုင်ထိုင်ဖြစ်ကြ၏။

"ခရီးပန်းတာရော ဖွဲ့တို့ကိစ္စကို လုံးပန်းရတဲ့ အတွက်ပါ ကိုကျော်ဇင်ငြိမ်း အရမ်းပင်ပန်းနေမှာပဲ"

"အဲဒီပင်ပန်းတာတွေ ပြေသွားအောင် အမွှန်နဲ့ တစ်ဆိုင်ဆိုင်မှာထိုင်ပြီး အေးအေးဆေးဆေး စကား ပြောလို့ ဖြစ်မလားဟင်"

"ဒီကိစ္စလောက်လေးအတွက် အမွှန့်ဆီကနေ ခွင့်တောင်းနေစရာလိုသေးလား ကိုကျော်ဇင်ငြိမ်း ရယ်"

ဖွဲ့ကိစ္စ အားချင်းပေါ်လာသောကြောင့်ပင် သူမတို့၏ကိုယ်ရေးကိုယ်တာကိစ္စများကို မေ့လျော့ခဲ့ကြ၏။

ဒီလိုအခြေအနေမျိုးလေးကျတော့လည်း ကြည်နူးချင်စရာ။ အေးအေးဆေးဆေးရှိလှသော ဆိုင်တစ်ဆိုင်ကို ကိုကျော်ဇင်ငြိမ်း ရွေးချယ်လိုက်၏။

"အမွှန်တို့ကသာ ဒီလိုဆိုင်မျိုးမှာ သက်သောင့်သက်သာနဲ့ စိတ်အပန်းဖြေနေနိုင်တာနော်၊ ဖွဲ့ကတော့ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ထောင်ကြီးရဲ့အချုပ်မှာ ငရဲကျသလို အခံခက်နေ၊ ဒုက္ခများနေမှာနော်"


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ဒီနေ့ရယ်၊ မနက်ဖြန်ရယ်ပဲ ဖွဲ့ဒုက္ခခံရမှာပါ"

"အဲဒီအချိန်တွေဟာ စက္ကန့်နဲ့အမျှပဲ ဖွဲ့ စိတ်ကျဉ်းကျပ်နေရမှာ"

"အမွန်က ဖွဲ့အပေါ် သံယောဇဉ်ကြီးတယ်နော်"

"သံယောဇဉ်ကြောင့် ကိုယ်ချင်းစာတာပါ၊ ကိုကျော်ဇင်ငြိမ်းတို့တောင် အမွန့်လောက် သံယောဇဉ် မရှိဘဲနဲ့ ဖွဲ့အပေါ် ကူညီခဲ့တာ မဟုတ်လား"

သူမကို တမင်ပြောနေဆိုနေခြင်းအား ရိပ်စားမိလိုက်သည်။ ဖွဲ့အပေါ် သာမန်ကြောင့်ကြမိခြင်းအတွက် သူ့စိတ်ထဲမှာ တွန့်တိုပြနေခြင်းလားလေ။

"ဟုတ်ပါတယ် . . . ဘာပဲပြောပြော ဒီရက်ပိုင်းလောက် ဒုက္ခခံရကျိုးနပ်တယ်လို့ ပြောရမယ်အမွန်၊ ဖွဲ့တို့မောင်နှမနှစ်ယောက် ကြုံရတဲ့အဆိုးတွေက မကြာခင် ကုန်ဆုံးတော့မှာလေ"

"ဘာဖြစ်လို့များလဲ"

"ရှေ့နေကြီးနဲ့ ပြောနေဆိုနေတဲ့ စကားတွေကို အမွန်လည်း ကြားမှာပါ၊ အခုဆိုရင် ဖွဲ့ရဲ့ အဖေတူ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အမေကွဲ ညီအစ်ကိုမောင်နှမတွေက ခိုက်ရန်ဖြစ်မှု အတွက်လည်း တရားဝင်ကျေအေးဖို့ ပြောနေပြီ”

“သူတို့ကသာ ကျေအေးပြီး အမှုပိတ်ချင်တာ၊ ဖွဲ့ကတော့ လောလောဆယ် ထောင်ထဲမှာ အချုပ်ခံ နေပြီ”

“ဒါကတော့ အခြေအနေအရ ဖြစ်ရတာပဲ အမွန်ရယ်၊ ရဲစခန်းအချုပ်က ထောင်အချုပ်ကို ရောက်သွားရတာရယ်၊ စနေတနင်္ဂနွေ ရုံးပိတ်ရက်ခံ သွားတာရယ်ကြောင့်ပါ၊ အဲဒီဒုက္ခတွေက လွတ်ရင် အားလုံး အိုကေသွားပြီ၊ လူကြီးစုံရာရှေ့မှာ ရှေ့နေက တရားဥပဒေအရ ညှိတာနှိုင်းတာကို သူတို့တွေ လက်ခံလိုက်ကြတာပဲ မဟုတ်လား၊ လပိုင်းအတွင်းမှာ ပဲ ဘာပြဿနာမှ ဆက်မဖြစ်ဘဲ၊ တရားရင်မဆိုင်ရဘဲ ဖွဲ့တို့မောင်နှမ အမွေတွေရတော့မှာ မဟုတ်လား”

ကိုကျော်ဇင်ငြိမ်း၏စကားတွေကို နားထောင်ရင်း ဖွဲ့တို့ အတွက် စိတ်အေးချမ်းသာရ၏။

ဖွဲ့တို့ကိစ္စက ပြီးပြတ်လုနီးပါး ဖြစ်နေသော်လည်း သူမတို့ နှစ်ယောက်၏ကိုယ်ရေးကိုယ်တာကိစ္စကတော့ လိပ်ခဲတည်းလည်း


www.burmeseclassic.com

BURMESE CLASSIC .com

ပင် ရှိနေသေး၏။

"ဟုတ်တယ်နော် အမွေအတွက် အဲဒီအုပ်စုက ဖွဲ့တို့မောင်နှမကို ညစ်ပြီး ပြဿနာအမျိုးမျိုး ရှာနေကြတာ၊ ဖွဲ့တို့အဖေကြီး ဆုံးသွားတော့ ပိုဆိုးလာတယ်၊ ဖွဲ့တို့ဘက်က ရပ်ပေးမယ့် အသိုင်းအဝိုင်း မရှိဘူးဆိုပြီး လက်နိုင်ကျင့်ချင်ကြတာ၊ အခုတော့ ကိုကျော်ဇင်ငြိမ်း ကူညီပေးလို့ ပြေလည်သွားတာ၊ ကိုကျော်ဇင်ငြိမ်း အပေါ်မှာတော့ ဖွဲ့အနေနဲ့ ကျေးဇူးအများကြီးတင် နေရစ်ပြီ"

"ဘာပဲပြောပြော ဖွဲ့တို့မောင်နှမက ရက်ပိုင်း လပိုင်းမှာ သိန်းသုံးရာလောက်တော့ အနည်းလေး အမွေရမှာ၊ ဖွဲ့ကတော့ သူဌေးလေးတစ်ပိုင်းဖြစ်ပြီလို့ ပြောလို့ရတယ်၊ ဖွဲ့အနေနဲ့ အခုလောလော ဆယ် စီးပွားရေးလောကထဲမှာ လုပ်တတ်ကိုင်တတ်စ အရှိန် ရယ်၊ ကိုယ်ပိုင်အရင်းအနှီး ရှိလာတာနဲ့ဆိုရင် စီးပွား ရေးသမားအဖြစ် အောင်မြင်ဖို့ အလားအလာ တွေ ရှိနေတယ် အမွန်"

ဖွဲ့၏ဂုဏ်ပုဒ်တွေ၊ ပိုင်ဆိုင်မှုတွေကို အသားလွတ်ကြီး


www.burmeseclassic.com

လာပြီးချီးမြှောက်ပြနေ၏။ ငြိမ်ပြီးနားထောင်နေရပေမယ့် သူ့ကျော ပြင်ကို လက်သီးဆုပ်ပြီး ခပ်နာနာလေး ထုလိုက်ချင်သေးသည်။

ဟ ဟ

“ဖွဲ့က အရင်တုန်းကနဲ့ လုံးဝမတူတော့ဘူး၊ ကိုယ်တောင် မယုံနိုင်လောက်အောင်ပဲ အမွန်၊ ကိုယ့်မိဘတွေ အဆက်အသွယ်နဲ့ ပွဲရုံမှာ အလုပ်သွင်းပေးလိုက်မိတယ်၊ ပွဲရုံက လူတွေကရော ပိုင်ရှင်ကပါ ဖွဲ့ကို အရမ်းသဘောကျနေကြတာ၊ အဲဒီလူတွေ ပြောတာဆိုတာကို နားထောင်ပြီး ကိုယ်တောင်ပြုံးမိတယ်၊ အရင်အခြေအနေတွေအတိုင်းသာ သူတို့မြင်ရ တွေ့ရရင် ဖွဲ့ကို ဒီလိုချီးမွမ်းကြမှာ မဟုတ်ဘူးလေ၊ ဖွဲ့တို့ မောင်နှမ ရလိုက်တဲ့ အမွေလေးနဲ့ အရင်းအနှီး လုပ်ရင်လည်း ဖွဲ့ကို အားလုံးက ဝိုင်းကူညီကြမယ့်သဘော ရှိတယ်၊ ဖွဲ့ကတော့ ရှေ့လျှောက်ကံကောင်းတဲ့သူ ဖြစ်တော့မှာ”

“နေပါဦး ကိုကျော်ဇင်ငြိမ်း၊ ဖွဲ့ကံကောင်းမှာ


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တွေ၊ တော်တာတွေ၊ အမွေရတာတွေကို ဘာကြောင့် များ အမွန်ရှေ့မှာ လာပြီး အပ်ကြောင်းထပ်မျှ ပြော နေရတာလဲ”

စိတ်အချဉ်ဖောက်လာပြီး ဘုပြောပစ်လိုက်သည်။

“အမွန်တို့က သံယောဇဉ်ရှိခဲ့ကြ ဖြစ်ခဲ့ကြတဲ့ လူတွေပဲ မဟုတ်လား”

“နေပါဦး . . ကိုကျော်ဇင်ငြိမ်းကရော ဖွဲ့အပေါ် သံယောဇဉ်မရှိဘဲ ဒီကိစ္စတွေမှာ ဝင်တာလား၊ အတူ တူပဲဥစ္စာ”

“မတူဘူးလေ အမွန်”

“ဘာလို့မတူရမှာလဲ အတူတူပဲ၊ ဖွဲ့ မမိုက်တော့ တာ၊ မဆိုးတော့တာတွေရော၊ အခုလို အဆင်ပြေပြေ ဖြစ်တာတွေကိုပါကြည့်ပြီး အမွန်တို့ ကိုကျော်ဇင်ငြိမ်း တို့က ပီတိဖြစ်ရုံပဲရှိတာ၊ ဖွဲ့နှင့်ပတ်သက်တဲ့ အကျိုး စီးပွားဖြစ်ထွန်းမှု မှန်သမျှကို ထက်ထက်ခံစားရမယ်၊ ပြီးတော့ . . . ဖွဲ့နဲ့ပတ်သက်လာမယ့်သူတစ်ယောက် ယောက် ခံစားရမှာပဲ၊ အမွန်ရှေ့မှာ ပြောပြနေလည်း အပိုပဲ၊ အမွန်နဲ့ဖွဲ့တို့က သူငယ်ချင်းတွေပဲဥစ္စာ”



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"အမွန်"

"ဘာလဲ အမွန်ပြောတာ မဟုတ်လို့လား"

သူ့ကို ကြက်တူရွေးလို ခွန်းတုံ့မပြန်သင့်ပေမယ့် လက်လွှတ်စပယ်ပြောမိဆိုမိတော့၏။ သူမကိုများ စိတ်ခုသွားလေမည်လား မသိ။

"အမွန့်ကို ကိုယ်အရမ်းချစ်မြတ်နိုးတယ်၊ အဲဒီအတွက် ကိုယ့်ရင်ခုန်သံတွေ အရမ်းမောဟိုက်လွန်းခဲ့ပါတယ်"

ပြောမယ့်ပြောတော့လည်း ဆိုင်းမဆင့်ဗုံးမဆင့်ဘဲ ကြားလိုက်ရ၏။

သူမ ဘာပြန်ပြောရမှန်းမသိလောက်အောင် နှုတ်အနေဖြစ်သည်။

"စိတ်ဆိုးသွားလား အမွန်၊ ကိုယ်ချစ်မြတ်နိုးမိတဲ့အတွက် ဘာမှပြန်မပြောတော့ဘူးလား အမွန်ရယ်"

"အမွန်က ဘာကိုမှ ဟန်မဆောင်တတ်ဘူး၊ ကိုကျော်ဇင်ငြိမ်း ပြောတာကို နားထောင်နေသားပဲ"

"ဒါဆိုရင် ကိုယ်ရဲ့ချစ်မြတ်နိုးခြင်းကို အမွန်လက်ခံလားဟင်"


www.burmeseclassic.com

BURMESE CLASSIC .com

"ကျွန်မကိုချစ်ရင် အမေ့ဆီလာပြောပါလို့ ပြောရမှာလား၊ ဒါမှမဟုတ် စဉ်းစားပါဦးမယ်၊ မိန်းကလေးမို့ အချိန်ပေးပါလို့ ပြောရမှာလား"

"အမွန် ဖြေချင်တာကို ဖြေလေ"

"ဘာဖြေချင်သလဲဆိုတာကို သိပြီးသားနေမှာပါ ကိုကျော်ဇင်ငြိမ်းရယ်"

"အမွန့်အဖြေကို ကိုယ်သိပြီးသားလို့ ယူဆရမယ့် သဘောပေါ့ ဟုတ်လား အမွန်"

သူကတော့ အ,မလိုလိုနှင့် လည်လွန်းပြီထင်၏။

မျက်နှာမှာ ရှက်ရိပ်သန်းနေပေမယ့် သူမရင်ထဲမှာတော့ ပျော်နေမိသည်။

"တော်တော့ကွာ၊ အမွန့်ကို ဆက်မမေးနဲ့၊ အမွန် မဖြေချင်တော့ဘူး"

"အမွန် . . . အရမ်းမြတ်နိုးရသလို၊ အရမ်းလည်း ချစ်ရပါတယ်ကွယ်"

သူမ၏ ညာလက်ဖမိုးလေးကို သူ့လက်ဝါးက အသာအုပ်ကိုင်လာ၏။ သူမကလည်း မရုန်းဖယ်မိပေ။

"တစ်ယောက်နဲ့တစ်ယောက် တွေ့ခဲ့ကြတယ်၊


www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးခဲ့ကြတယ်၊ ချစ်တယ်လို့ ကိုယ်ဖွင့်မပြောဖြစ်ပေမယ့် ရင်ချင်းနားလည်နေခဲ့တယ်၊ အခုမှ တကယ့်ချစ်သူတွေ ဖြစ်ကြပြီ အမွန်”

“သိရင်ပြီးတာပါပဲ”

“ကိုယ်ပြောချင်သေးတယ် အမွန်၊ တခြားမဟုတ်ပါဘူး ဖွဲ့အကြောင်းပါပဲ”

“ပြောလေ”

“ဖွဲ့က အမွန့်ကို အရမ်းချစ်တဲ့သူ၊ ကိုယ့်ထက်အရင်ဦးခဲ့တဲ့သူ”

“သံယောဇဉ်အရာမှာသာ ဖွဲ့က အရင်ဦးတာပါနော်”

“ဟုတ်ပါတယ် အမွန်၊ အမွန်နဲ့ ကိုယ်တို့ ချစ်သူတွေ ဖြစ်သွားတာကို အခုလောလောဆယ်မှာ ဖွဲ့ကိုပေးမသိစေချင်သေးဘူး၊ သူ့မျှော်လင့်ချက်တွေ၊ သူ့အောင်မြင်မှုတွေကို ကိုယ်တို့နှစ်ယောက်က အပိုင်းပိုင်းကျိုးအောင်ဖျက်ဆီးလိုက်သလို ဖြစ်နေမှာ စိုးလို့ပါအမွန်”

“သဘောပါပဲလေ၊ ဖွဲ့မသိတာ တစ်မျိုးတော့


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ကောင်းပါတယ်၊ နေပါဦး . . ရောယောင်ပြီး အမွှန်က စကားလိုက်ပြောနေမိတာ၊ သူ့ကိုများ ဘယ်သူက ချစ်ပါတယ်လို့ ပြောခဲ့ပြီးလို့များလဲ”

“အမွှန် ပြောခဲ့ပြီးပြီပဲ”

နှစ်ယောက်မျက်လုံးအဆုံမှာပင် ရယ်သွေးလွှမ်းဖြစ်ကြ ၏။

ချစ်စခင်စကြင်နာစ ဖြစ်သောကြောင့် အရာရာသည် သာယာမိန်းမောဖွယ်ဖြစ်နေ၏။

ချစ်သူ၏စကားတစ်ခွန်း၊ မျက်လုံးတစ်ကြည့်၊ စကားတစ်ခွန်းတို့ကပင် တစ်ဘဝစာမက နှစ်သက်စွဲလမ်းစရာတွေပင်။

◎ ⁂⁂ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၆။

နှစ်ယောက်ကြားမှာ အခေါ်အဝေါ်သစ်တစ်ခု တိုးလာ၏။ သူမကို 'အမွှန်' ဟု ခေါ်မြဲခေါ်သော်လည်း သူမကတော့ 'ကိုကျော်ဇင်ငြိမ်း' အစား 'ကိုကို' ဟု ပြောင်းလဲသုံးစွဲခဲ့၏။

"ဒီအခြေအနေရောက်ပြီးမှ နင်တို့တွေ ပိုသဲလာသလိုပဲ၊ အခုဆိုရင် ရက်ခြားလိုလို တွေ့တွေ့နေကြတော့တာပဲ"

"ဘာလဲ ဆရာကိုခင်ဝင်းက ကိုကိုနဲ့အမွှန်တို့ကို ကြည့်ပြီး မနာလိုဖြစ်နေတာလား"

"ဟုတ်မယ် အမွှန်၊ ကိုကို ရေငုံနှုတ်ပိတ်နေ



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ကတည်းက အခုထိ နားပူနားဆာလုပ်နေတာ နားညည်းလွန်းတယ်”

“မနာလိုတာ၊ အမြင်ကတ်တာထက်တောင် ပိုသေးတယ်၊ ကိုကိုတွေ အမွှန်တွေ ခေါ်တာပြောတာကို ဟိုလူမိုက်လေးသာ ကြားရင် မလွယ်ဘူး”

ဆရာကိုခင်ဝင်းပြောလိုက်မှ ဖွဲ့မျက်နှာလေးကို ပြေးမြင်မိသည်။

“ငါတော့ မြင်ယောင်သေးတယ်၊ ဒီချာတိတ်က စကားပုံထဲကလို သူခိုးကို ဓားရိုးကမ်း၊ ရန်သူကို ဆရာတင်၊ ပြီးတော့ မမလေးထဘီဖိုးအတွက်ဆိုပြီး နေ့မအိပ် ညမအိပ် ကုန်းရုန်းပြီး စီးပွားရှာနေတာ၊ အားလုံးကို သိလိုက်ရတဲ့အချိန်မှာတော့ တကယ့်ကို ရင်ကွဲပက်လက်ဖြစ်မှာ သေချာတယ်”

ဆရာကိုခင်ဝင်း၏ ညည်းသံကြောင့်ပင် . . . သူမတို့နှစ်ယောက် ငြိမ်သက်သွားရသည်။ နှစ်ယောက်စလုံး အမူအရာပျက်သွားသောကြောင့် ဆရာကိုခင်ဝင်းက ပြန်ပြီးလေပြေထိုး၏။

“ငါက အလိုက်မသိဘဲ ဇွတ်ပြောတာ အကျင့်ပါနေတယ်၊ မင်းတို့ဘာသာမင်းတို့


www.burmeseclassic.com

BURMESE CLASSIC .com

ပျော်ပျော်ရွှင်ရွှင်နေခဲ့ ကြပေတော့၊ ငါ
အတန်းဝင်စရာ ရှိသေးတယ်”

ဆရာကိုခင်ဝင်းကတော့ ပြောချင်ရာတွေ ပြောပြီးထွက်သွားသည်။

သူမအာရုံတွေ နောက်ကျိသွားတာကို, ကိုကို သိပုံရ၏။ အလိုက်တသိပင် သူမအာရုံတွေ ပြောင်းလဲအောင် ကိုကိုပြု၏။

“ဒီအကြောင်းတွေကို မေ့ထားလိုက်ကြအောင်
အမွန်၊ ချစ်သူတွေဖြစ်ကြကတည်းက ကိုကိုတို့ ဘုရား
သွားကျောင်းတက် လုပ်ဖူးသေးတာ မဟုတ်ဘူး၊
ဒီနေရာကနေ ထပြီး ရွှေတိဂုံတက်ကြရအောင်၊
အေးအေးဆေးဆေးမှ အိမ်ပြန်ကြတာပေါ့”

“ကောင်းတယ် ကိုကို”

ကိုကို့အကြံကို ရွှင်ပျစွာ သဘောတူမိသည်။

ကိုကိုနှင့်အတူ ဘုရားမှာ ပထမဦးဆုံး ဆုပန်ရဦးမည်ပဲ။

❀ ❀

“ဘာဆုတွေများတောင်းလဲ အမွန်”

www.burmeseclassic.com
BURMESE CLASSIC .com

"ကိုကိုတောင်းတဲ့ဆုကို အရင်ပြောလေ၊ ပြီးမှ အမွန် ဘာဆုတောင်းတယ်ဆိုတာကို ပြောပြမယ်"

အာရုံခံတန်စောင်း၏ လှေကားထစ်များမှာ အတူထိုင်သည်။ ကိုယ်ကိုယိမ်းပြီး ကိုကို့အား မှီနွဲ့နေမိသည်။

"ကိုကိုနဲ့အမွန်တို့ စိတ်ချမ်းသာမှု ရဖို့ရယ်၊ ဖွဲ တစ်ယောက် ကိုကိုတို့အပေါ် နားလည်ကြည်ဖြူနိုင်ဖို့ရယ် နှစ်ခုပေါင်းပြီး ဆု တောင်းတာပေါ့"

"ကိုကိုက အရင်တုန်းကလိုပဲ ဖွဲနဲ့ပတ်သက်ပြီး တစိမ့်စိမ့် တွေးကြောက်နေတုန်းပဲနော်"

ကိုကို့လိုတော့ သူမ အကြောက်မကြီး။ သူမမှာတော့ ဖွဲ့ကို ရှင်းပြသည့်နေရာမှာ ခုခံကာကွယ်ဖို့ စကားတွေက အဆင်သင့် ရှိထားသည်ပဲ။

"ဟုတ်တယ် အမွန်၊ အမွန်နဲ့ ချစ်သူမဖြစ်ခင် တုန်းကလည်း အမွန်နဲ့ပတ်သက်ပြီး ဖွဲ့ရဲ့ မိုက်ရူးရဲဆန်မှုတွေကို ကြောက်ခဲ့ရတယ်၊ အခုကျပြန်တော့လည်း ဖွဲ့ရဲ့ မျှော်လင့်ချက်တွေ၊ ကြိုးစားနေမှုတွေကြောင့် လိပ်ပြာအမြဲလန့်နေရတယ် အမွန်၊ ဒါနဲ့နေပါဦး . . . အမွန်တောင်းတဲ့ဆုကိုလည်း ပြောပြဦးလေ"


www.burmeseclassic.com

www.burmeseclassic.com

"အမွန်တောင်းတဲ့ဆုက အမွန်နဲ့ကိုကိုတို့နှစ်ယောက်တည်းအတွက်ပဲပါတာ၊ ဒီဘဝမှာ မခွဲမခွာဘဲ ရာသက်ပန် စိတ်ရောကိုယ်ပါ ပေါင်းစည်းရပါစေလို့ ဆုတောင်းတာပေါ့ ကိုကို"

"ကိုကိုတို့နှစ်ယောက်အကြောင်းကိုတော့ နှစ်ဘက်မိဘတွေကို အသိပေးထားရင်ကောင်းမယ် အမွန်"

"ဟုတ်တယ်ကိုကို၊ ကိုကိုကလည်း ကိုကို့မိဘတွေကို ပြောလေ၊ မေမေက ကိုကိုနဲ့ပတ်သက်ပြီးတော့ တစ်ခုခုသိချင်နေတာ၊ အမွန်က စကားအစမခံလို့ အတင်းမမေးတာ ကိုကို"

"နှစ်ဘက်မိဘတွေကတော့ ကြည်ဖြူကြမှာပဲ အမွန်၊ ခက်တာက ဖွဲ့တစ်ယောက် သိသွားခဲ့ရင် ကိုကို့ကိုရော အမွန့်ကိုပါ အထင်တွေလွဲကုန်မှာ၊ သူ့မျှော်လင့်ချက်တွေ တစ်စစီ ဖြိုဖျက်ရက်တယ်လို့ စိတ်နာတော့မှာ သေချာတယ် အမွန်"

"အဲဒီလောက်တော့ မစိုးရိမ်နဲ့ ကိုကို၊ ကိုကိုထားခဲ့တဲ့ ဖြူစင်တဲ့ စေတနာမေတ္တာတွေက ဖွဲ့အပေါ်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အများကြီးရှိခဲ့တာပဲ၊ ပြီးတော့ . . . သူ တကယ် စိတ်မကောင်း ဖြစ်တာပဲရှိမယ်၊ ကိုကို့ကိုတော့ ခွင့်လွှတ်နားလည်မယ်ထင်တယ်လေ"

ကိုကို့ကို အားပေးနှစ်သိမ့်နေရပေမယ့် ဖွဲ့နှင့်ရင်ဆိုင်ရမည့်အရေးကိုတော့ နည်းနည်းရွံ့မိသည်။

သူမနှင့်ပတ်သက်လေသမျှ ဆတ်ဆတ်ထိမခံတာကို အသိဆုံးပေပဲ။ အခုကိစ္စက သူမကို လုံးလုံးလျားလျား လက်လွှတ်ဆုံးရှုံးရမည့်အဖြစ်ပဲလေ။

ဓ ဓ

သူမတို့ခြံရှေ့ထိရောက်အောင် တတိယအကြိမ်မြောက်အဖြစ် ကားနှင့် ကိုကိုလိုက်ပို့ပေး၏။

သူမတို့ပြန်ရောက်လာလေတိုင်း ထက်ထက်သူနှင့်ရင်ဆိုင်မတိုးတာ ကံကောင်းနေသေး၏။

ခြံရှေ့မှာ ကားရပ်ရင်း ကိုကိုမေးသည်။

"ဖွဲ့က သူ့ညီမလေးကို အမွှန်တို့အိမ်မှာထားပြီး လုံး၀ ပြန်လာမနေဘူးလားဟင်"


www.burmeseclassic.com

www.burmeseclassic.com

"မေမေက ဖွဲ့ကိုပါ နေဖို့ပြောတာတောင် မရဘူးလေ၊ ဒီကြားထဲ တစ်ခေါက်ပဲ ရောက်လာတယ်၊ တကယ်ခဏဆိုမှ ခဏလေးပဲ"

"ကားသံကြားလို့ အမွန့်မေမေတောင် ထွက်ကြည့်နေတယ်"

"အိမ်ထဲဝင်ပါဦးလား ကိုကို"

"မဝင်တော့ပါဘူးကွာ၊ ကိုကို နှုတ်ဆက်သွားတယ်လို့သာ အမွန့်မေမေကို ပြောလိုက်ပါ"

ကိုကို့ကို နှုတ်ဆက်ပြီး ခြံထဲဝင်လိုက်သည်။

မေမေကတော့ သူမတို့ အရိပ်အကဲကို အကဲခတ်ရင်း အိမ်ဝမှုကြိုနေ၏။

"မောင်ကျော်ဇင်ငြိမ်း လိုက်ပို့တာလား သမီး"

"ဟုတ်တယ် မေမေ"

"သမီးကို မေးစရာလည်း ရှိတယ်၊ ပြောစရာလည်း ရှိတယ်၊ ထက်ထက်ပြန်လာရင် မေးလို့ပြောလို့ မကောင်းဘူးလေ၊ အဝတ်အစား နောက်မှလဲတော့ သမီး"

"ရပါတယ် မေမေ၊ မေမေက ဘာတွေမေးပြီး

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဘာတွေများ ပြောစရာရှိနေလို့လဲ”

မေမေမေးမည့်အကြောင်းက ကိုကိုနှင့်ပတ်သက်တာကို ရိပ်စားမိသည်။ ပြောစရာစကားတွေကလည်း ကိုကိုနှင့်ပတ်သက် လိမ့်မည် ထင်၏။

“မေမေ ပထမဆုံး မေးချင်တာကတော့ မောင်ကျော်ဇင်ငြိမ်းနဲ့သမီးတို့ရဲ့အခြေအနေပဲ၊ သမီးတို့နှစ်ယောက်က . . .”

“ဒီအကြောင်းနဲ့ ပတ်သက်ပြီး မေမေ့ကို ပြောပြမလို့ပါပဲ၊ ကိုကိုနဲ့သမီးတို့က ချစ်သူတွေဖြစ်နေကြပြီ မေမေ၊ သမီးကျောင်းပြီးတာနဲ့ လက်ထပ်ကြမှာပါ မေမေ၊ ကိုကိုတို့မိဘတွေကိုလည်း ကိုကိုက သိပ်မကြာခင်မှာပဲ အသိပေးတော့မှာပါ မေမေ”

မေမေကတော့ သက်ပြင်းချနေသေး၏။

မေမေမေးစရာ စကားက ကုန်သွားပြီ။ သူမကလည်း အခြေအနေအားလုံးကို ပြောပြပြီးပြီ။ မေမေပြောမည့် စကားတွေကိုသာ နားစွင့်ထားလိုက်မိသည်။

“မောင်ကျော်ဇင်ငြိမ်းနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ တစ်မျိုး ဖြစ်နေတာပဲရှိတာ၊ ဒီအခြေအနေထိ ရောက်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

လိမ့်မယ်လို့ မေမေ မထင်ထားမိဘူး၊ သမီးတို့ချင်း ခင်ကြတာရယ်၊ ပြီးတော့ ဖွဲ့ရဲ့ အခက်အခဲတွေကို ဒီသူငယ်က တာဝန်ယူပြီး စေတနာနဲ့ ဖြေရှင်းပေးနေ တာပဲလို့ နားလည်ထားတယ်”

“သမီးနဲ့ကိုကိုတို့နှစ်ယောက်ကို မေမေ သဘော မတူလို့များလားဟင်”

မစိုးရိမ်ပေမယ့် သေချာအောင် မေးလိုက်မိသည်။

“သဘောတူတာမှ အတိုင်းထက် အလွန်ပါပဲ သမီး၊ သမီးကို မေးစရာရှိတယ်၊ ပြောစရာတွေလည်း ရှိတယ်လို့ မေမေပြောခဲ့တယ်နော်၊ အခု ပြောစရာရှိ တယ်ဆိုတဲ့စကားတွေက ဖွဲ့နဲ့ပတ်သက်နေတယ် သမီး”

“ဖွဲ့နဲ့ ပတ်သက်နေတယ် ဟုတ်လား မေမေ”

“ဟုတ်တယ် သမီး၊ ဖွဲ့ အိမ်ရောက်လာတာကို သမီးရော ထက်ထက်ပါ မသိကြဘူး၊ မေမေနဲ့ စကား ပြောရင်းကပဲ သမီးကို သူက တင့်တောင့်တင့်တယ် ထားနိုင်အောင် ကြိုးစားနေတယ်၊ သူ့ရည်ရွယ်ချက် တွေ အောင်မြင်တာနဲ့ သမီးကို လက်ထပ်ခွင့်ပြုပါလို့ မေမေ့ဆီမှာ ခွင့်တောင်းတယ် သမီး”


www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါ ဖွဲ့က အကွက်ကျော်ပြီး လုပ်တာပဲ၊ တကယ်ဆို ဖွဲ့နဲ့အမွှန်တို့က အခုချိန်ထိ သူငယ်ချင်းတွေပဲဥစ္စာ၊ သမီးကို အဖြေတောင်းထားတယ်ဆိုပေမယ့် သမီးမှ သူ့ကို အဖြေမပေးရသေးပဲ၊ မေမေက ဘာပြန်ပြောလိုက်လဲ"

"မေမေက ဘာပြန်ပြောရမှာလဲ၊ သမီးတို့ချင်း သံယောဇဉ် ရှိခဲ့ကြတာကြာပြီပဲ၊ အရင်တုန်းကသာ ဖွဲ့ရဲ့အနေအထိုင်တွေကြောင့် သမီးနဲ့ အနေနီးသွားကြမှာ အိမ်ထောင်ကျသွားမှာကို စိတ်ထဲက ပူပန်နေရတာ၊ အခုအနေအထားမှာတော့ မေမေ တစ်ပိုင်း စိတ်အေးရပြီပဲ၊ သမီးတို့လူငယ်ချင်း အဆင်ပြေရင် ကိစ္စပြီးတာပါပဲလို့ မေမေ ဖြေလိုက်ရတာပေါ့၊ ဒါနဲ့ . . . သမီးနဲ့ မောင်ကျော်ဇင်ငြိမ်းတို့ရဲ့ အခြေအနေကို ဖွဲ့တစ်ယောက် လုံးဝမရိပ်စားမိသေးဘူး ထင်တယ်"

"ဟုတ်တယ် မေမေ၊ ကိုကိုနဲ့စတွေ့ကတည်းက သမီးတို့ အနေအထိုင်ကို ဖွဲ့ လုံးဝမသိခဲ့ဘူး၊ အခုအခြေအနေမှာ ပိုဆိုးတာပေါ့ မေမေ၊ ဖွဲ့က အမွေရတဲ့ ပိုက်ဆံနဲ့ စီးပွားရေးကို နေ့မအား၊ ညမအား လုပ်နေ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

တော့ သမီးတို့တွေနဲ့ အဆက်ပြတ်နေတာလေ၊ ကိုကို့ကိုလည်း ဖွဲ့က ကြည်ညိုပြီးအားကိုးစိတ် ရှိနေတော့ ဆက်စပ်မတွေးဖြစ်တာလည်း ပါလိမ့်မယ် ထင်တယ်"

"မေမေတောင် ပြောပါသေးတယ်၊ ထက်ထက်ကို မေမေတို့အိမ်မှာထားတာ မကြိုက်လို့ မဟုတ်ဘူး၊ ရပ်ကွက်ထဲမှာ အိမ်နဲ့ခြံနဲ့ ဝယ်ထားဖို့ ပြောတော့ လက်ထဲမှာရှိတဲ့ ငွေကို ပွားအောင်လုပ်ချင်တယ်၊ သူ့ဘာသာသူ လုပ်ငန်းလုပ်နိုင်အောင် ကြိုးစားနေရလို့ပါတဲ့၊ အဆင်ပြေပြီဆိုတာနဲ့ အိမ်ဝယ်ဖို့ ချက်ချင်းလုပ်မှာလို့ ပြောသွားတယ်၊ ထက်ထက်ကို မေမေတို့ဆီမှာ ထားတာက သူ့အတွက် နောက်ဆံမတင်းဘဲ အလုပ်လုပ်လို့ရတယ်တဲ့"

ဖွဲ့တစ်ယောက်ကတော့ သူ့မျှော်လင့်ချက်တွေ စီမံကိန်းတွေဖြင့် အားလုံးနှင့်အဆက်ပြတ်နေခဲ့၏။

"သမီးနဲ့ကိုကိုတို့အကြောင်းကို သိရင်တော့ သူတော်တော် စိတ်မကောင်းဖြစ်လိမ့်မယ် မေမေ"

"ဖြစ်မှာပေါ့ သမီး၊ ဖွဲ့က သမီးကို သံယောဇဉ်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ရှိသလို အရမ်းလည်းချစ်ရှာတာကိုး၊ အရင်အခြေအနေအတိုင်းဆိုရင်တော့ သမီး အခုလို လုပ်လိုက်တဲ့အတွက် မိုးမီးလောင်မယ့်ကိန်းပဲ၊ အခုအခြေအနေမှာတော့ ဖွဲ့ရဲ့စိတ်က အရင်လို ကလေးဆန်ပြီး မမိုက်မဲတော့ဘူး သမီး၊ အခုလိုကြားရတဲ့စကားတွေကြောင့် ဖွဲ့အတွက် မေမေ စိတ်မကောင်းပါဘူး”

“သမီး ဖွဲ့ကို သံယောဇဉ်ပဲထားနိုင်တာ၊ ချစ်လို့မရခဲ့ဘူး မေမေ၊ သူ့ကို သနားပေမယ့် ကိုကို့မျက်နှာကိုပဲ ကြည့်ရမယ်၊ သမီးက ကိုကို့ကို ချစ်ရတာကိုး၊ သမီးရှင်းပြတဲ့အချိန်မှာ ဖွဲ့ နားလည်လိမ့်မယ် ထင်ပါတယ်”

“ဝေဒနာဆိုတာ အကြာကြီးထားလို့ ကောင်းတာမျိုး မဟုတ်ဘူး၊ ထုထည်ကြီးကြီးမားမား မဖြစ်ခင် ကုစားတာ အကောင်းဆုံးပဲ၊ ခြေလွန်လက်လွန်တွေ ဖြစ်ကြမှဆိုရင်တော့ တစ်ယောက်နဲ့တစ်ယောက် ဒီတစ်သက် မခေါ်မပြောနိုင်တဲ့ အခြေအနေတွေ ဖြစ်ကုန်ကြလိမ့်မယ် သမီး”

“ဟုတ်ကဲ့ပါ မေမေ၊ အမွန့်အနေနဲ့ အတတ်နိုင်


www.burmeseclassic.com

www.burmeseclassic.com

ဆုံးနဲ့ အဆင်ပြေဆုံးဖြစ်အောင် ကြိုးစားပြီး ဇွဲကို ရအောင်နားချဖို့ ဆုံးဖြတ်ထားပါတယ်”

“အရမ်းတော့ လွယ်လွယ်ကူကူ ဖြစ်လာလိမ့်မှာ မဟုတ်ဘူးနော် သမီး၊ သမီးတို့လူငယ်တွေရဲ့ ကိစ္စ တိုင်းကို မေမေ ဝင်မပါချင်ပါဘူးကွယ်”

မေမေ့စကားတွေကတော့ သူမကို တမင်ခြောက်လှန့်နေ သလိုပင်။

ဇွဲတစ်ယောက် နားလည်နိုင်ပါစေဟု . . . သာ ကြိုပြီး ဆုတောင်းရသည်ပဲ။

◎ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၇။

“ကိုကိုဖွဲ့ ရောက်လာတယ် မမမွန်ရေ”

သူမရော ထက်ထက်သူတို့ပါ ကျောင်းသွားကြဖို့ ပြင်ဆင်နေခိုက်မှာ ဖြစ်၏။

ထက်ထက်သူက ဝမ်းသာအားရ ပြောလိုက်ပေမယ့် သူမကတော့ ဖွဲ့ကို ရင်ဆိုင်ဖို့ ဝန်လေးနေမိသည်။

အဝတ်အစားလဲပြီး အိမ်ရှေ့ကို မဖြစ်မနေ ထွက်လိုက်ရသည်။

“ပစ္စည်းတွေက များလှချည်လား၊ ဆီပုံးတွေရော၊ ကြက်သွန်ပြုပ်တွေရော”

www.burmeseclassic.com
BURMESE CLASSIC .com

"နယ်က ပြန်လာလို့ ဝယ်လာခဲ့တာလေ၊ ပစ္စည်းတွေ များလို့ အသိတစ်ယောက်ကားကို ခဏယူလာခဲ့တာ"

ဖွဲ့ကတော့ အိမ်ဖို့ ပစ္စည်းတွေကို သယ်ချနေ၏။ တွေ့တွေ့ချင်းမှာပင် ဖွဲ့ကို ပြောလိုက်မိသည်။

"ဖွဲ့ နည်းနည်းပိန်သွားတယ်၊ အသားတွေလည်း မဲသွားသလိုပဲ"

"ဟုတ်လိမ့်မယ် အမွန်၊ ပဲတွေဝယ်ဖို့ နယ်ထွက်သွားရတာလေ၊ အညာနေကြောင့်တော့ အသားမည်းနေမှာပေါ့"

"ကိုကိုဖွဲ့ရဲ့ အလုပ်တွေ အဆင်ပြေတယ် မဟုတ်လား"

"အရမ်းပြေတယ် ထက်ထက်၊ ထက်ထက်ကို ဖုန်နဲ့ဖိုးပေးမယ်၊ လက်စွပ်တစ်ကွင်းလည်း ကိုကိုဖွဲ့ လုပ်လာပေးတယ်"

"လက်စွပ်လိုချင်နေတာနဲ့ အတော်ပဲ၊ ပိုက်ဆံကိုတော့ ဒေါ်ဒေါ့်ကိုပဲ ပေးထားလိုက်ပါ၊ ဒေါ်ဒေါ့်ဆီက ပဲ လိုမှ ထက်ထက်တောင်းသုံးပါ့မယ်၊ ကိုကိုဖွဲ့ ပေးထား


www.burmeseclassic.com

www.burmeseclassic.com

တဲ့ပိုက်ဆံတွေ ထက်ထက်ဆီမှာ ရှိပါသေးတယ်”

“ယူထား ထက်ထက်၊ ကိုကိုဖွဲ့က အလုပ်တွေ ရှုပ်ရင် တော်တော်နဲ့ရောက်ဖြစ်မှာ မဟုတ်ဘူး၊ ဒေါ်ဒေါ့်ကိုလည်း ပိုက်ဆံသတ်သတ်ပေးမှာပါ၊ ဒေါ်ဒေါ့်ဖို့ကတော့ အညာထည်တွေ ဝယ်လာခဲ့တယ်၊ ဒေါ်ဒေါ့်ကို ကန်တော့ပါရစေ၊ ထက်ထက်ရော အမွှန်ရော အတူတူလာပြီးကန်တော့ကြရအောင်”

ဖွဲ့၏အပြုအမူတွေကြောင့် ရင်ထဲမှာ မကောင်း။ မေမေလည်း သူမနှယ် ခံစားနေရမည် ထင်၏။

ထက်ထက်သူကတော့ သူမတို့အခြေအနေတွေကို မသိထားသူမို့ စိတ်လွတ်ပေါ့ပါးစွာ ရွှင်မြူးနေ၏။

“သာဓုပါကွယ် . . . ဒေါ်ဒေါ့်အတွက် ဝယ်လာတဲ့ ပစ္စည်းတွေကိုပဲ လက်ခံပါရစေ ဖွဲ့၊ ဒီငွေတွေကိုတော့ ဖွဲ့ပဲ ပြန်ယူထားပါ၊ ငွေတွေက မလိုအပ်ပါဘူးကွယ်၊ ထက်ထက်တစ်ယောက်အတွက်က ဒေါ်ဒေါ်တို့အတွက် ဝန်မဖြစ်ပါဘူး”

“မဟုတ်တာဘဲ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ဟာ ဖွဲ့ရဲ့ မိဘဆိုလည်း ဟုတ်တယ်၊ ထက်ထက်ကို ဒေါ်ဒေါ်တို့နဲ့


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

စိတ်ချလက်ချ ထားခဲ့ရလို့ အလုပ်တွေကို နောက်ဆံမတင်းဘဲ ဖွဲ့လုပ်နိုင်တာ၊ ဖွဲ့ကို မိသားစုတစ်ယောက်လို သဘောမထားရင်တော့ ဒေါ်ဒေါ် ဒီငွေတွေကို လက်ခံဖို့ ငြင်းနိုင်ပါတယ်"

ဖွဲ့က စကားပြောလည်း အရင်လိုမဟုတ်။ စီးပွားရေးသမားပီသစွာ ချည်ပြီးတုတ်ပြီး ပြောဆိုတတ်နေပြီ။ မေမေကတော့ ဆက်ပြီး ငြင်းဖို့ နှုတ်အ, သွားရတော့၏။

"ထက်ထက်အတွက်လည်း လက်စွပ်ပါတယ်၊ ဒေါ်ဒေါ့်အတွက်လည်း ပစ္စည်းတွေပါတယ်၊ မမမွန်အတွက်ကျတော့ ဘာမှ ပါမလာဘူးလား ကိုကိုဖွဲ့"

"မပါဘဲနေမလား၊ နင်တို့ရှေ့မှာ မပေးချင်လို့ အာချောင်မနေနဲ့၊ နင် ကျောင်းသွားမှာ မဟုတ်လား၊ ငါ ကျောင်းလိုက်ပို့ပေးမယ်၊ ပြီးမှ အမွန်နဲ့ငါ အေးအေးဆေးဆေး စကားပြောကြမှာ သိရဲ့လား"

သူမရော ထက်ထက်သူပါ ကျောင်းသွားဖို့ ပြင်ဆင်ပြီးနေကြပြီ။ ဖွဲ့၏စကားအရဆိုရင်တော့ သူမနှင့်ဖွဲ့တို့ စကားတွေပြောဖြစ်ကြဦးမည်ပဲ။


www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော်ဇင်ငြိမ်းရဲ့ ကျေးဇူးတွေကတော့ တစ်နေ့ထက်တစ်နေ့ များများလာနေတော့တာပဲ အမွန်၊ ဖွဲ့ ဒီအလုပ်ထဲဝင်ဖြစ်ခဲ့တာရော၊ အခုဆိုရင် ဖွဲ့ဘာသာပဲ လုပ်ငန်းတွေ လုပ်ကိုင်နိုင်တာ ကိုကျော်ဇင်ငြိမ်းရဲ့လောင်းရိပ်က မကင်းဘူး၊ နယ်ရောက်သွားတော့လည်း ကိုကျော်ဇင်ငြိမ်းရဲ့ ကိုကိုကြီးက အစစအရာရာ ကူညီပေးတယ်၊ ကိုကျော်ဇင်ငြိမ်းတို့ မိသားစုအသိုင်းအဝိုင်းက တော်တော်ချမ်းသာကြပြီး လုပ်ငန်းတွေလည်း အများကြီးလုပ်ကြတာ၊ သူတစ်ယောက်သာ စီးပွားရေးသမားမဖြစ်ဘဲ ကျောင်းဆရာဖြစ်နေတာ၊ ဒါပေမဲ့ ကိုကျော်ဇင်ငြိမ်းကိုတော့ အားလုံးက ဝိုင်းချစ်နေကြတာ အမွန်ရဲ့"

"ဖွဲ့ရဲ့အလုပ်အကိုင်တွေ အဆင်ပြေတယ် ကြားလို့ ဝမ်းသာတာ အမွန်ပဲ၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ ပြီးတော့ ကျင်လည်ရတဲ့ အသိုင်းအဝိုင်းမှာလည်း အဆင်ပြေအောင်နေ၊ စီးပွားရေးလုပ်တာဆိုတော့ အမျက်ဒေါသကိုမပြုမိတာ အကောင်းဆုံးပဲ"


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ဖွဲ့ လိမ္မာနေပါပြီ အမွန်ရဲ့၊ အခုလောလော ဆယ်တော့ ကိုယ်ပိုင်လုပ်ငန်းတစ်ခုဖြစ်အောင် ကြိုး စားနေတယ်၊ အဆင်ပြေမှာပါ အမွန်၊ ကိုကျော်ဇင်ငြိမ်း ရဲ့ ကိုကိုကြီးရဲ့ အဆက်အသွယ်ကြောင့်ပဲ ပိုအဆင်ပြေ မှာ၊ ဒီက ပဲတွေကို အိတ်စပို့လုပ်နိုင်အောင် ဖွဲ့ ကြိုးစား ဆက်သွယ်နေတာလေ၊ ဖွဲ့မှာရှိတဲ့ ပိုက်ဆံက နည်းနေ ပေမယ့် အဆက်အသွယ်ကောင်းတော့ အဆင်ပြေဖို့ များတယ်၊ ကိုကျော်ဇင်ငြိမ်းမျက်နှာကြောင့်ပဲ ဖွဲ့ အတွက် ယုံကြည်မှုတွေရနေတာ"

ဖွဲ့လုပ်ငန်းကို သူမ နားမလည်။ ကိုကို့မိဘတွေအသိုင်း အဝိုင်းတွေအလုပ်ကိုလည်း အတွင်းကျကျမသိပေ။

"အမွန်တို့လည်း စာမေးပွဲနီးနေပြီ၊ ကျောင်းပြီး ရင်တော့ အမွန်လည်း အလုပ်တစ်ခု ရှာဦးမှပဲ"

"အဲဒီအချိန်ဆိုရင် ဖွဲ့က ကုမ္ပဏီဖြစ်ဖြစ်၊ ပွဲရုံ လုပ်ငန်းဖြစ်ဖြစ် ကိုယ်ပိုင်ဖြစ်နေမှာ၊ တခြားမှာ အမွန် လုပ်စရာမလိုဘူး၊ ဖွဲ့ဆီမှာပဲ လုပ်ပေါ့၊ အမွန့်ကို လခ ကောင်းကောင်းပေးမှာပေါ့"

ဖွဲ့စကားကြောင့်ပင် ရယ်မောဖြစ်သေးသည်။ သူမရင်ထဲ


www.burmeseclassic.com

www.burmeseclassic.com

မှာ ပြောချင်သာစကားတွေက ပြည့်နှက်လို့နေ၏။ ပြောမထွက်၊ ဆိုမထွက်တာလည်း ဇွဲကို သနားနေလို့ပဲ ဖြစ်၏။

“နေပါဦး ဇွဲ . . . အိမ်မှာပြောခဲ့တုန်းက အမွန့်အတွက် ပစ္စည်းပါတယ်ဆို၊ ဇွဲက ဘာများပေးမှာမို့လဲ”

“ဒီမှာကြည့် အမွန်”

သေသပ်လှပသော ဘူးလေးကို ဇွဲထုတ်ပြသည်။

အဖိုးတန်သော ရတနာပစ္စည်းတစ်ခုခုဖြစ်မှာကို သိလိုက်သည်။

“ဘာတွေများလဲ ဇွဲ၊ တန်ဖိုးကြီးကြီး ပစ္စည်းတွေများလား”

“ဒီပစ္စည်းရဲ့တန်ဖိုးထက် ဇွဲရဲ့ချစ်ခြင်းက ပိုပြီးတန်ဖိုးကြီးပါတယ် အမွန်၊ ဖြစ်နိုင်ရင် အမွန့်ကို စိန်စီပေးချင်တယ်၊ ဒီဆွဲကြိုးက ပလက်တီနမ်ဆွဲကြိုးပဲ အမွန်၊ ဒီနေ့ခေတ်စားနေတဲ့ ဖန်စီဆွဲကြိုးမျိုးပဲ၊ အမွန့်အသားအရေနဲ့ လိုက်သလိုပဲ၊ အမွန် ကြိုက်မယ်ဆိုတာ သိလို့ဝယ်ခဲ့တာလေ”

“ဇွဲရယ်”

“ဇွဲကိုယ်တိုင် ဆွဲပေးမယ်နော် အမွန်၊ အမွန်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဆွဲကြိုးကို ခဏဖြုတ်သိမ်းပြီးဘူးထဲပြန်ထည့်ထားပေါ့”

မေမေ ဆင်ပေးထားသော ရွှေဆွဲကြိုးကို ဖွဲ့ အရင်ဖြုတ်သိမ်းပေး၏။

ပလက်တီနမ်ဆွဲကြိုးလေးက ချစ်စရာပင်။ ဖွဲ့ကိုယ်တိုင်ပင် သူမလည်ပင်းမှာ ဆွဲပေးရှာ၏။

“ဖွဲ့”

“ဘာလဲ အမွန်”

“ဖွဲ့ကို အဖြေပေးမယ်လို့ ပြောခဲ့ထားတာ ရှိတယ်နော်”

“နေဦး အမွန် . . . ဖွဲ့ဘဝက ပြည့်စုံဖို့ ခြေလှမ်းစနေတုန်းပဲ၊ အခုချိန်မှာ အမွန်ပြောလည်း ဖွဲ့ နားမထောင်ချင်သေးဘူး၊ အမွန်ပြောရမယ့်အချိန်ကျရင် ဖွဲ့ကိုယ်တိုင် အဲဒီအဖြေကို တောင်းမယ်”

“မဟုတ်သေးဘူး ဖွဲ့”

“ကဲ အမွန် . . . ဖွဲ့တို့ စကားပြောကြတာလည်း ကြာပြီ၊ အမွန်လည်း ကျောင်းတက်စရာ ရှိသေးတယ်၊ ဖွဲ့လည်း အလုပ်တွေ ရှိသေးတယ်၊ အမွန့်ကို လွမ်းတဲ့စိတ်နဲ့ပဲ အလုပ်တွေကို ပိုလုပ်ဖြစ်နေတယ်”


www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမှန်၊ အဖြစ်မှန်တွေကို ပြောပြဖို့ စကားလုံး ရှာခဲ့ပေမယ့် အလကားဖြစ်သွားခဲ့၏။

ဇွဲတစ်ယောက် စကားစ မခံခဲ့ပေ။ သူ့မရင်ထဲမှာ စိတ်မကောင်းခြင်းတွေသာ ကြီးစိုးခဲ့သည်ပဲ။

ဝေဒနာကတော့ အဆောက်အအုံ ပိုပိုကြီးလာနေပြီလားလေ။ တကယ်တမ်း အခြေအနေအားလုံးကို သိလာချိန်မှာတော့ ဇွဲ ပိုလို့ခံစားရမည်ပဲ။

◎ ❧❧ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၈။

"အမှန်တကယ်ဆိုရင် ဒီနေ့ထမင်းစားပွဲကို ဖွဲ့ကို ပါ ဖိတ်သင့်တာ အမွှန်၊ အခြေအနေအရ မဖိတ်ရတာ၊ ဖွဲ့က ကိုကိုကြီးနဲ့ အတော်အဆင်ပြေနေပုံပဲ၊ ဖွဲ့ အကြောင်းကို မေမေတို့ကလည်း ပြောနေကြတာ သိလား အမွှန်"

ကိုကို့မေမေတွေ ရောက်လာသလို၊ ကိုကို့မောင်နှမတွေပါ ရန်ကုန်ဆင်းလာသည်မို့ ထမင်းစားပွဲကို စီစဉ်လိုက်ခြင်းဖြစ်၏။

"ကိုကို စီစဉ်ပြီးသားဖြစ်နေလို့သာ အမွှန် လိုက် လာခဲ့တာ၊ ကိုကို့မိဘတွေ အသိုင်းအဝိုင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင်ရမှာကို အမွန် ဒူးတုန်ချင်သလိုပဲ”

“ဘာလို့ ဒူးတုန်ရမှာလဲ အမွန်ရယ်၊ အမွန်က ချစ်မွှေးပါပြီးသားပဲ၊ အမွန့်ကို မြင်လိုက်တာနဲ့ အားလုံးက သဘောကျသွားမှာ သေချာတယ်၊ အမွန် ဒီနေ့ဆွဲတဲ့ ပလက်တီနမ်ဆွဲကြိုးလေးနဲ့က အရမ်းလိုက်တာပဲ၊ အရင်ဝတ်နေကျ ရွှေဆွဲကြိုးထက် ပိုလို့ လိုက်တယ်”

ကိုကို့မိဘတွေနှင့် ထမင်းလက်ဆုံစားမည့်ပွဲမှာ ပလက်တီနမ်ဆွဲကြိုးလေးကို ဝတ်ခဲ့မိသည်။

ကိုကိုကလည်း မှတ်မှတ်ရရ ချီးကျူးနေ၏။ ဇွဲဝယ်ပေးသည့် ပစ္စည်းလေးဖြစ်ကြောင်းကိုတော့ မပြောဖြစ်ဘဲ နေလိုက်မိသည်။

“ရောက်ခါနီးပြီလား ကိုကို”

ကားမောင်းနေသော ကိုကို့ပခုံးလေးကို လှမ်းတွယ်ရင်း မေးလိုက်၏။

“ရောက်ပြီ အမွန်၊ ဟော . . . ဟိုမှာ ကိုကိုကြီးတို့ကားတောင် ဆိုင်ထဲဝင်သွားပြီ”

ကိုကိုရှိနေပေမယ့် သူမ လက်ဖျားခြေဖျားတွေ အေးစက်နေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဆိုင်မျိုးမှာ တခမ်းတနား ညစာစားဖို့ဆိုတာ အိပ်မက်မက်မက်ဖြစ်ခဲ့။

ကိုကိုတို့အသိုင်းအဝိုင်းအလည်မှာ သူမက တင့်တယ်ပါ့မလား။

"ကိုကို့မေမေတို့နဲ့ တွေ့ရမှာကို ရင်တွေအရမ်းခုန်နေတာ သိလား၊ အဆင်မပြေရင် ဒုက္ခပဲလို့ တွေးတွေးကြောက်ကြောက်လာတယ်"

"ကြည့်စမ်း . . အမွန့်လက်ဖျားတွေ အေးစက်နေပါလား၊ ဘာလို့ကြောက်ရမှာလဲ အမွန်၊ အားလုံးကို ပြောပြီးသားပဲ၊ အမွန့်ကို တွေ့ချင်ဆုံချင်လွန်းလို့ သူတို့တွေ ရန်ကုန်ဆင်းလာကြတာလေ၊ အမွန် ဘာမှ မပူပါနဲ့၊ ကြောက်စရာလည်း မလိုဘူး၊ ကိုကို့အသိုင်းအဝိုင်းမှာ အမွန်က ပွဲတိုးပြီးသားပါကွယ်"

ကိုကိုက အားပေးစကားတွေ တဖွဖွပြောပြီး ဆိုင်ထဲသို့ ခေါ်လာခဲ့သည်။

မကြုံဖူးသော အတွေ့အကြုံမို့ ကြောက်နေမိတာတော့ အမှန်ပင် ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"လာ သမီးလေး၊ မေမေ့အနားမှာ ကပ်ပြီးထိုင်"

စားပွဲဝိုင်းသို့အရောက်မှာပင် ကိုကို့မေမေက လှိုက်လှဲစွာ ဖိတ်ခေါ်လိုက်၏။ ကိုကိုကတော့ အားလုံးနှင့် ရင်းနှီးပြီးသားမို့ သူမနှင့် မိတ်ဆက်ပေး၏။

"အမွန် . . . ဒါ ကိုကို့မေမေ၊ ဒါ ကိုကိုရဲ့ ကိုကိုကြီး၊ မမလေးကတော့ ရောက်မလာသေးဘူး အမွန်"

"ငါ့ညီလေးက ရှာတွေ့မယ့်တွေ့တော့လည်း ငယ်ငယ်ရွယ်ရွယ်၊ ကြန့်ရရ ချစ်စရာလေးကို ရအောင်ရှာနိုင်တာပဲ၊ ကိုကိုကြီးဂုဏ်ပြုပါတယ်ညီလေး"

"ဟုတ်တယ် သမီးလေး၊ မမြင်ရမတွေ့ရခင်ကတည်းက ဘယ်လိုပုံစံလေးလည်းဆိုတာကို တွေးနေမိတာ၊ အခုလို တွေ့လိုက်ရတော့ အပြစ်ပြောစရာ မရှိလောက်အောင်ပါပဲ"

သူမ၏ကြောက်ရွံ့ခြင်းတွေကတော့ တဖြည်းဖြည်း ပြေပျောက်လာ၏။

ရင်ထဲမှာရှိသည့်အတိုင်းပင် လူကြီးတွေကို ပြောပြလိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုခေါ်လို့သာ လိုက်လာခဲ့ရတာ၊ လူကြီးတွေက အမွန့်ကို အသိအမှတ်မပြုရင် ဒုက္ခပဲဆိုပြီး ဒီဆိုင်ထဲဝင်တဲ့အထိ တွေး, တွေးကြောက်နေမိတာ"

"အခု အမွန်စိုးရိမ်တာ ကြောက်တာတွေ လွင့်စင်ကုန်ပြီ မဟုတ်လား၊ ဒီနေ့ကတော့ မင်္ဂလာရှိပြီး ဝမ်းသာစရာအကောင်းဆုံး နေ့တစ်နေ့ပါပဲ"

စကားတွေ ပြောနေစဉ်မှာပင် သူမတို့ဝိုင်းသို့ အမျိုးသမီးတစ်ဦးရောက်လာ၏။

ချက်ချင်းပင် ကိုကိုက မိတ်ဆက်ပေး၏။ အမျိုးသမီးက သူမကို သေသေချာချာကြည့်၏။ ကြည့်တာမှ သူမ၏ပလက်တီနမ်ဆွဲကြိုးလေးကို ကိုင်ကြည့်မတတ်ပင်။

"မမလေး . . . ဒါ အမွန်လေ၊ ရည်မွန်ဦးတဲ့"

"ညီမလေးက တကယ့်ကိုချစ်စရာလေးပဲ"

ဝမ်းသာလှိုက်လှဲသော အမူအရာတွေ ပြနေပေမယ့် မျက်လုံးတွေကတော့ စူးစမ်းနေလွန်းသည်။ စားရင်းသောက်ရင်းကပဲ ပလက်တီနမ်ဆွဲကြိုးလေးကို ကြိမ်ဖန်ထပ်မျှ မျက်စိရောက်နေခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ဟော . . . မမမွန် ပြန်လာပြီပဲ၊ ကိုကိုဇွဲတောင် ရောက်လာသေးတယ် မမမွန်"

"ဟုတ်တယ် သမီး၊ သမီးကို စောင့်ဦးမလို့ပဲ၊ ညစာစားပွဲ သွားတာဆိုတော့ မိုးချုပ်မှာပဲဆိုပြီး မစောင့်ဘဲနဲ့ ပြန်သွားတာ"

ကိုကို့မိဘတွေ ညီအစ်ကိုမောင်နှမတွေနှင့်တွေ့ခဲ့တာ အားလုံးအဆင်ပြေ၏။ ဇွဲဆိုသောအသံကို ကြားလိုက်မှပင် ကတုန်ကယင်ဖြစ်သွားရသည်။

"စောစောက မမမွန်ကို လိုက်ပို့တာ ကိုကျော်ဇင်ငြိမ်းရဲ့ ကားမဟုတ်လား"

ကိုကိုပြန်လိုက်ပို့တာကို ထက်ထက်သူ တွေ့သွားပုံရသည်။

မေမေက သူမမျက်နှာကို လှမ်းကြည့်သည်။ သူမ ဘယ်ကို သွားပြီး ဘယ်သူတွေနှင့် တွေ့ဆုံသည်ကို မေမေ သိထားသည်ပဲ။

"ဟုတ်တယ် ထက်ထက်၊ အဲဒီပွဲမှာ ကိုကျော်ဇင်ငြိမ်းနဲ့ သွားဆုံတာလေ၊ လမ်းကြုံတာနဲ့ပဲ သူ့ကားနဲ့ ပြန်လိုက်လာခဲ့တာ"

"သြော် . . . သြော်"


www.burmeseclassic.com

ထက်ထက်သူကတော့ သူမ ပြောသမျှကို ယုံကြည်သွားဟန်တူသည်။ စာကြည့်စရာတွေကြောင့်ပင် ထက်ထက်သူ အခန်းထဲ ဝင်သွား၏။

"အမြဲတမ်းကြီး မုသားသုံးနေတော့မှာလား သမီးလေး"

"အဲဒီလိုလည်း မဟုတ်ပါဘူး မေမေ"

မေမေကတော့ ဖွဲ့ကိုရော၊ အားလုံးကိုပါ ပွင့်လင်းစွာ ပြောစေချင်၏။

"အဆင်ရော ပြေခဲ့ရဲ့လား သမီးလေး"

"ပြေပါတယ် မေမေ၊ ကိုကို့မေမေရော အစ်မနဲ့ အစ်ကိုတွေကပါ သမီးကို မြင်ရုံနဲ့ ဝိုင်းချစ်ကြတော့တာပဲ"

"မေမေ သိပါတယ်၊ ငါ့သမီးလေးကို မြင်ရင် တွေ့ရင် သူတို့တွေ သဘောကျမှာပါ။ သူတို့ဘက်က ဘာတွေများ ပြောကြသေးလဲ"

"သမီး စာမေးပွဲပြီးတာနဲ့ စေ့စပ်တာကို အရင် လုပ်မယ် မေမေ၊ မစေ့စပ်ခင်မှာ မေမေ့ဆီကို လူကြီး စုံရာနဲ့ အသိပေးကြမယ် ပြောတယ်၊ စေ့စပ်ပြီးတာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ရက်ကောင်းရွေးပြီး မင်္ဂလာဆောင်ပေးမယ် ပြောတယ် မေမေ”

“မင်္ဂလာဆောင်တဲ့အထိ ဖွဲ့ကို မပြောဘဲထားတော့မှာလား သမီး”

“ဒီကြားထဲ . . . ဖွဲ့နဲ့တွေ့ပြီး သမီးပြောပြဖြစ်မှာပါ မေမေ”

“သမီးဆန္ဒကိုတော့ ဖွဲ့လည်း ဘာမှတတ်နိုင်ရှာမှာ မဟုတ်ပါဘူး၊ ဖွဲ့ ခံစားရမှာတော့ သေချာတယ်”

တကယ်ဆို ဒီအကြောင်းတွေ ဖွဲ့အား မပြောပေ။ သူ့အလိုလို သိသွားခဲ့ရင် သိပ်ကောင်းမှာပဲ . . . ဟု တွေးမိသည်။ သူမကိုယ်တိုင်က စတင်ပြီးတော့ ရင်နာစရာစကားတို့ကို ပြောမထွက်ချင်ပေ။

BURMESE CLASSIC .com

www.burmeseclassic.com

# အပိုင်း ( သုံး )

www.burmeseclassic.com

မမြင်မကြားပေမယ့်

သခင်အနားမှာ ရစ်ဝဲ...။

တစ်သက်ကံ မဆုံချင်ရှိစေ

မနက်ဖြန် ကြုံရင် အကြည့်တွေနဲ့

တွယ်ငြိရင်ထဲ...။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၁။

သူ့အဓိကကျေးဇူးရှင်မှာ ကိုကျော်ဇင်ငြိမ်းပင် ဖြစ်သည်။

ဘဝတစ်လျှောက်လုံး ကမောက်ကမတွေဖြစ်နေခဲ့သော အမွေကိစ္စက လုံးလုံးပြီးပြတ်သွားသည်။

ကိုကျော်ဇင်ငြိမ်း၏ ကြားဝင်ဆောင်ရွက်ပေးမှုကြောင့်ပင် သူ့လက်ထဲတွင် ငွေသားသိန်းသုံးရာလောက် ပိုင်ဆိုင်နိုင်ခဲ့သည်။

ကိုကျော်ဇင်ငြိမ်း ဖြစ်စေချင်သော စီးပွားရေးသမား တစ်ယောက်ဖြစ်ဖို့ သူ အစွမ်းကုန်ကြိုးစားခဲ့၏။

သူ့လုပ်ငန်းကိုင်ငန်းတွေကလည်း ကိုကျော်ဇင်ငြိမ်း၏ အသိုင်းအဝိုင်းအရှိန်ဖြင့် အချိန်တိုတိုအတွင်းမှာ အံ့ဩဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

အောင် တိုးတက်ခဲ့၏။

"ဖွဲ့နဲ့ကိုယ် ပတ်သက်ခဲ့တာတွေအားလုံးကို မပြောထားဘူး၊ ကိုယ်တပည့်ဖြစ်တာပဲ ကိုကိုကြီးတို့ သိထားကြတာ၊ ဆိုးခဲ့ပေခဲ့တာတွေနဲ့ ဖွဲ့အခြေအနေကို ကိုယ်ဘာမှပြောမထားဘူး"

သူများပွဲရုံမှာ ကိုကျော်ဇင်ငြိမ်းကြောင့် အလုပ်ဝင်ဖြစ်သည်။

သူ့လက်ထဲ အရင်းအနှီးလေးရလာတော့ လုပ်ငန်းလုပ်ဖို့ အကဲစမ်းကြည့်သည်။

ကိုကိုကြီးနှင့်မမလေးတို့က အများကြီး အကူအညီပေးခဲ့သည်။

ကိုကျော်ဇင်ငြိမ်းနှင့်ပတ်သက်ပြီး လူရိုသေ၊ ရှင်ရိုသေ စီးပွားရေးသမားပေါက်စလေးအဖြစ် နေ့ချင်းညချင်း အသိအမှတ်ပြုခံခဲ့ရ၏။

"ဖွဲ့ကြိုးစားပါ၊ တတ်နိုင်သလောက်တော့ အမူအကျင့်တွေကို ရိုးသားပြပါ ဖွဲ့၊ စီးပွားရေးလုပ်တာ လောဘရှိရမယ်ဆိုပေမယ့် တရားသဖြင့် ရလာတဲ့ အခွင့်ရေးတွေကိုပဲ အသုံးချပါ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ဇင်ငြိမ်း ပြောဆိုခဲ့တာတွေကို သူမမေ့။ မနို
သောဝန်ကိုလည်း မထမ်းခဲ့။ သူ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ ကိုကျော်ဇင်ငြိမ်းတင်မကဘဲ ကိုကျော်ဇင်ငြိမ်း၏မိသားစု အသိုင်းအဝိုင်းကပါ မြေတောင်မြှောက်ပေးခဲ့သည်ပဲ။

"ကိုကျော်ဇင်ငြိမ်းက စီးပွားရေးကို လုံးဝ စိတ်ဝင်စားဟန် မတူဘူး၊ ကိုကိုကြီးတို့နဲ့ ဆုံဖြစ်တော့မှပဲ ဖွဲ့သိရတာ၊ ကိုကိုကြီးတို့ လုပ်နေတဲ့ အလုပ်တွေ ဒီလောက်များပြီး ဒီလောက်ကြီးကျယ်လိမ့်မယ်လို့ မထင်ခဲ့ဘူး၊ သာမန်အကူအညီလောက်နဲ့ နှုတ်၏ စောင်မခြင်းလောက်ပဲ ရလိမ့်မယ် ထင်ခဲ့တာ၊ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကိုကျော်ဇင်ငြိမ်းက ရေရေရာရာ ပြောပြခဲ့တာ မဟုတ်ဘူးလေ"

မမလေးထက်စာရင် ကိုကိုကြီးနှင့်က ယောက်ျားချင်းမို့ ပိုရင်းနှီး၏။

ကိုကိုကြီးနှင့်ဆက်ဆံရေးမှာ ပွင့်ပွင့်လင်းလင်း ရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ညီလေးက ပညာရေးကိုပဲ စိတ်ဝင်စားတာ ဖွဲ့၊ သူ့တပည့်တစ်ယောက်၊ ညီလေးလိုခင်တဲ့ ဖွဲ့ကို အကူအညီပေးပါလို့ပဲ ပြောတာ၊ ဖွဲ့က တကယ်တော်ပြီး တကယ်ကြိုးစားလို့ အခုလိုအခြေအနေ ရောက်ခဲ့တာပဲ၊ ဖွဲ့မှာ အစွမ်းအစတွေ ရှိနေတယ်ဆိုတာ တစ်ခါ နှစ်ခါ ဆက်ဆံရုံနဲ့ ကိုကိုကြီးတို့ သိနေပါတယ်"

ကိုကိုကြီးကတော့ ပွင့်လင်းလွန်း၏။ ကိုကိုကြီးတို့ကို အမှီပြုပြီး စီးပွားရေးလုပ်ငန်းထဲမှာ အလှမ်းကျယ်ခွင့်ရခဲ့ခြင်းပဲ။

"ဖွဲ့ လုပ်နေကိုင်နေတာတွေ အားလုံးဟာ ကိုကျော်ဇင်ငြိမ်းရဲ့ သွန်သင်ဆုံးမမှုတွေ၊ ကျေးဇူးတရားတွေနဲ့ လုံးလုံးမကင်းဘူး၊ ဆရာကောင်း တပည့်မို့ ပန်းကောင်းပန်ခွင့်ရတဲ့သဘောပါပဲ ကိုကိုကြီးရာ"

ကိုကိုကြီးနှင့်မမလေးတင်မက ကိုကျော်ဇင်ငြိမ်း၏ မေမေကပါ သူ့ကို ဂရုတစိုက်ရှိခဲ့၏။

"ဒါတော့ မဖြစ်နိုင်ဘူး ဖွဲ့၊ စီးပွားရေးနဲ့ လုပ်ငန်းကိုင်ငန်းနဲ့ ပတ်သက်လို့တော့ ဖွဲ့ဟာ ညီလေးရဲ့ တပည့်မဟုတ်ဘူး၊ ညီလေးက ပညာရေးကိုပဲ စိတ်ဝင်


www.burmeseclassic.com

www.burmeseclassic.com

စားတာ၊ ကိုကိုကြီးတို့လည်း ဘွဲ့အသီးသီးရခဲ့တာပဲ၊ ဘွဲ့ရရင်ပြီးရောဆိုတဲ့ အသိပဲ ရှိခဲ့ကြတာ၊ ညီလေးက စီးပွားရေးကို လုံးဝမျက်ကွယ်ပြုပြီး မဟာဆက်တက်တယ်၊ ဆရာဝင်လုပ်နေတာကြည့်ပါလား၊ အခု ကိုကိုကြီးတို့ လုပ်နေကြတဲ့ ပဲ၊ ပြုပ်၊ ကြက်သွန်ဈေးကွက်တွေကို သူ ဘာမှသိတာ မဟုတ်ဘူး၊ ဖွဲ့လုပ်တတ်ကိုင်တတ်တာက စိတ်ဝင်စားတာရယ် အရည်အချင်းကြောင့်ရယ်ပဲ”

ကိုကိုကြီးပြောတာလည်း သဘာဝကျနေပြန်၏။

“ဒါဆိုရင်တော့ အခုလိုလုပ်ငန်းတွေနဲ့ အခြေကျတာ၊ ဖွံ့ ရပ်တည်နိုင်တာဟာ သူ့ရဲ့အကူအညီတွေတော့ အများကြီးပါတယ်၊ လုပ်ငန်းနဲ့ ပတ်သက်ပြီး ကိုကျော်ဇင်ငြိမ်းက ဆရာအရင်း မဖြစ်ခဲ့ဘူးဆိုရင် ကိုကိုကြီးတို့ မမလေးတို့ ကြီးမေတို့ဟာ ဖွဲ့ရဲ့ ဆရာအရင်းအစစ်တွေပဲပေါ့”

သူ့စကားကြောင့်ပင် ကိုကိုကြီး ပြုံး၏။

သူတို့စကားပြောနေစဉ်မှာပင် ကြီးမေနှင့်မမလေးတို့ အပြင်မှ ပြန်ရောက်လာကြ၏။


www.burmeseclassic.com

www.burmeseclassic.com

"ဖွဲ့ ရန်ကုန်ဆင်းရင် သားလေးအတွက် ပစ္စည်းတွေ ထည့်ပေးလိုက်မယ်၊ မနက်ဖြန် ဆင်းမှာဆို"

"ဟုတ်ကဲ့ ကြီးမေ"

ကြီးမေကအစ ကိုကိုကြီးအဆုံး ကိုကျော်ဇင်ငြိမ်းကို ကလေးလေးတစ်ယောက်လို ယုယပြီး ချစ်နေကြ၏။

"ဖွဲ့ ရန်ကုန်ရောက်ရင်တော့ ပွဲရုံခွဲလေးတစ်ခု ကိုယ်ပိုင် ဖွင့်နိုင်အောင် လုပ်တော့နော်"

"ဟုတ်ကဲ့ပါ မမလေး"

မမလေးတို့၏ ခွင့်ပြုချက်အတိုင်းပင် ဖြစ်မြောက်အောင် လုပ်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်၏။

"မမလေးရေ . . . ဒီမှာ ဖွဲ့က မမလေးကို အပူကပ်စရာ ရှိလို့တဲ့"

"ဘာများလဲ ဖွဲ့"

"တခြားမဟုတ်ဘူး မမလေး၊ မမလေး ဝယ်နေကျဆိုင်က ပလက်တီနမ်ဆွဲကြိုးတစ်ကုံးလောက် လိုက်ဝယ်ခိုင်းမလို့တဲ့လေ"

"ဖွဲ့အတွက်လား၊ မမလေး ဝယ်နေကျဆိုင်က စိတ်ချရတယ်၊ ဈေးမှန်တယ် ဆိုပေမယ့် မိန်းမဝတ်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဒီဇိုင်းဆန်းတွေပဲ မျှားတာနော်”

“သူ့အတွက် မဟုတ်ဘူး မမလေးရေ၊ သူ့ ကောင်မလေးအတွက် လက်ဆောင်ပေးမှာ၊ သိပ် မကြာခင်မှာ ယူဖြစ်ကြမှာမို့လို့လေ၊ ဝယ်ပေးစရာ ရှိတာကို ဝယ်ပေးထားတာနေမှာပေါ့”

အမွန်နှင့်ပတ်သက်ပြီးတော့ အနည်းအကျဉ်းလောက်ကို ကိုကိုကြီး သိထား၏။ သူ့အလုပ်တွေ အခြေတကျဖြစ်သည့်အခါ လက်ထပ်မည့်အကြောင်းကိုတော့ စကားစပ်မိ၏။

✿ ✿

“နေပါဦး ဖွဲ့ . . . အခု ဖွဲ့ဝယ်ပေးရမယ့်သူက ဖွဲ့ထက် အသက်ကြီးလား၊ ဘာရယ်မဟုတ်ဘူးနော်၊ အရွယ်နဲ့လိုက်ဖက်မယ့် ဒီဇိုင်းဆန်းဆန်းလေးကို မမ လေး ရွေးပေးချင်လို့”

“ဖွဲ့နဲ့ အသက်အတူတူပါပဲ မမလေး”

မမလေးနှင့်စကားတွေပြောရင်း ဆိုင်ထဲဝင်လိုက်ကြသည်။ မမလေးလိုလူမျိုးသာ မရှိပါက ဒီလိုပစ္စည်းမျိုးကို သူ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ရှာနိုင်မည် မထင်ပေ။

"မမလေးပါလား၊ အရင်တစ်ခေါက်ကြည့်ထားတဲ့ကြိုးလေး ရှိသေးတယ်၊ ဈေးက မြင့်တာရယ်၊ မမလေးများ ယူမလားဆိုပြီး ဖယ်ထားပေးတာ၊ ဒီလို ဒီဇိုင်းအသစ်အဆန်းကို ဝတ်လိုက်လို့ မမလေးအနေနဲ့ သိပ်မကလက်သွားပါဘူး"

ဆိုင်ရှင်အမျိုးသမီးကတော့ မမလေးကို မြင်သည်နှင့် အရောင်းအဝယ်ဖြစ်အောင် ဆွယ်နေ၏။

"ဒီကြိုးလေး မရှိတော့ဘူးလို့ ထင်နေတာ၊ ရှိတော့ အတော်ပဲပေါ့"

"မမလေးကြိုက်တာ သိနေမှတော့ တခြားသူကို ဘယ်ရောင်းပါ့မလဲ၊ ရက်ခြားသွားလို့ ဈေးပိုမယူဘူး၊ အရင်ပြောထားတဲ့ ဈေးအတိုင်းပဲ ယူပါ၊ ဒို့ပြင်လူတွေ ဆိုရင်တော့ တစ်မျိုးပေါ့ မမလေးရယ်"

သူကတော့ ဘာမှမပြောဘဲ ဒီတိုင်းကြည့်နေမိသည်။ ပလက်တီနမ်ပစ္စည်းတွေက အမျိုးစုံနေ၏။

"ကျွန်မအတွက်တော့ မဟုတ်ဘူး၊ ကျွန်မ ညီမလေးတစ်ယောက်အတွက် လိုက်ဝယ်ပေးတာလေ"


www.burmeseclassic.com

BURMESE CLASSIC .com

အမျိုးပေါင်းများစွာရှိသည့်အထဲက ဆိုင်ရှင်ထုတ်ပေး သော ဆွဲကြိုးလေးမှာ အမြင်ဆန်းပြီး ချစ်စရာကောင်းလွန်းသည်။ မမလေးသဘောကျမည်ဆိုလည်း သဘောကျလောက်သည်။

အများသူငှာတွေ ဝတ်တာတွေတော့ "အရမ်းဝတ်ချင်တာပဲ" ဟု အမွန် ပြောခဲ့ဖူးသည်။ အဲဒီအခါက အမွန်ကို ဝယ်ပေးဖို့ ဖြစ်လိမ့်မည် . . . ဟု အိပ်မက်ပင် မမက်ရဲခဲ့။

"ဒီကြိုးလေး စ,ရောက်ကတည်းက မမလေး သဘောကျနေခဲ့တာ၊ အသက်နည်းနည်းကြီးသွားတော့ ကလက်သလိုဖြစ်မှာစိုးလို့၊ ကိုယ်နှစ်သက်လွန်းတဲ့ ပစ္စည်းလေး တခြားသူလက်ထဲ ရောက်မသွားဘဲ ကိုယ်နဲ့ ပတ်သက်နေတဲ့သူတစ်ယောက်ယောက်မှာ ရှိနေမှာဆိုတော့ တစ်မျိုးကျေနပ်ရသေးတယ် ဇွဲ"

နှစ်သက်စရာ ပစ္စည်းလေးများကို မြတ်နိုးခုံမင်တတ်သော မိန်းကလေးစရိုက်ကတော့ မမလေးမှာ ရှိနေသည်ပဲ။

ဒီဆွဲကြိုးလေးကို အမွန်တွေ့ရင်လည်း သဘောကျ နှစ်သက်မှာ သေချာ၏။

"ကိုကျော်ဇင်ငြိမ်းအတွက် ပစ္စည်းတွေ ပေးလိုက်မယ်ဆို မမလေး"



www.burmeseclassic.com

BURMESE CLASSIC .com

"ကားပေါ်မှာပါတယ် ဖွဲ့၊ မမလေးတို့လည်း ဖွဲ့နဲ့ ရှေ့ဆင့်နောက်ဆင့် ရန်ကုန်ဆင်းဖြစ်ဦးမှာ၊ မောင်လေးက သူ့အမျိုးသမီးနဲ့ တွေ့ပေးမလို့တဲ့လေ၊ အခုလို ကြားရမှပဲ မမလေးတို့လည်း စိတ်အေးရတော့တယ်"

"ကိုကျော်ဇင်ငြိမ်းနဲ့ ပတ်သက်ခွင့်ရတဲ့ အမျိုးသမီးကတော့ မမလေးတို့အတွက် စိတ်ကျေနပ်ရမှာ သေချာတယ်၊ ပြီးတော့ အဲဒီအမျိုးသမီးကလည်း အရမ်းကံကောင်းတဲ့သူတစ်ယောက် ဖြစ်နေမှာပဲ"

သူ့ကိစ္စတွေကိုချည်း ကိုကျော်ဇင်ငြိမ်း ကြားရလုပ်ပေးခဲ့သည်။ ကိုကျော်ဇင်ငြိမ်းနှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာကိစ္စတွေကို သူ မစပ်စုဖြစ်ခဲ့ပေ။

ကိုကျော်ဇင်ငြိမ်း၏အရွယ်နှင့် အနေအထားကလည်း အိမ်ထောင်ပြုသင့်နေပြီပဲလေ။

◎ ဓာဓာ ◎

www.burmeseclassic.com

၂။

ပွဲရုံဖွင့်နိုင်ဖို့ ဆက်တိုက်ဆိုသလိုပင် သူလုံးပန်းခဲ့ရသည်။ ကိုကျော်ဇင်ငြိမ်းနှင့် မဆုံဖြစ်ခဲ့ကြ။ သူ့အစီအစဉ်တွေ အားလုံး ပြည့်စုံပြီးမှ ကိုကျော်ဇင်ငြိမ်းနှင့် လူချင်းဆုံဖြစ်၏။

"အခုအခြေအနေမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီလို့ ကြွေးကြော်ရဲပြီ ကိုကျော်ဇင် ငြိမ်း၊ မမလေးတို့ ပွဲရုံဖွင့်ခိုင်းတာကို မဖြစ်ဖြစ်အောင် အားချင်းလုပ်ဖြစ်လိုက်တာ"

"ဝမ်းသာတယ် ဖွဲ့၊ အချိန်တိုတိုအတွင်းမှာ ဒီ အခြေအနေအထိ အောင်မြင်လိမ့်မယ်လို့ မထင်ထား



www.burmeseclassic.com

မိတာ အမှန်ပဲ၊ ကိုကိုကြီးတို့ မမလေးတို့ ပြောပြတော့မှ ကိုယ် တကယ်အံ့သြခဲ့ရတာ”

သူ့အောင်မြင်မှုတွေအတွက် ကိုကျော်ဇင်ငြိမ်းက လှိုက်လှိုက်လှဲလှဲ ပီတိဖြစ်ပြနေ၏။

“ရှေ့အပတ်ရုံးပိတ်ရက်မှာ ဖွဲ့ရဲ့ ပွဲရုံဖွင့်ပွဲ လုပ်မယ်၊ ပွဲရုံ နာမည်ကိုတော့ ‘ဖွဲ့မွန်ငြိမ်း’ လို့ ပေးထားတယ်၊ ဖွဲ့နာမည် အမွန့်နာမည် ပြီးတော့ ကိုကျော်ဇင်ငြိမ်းရဲ့ နာမည်တွေပါ ပါအောင် ပေးလိုက်တာ၊ ကိုယ့်စိတ်ကူးနဲ့ကိုယ် လျှောက်လုပ်ပြီး၊ ဆိုင်းဘုတ်တွေဘာတွေ အပ်ပြီးမှ ဗေဒင်မေးဖြစ်တော့တယ်၊ ဗေဒင်ဆရာက ကောင်းတယ် အောင်မြင်မယ်ပြောမှ သက်ပြင်းချရတာ၊ ဖွဲ့ပေးထားတဲ့ နာမည်ကို ဘာဖြစ်တယ် ညာဖြစ်တယ်ပြောပြီး အတင်းပြောင်းခိုင်းမှာကို စိုးရိမ်နေခဲ့ရတာလေ”

“ဖွဲ့ကတော့ ကိုယ်ဖြစ်ချင်တာတွေကို မဖြစ်ဖြစ်အောင် ကြိုးစားနိုင်ခဲ့တယ်”

“ပထမဆုံး ကျေးဇူးရှင်က ကိုကျော်ဇင်ငြိမ်းပဲ၊ ကိုကျော်ဇင်ငြိမ်းကြောင့်ပဲ ကိုကိုကြီးတို့က ဖွဲ့ကို ယုံယုံ



www.burmeseclassic.com

ကြည်ကြည်နဲ့ အကူအညီပေးခဲ့ကြလို့ အခုလိုအခြေ
အနေ ဖြစ်လာတာပဲ”

သူ့စကားတွေကတော့ ရင်တွင်းမှလာသော စကားတွေပင်။

ကိုကျော်ဇင်ငြိမ်းသာ သူ့အပေါ် သံယောဇဉ်မဖြစ်ဘဲ မပတ်သက်ဖြစ်ခဲ့ရင် သူ့ဘဝသည် ရေရေရာရာရှိဦးမှာ မဟုတ်ပေ။

“ဘယ်သူကပဲ အကူအညီပေးပေး၊ ဘယ်သူကပဲ
ကျေးဇူးတင်စရာဖြစ်အောင် လုပ်ခဲ့လုပ်ခဲ့ ကိုယ်ကိုယ်
တိုင်က အကောင်အထည်မဖော်ရင်တော့ ဘာတစ်ခုမှ
ဖြစ်လာမှာ မဟုတ်ဘူး ဇွဲ၊ ကိုယ့်အမြင်ပြောရရင်တော့
လူငယ်တော်တော်များများဟာ အရည်အချင်းတွေ
ရှိနေကြတယ်၊ သူတို့အတွက် ကောင်းသောပတ်ဝန်း
ကျင်၊ ကောင်းသောအခြေအနေတွေ မရှိလို့သာ အလ
ကားသက်သက်မဲ့ အစွမ်းအစတွေ အချိန်တွေကို
ဖြုန်းတီးပစ်သလိုမျိုး ဖြစ်နေခဲ့တာပဲ”

ကိုကျော်ဇင်ငြိမ်းဆီမှာ စီးပွားရေးအမြင် မရှိပေမယ့် လူငယ်တွေအပေါ် ထားသော စိတ်ထားကောင်းတွေက ပြည့်လျှံနေ၏။

သူကိုယ်တိုင်ကပင် ကိုကျော်ဇင်ငြိမ်း ဖြစ်စေချင်သည်များ

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ကို ပုံဖော်နိုင်ခဲ့ခြင်းကြောင့် ကျေနပ်မိသည်။

“ပွဲရုံဖွင့်ပွဲကိုတော့ ကြီးမေတစ်ယောက်ပဲ ရောက်မလာမှာ၊ ကိုကိုကြီးနဲ့ မမလေးတို့တော့ ရောက်လာကြလိမ့်မယ်၊ အဲဒီနေ့ပွဲကို အမွန့်ကိုပါ ခေါ်ရလိမ့်မယ်၊ ဖွဲ့ရဲ့အစွမ်းအစတွေအားလုံးကို မျက်ဝါးထင်ထင် အမွန် မြင်ရစေမယ်”

သူကတော့ သူ့စိတ်ကူးတွေ မျှော်လင့်ချက်တွေဖြင့် အတော်လေး တက်ကြွနေ၏။

ကိုကျော်ဇင်ငြိမ်း ပြောလိုက်သောစကားကြောင့် သူ့အား အင်တွေ ယုတ်လျော့သွားသလို ခံစားလိုက်ရသည်။

“နေဦး ဖွဲ့ . . . အဲဒီပွဲကိုတော့ ကိုယ် တက်နိုင်တော့မှာ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ ကိုကျော်ဇင်ငြိမ်း”

“လူချင်းမတွေ့ဖြစ်ကြလို့ ဖွဲ့ မသိသေးတာပါ၊ ပညာရေးအဖွဲ့နဲ့ ကမ္ဘောဒီယားကို နှစ်ပတ်လေ့လာရေးသွားဖို့ ကိုယ်အရွေးခံရတယ်၊ ဖွဲ့ရဲ့ပွဲရုံဖွင့်ပွဲအတွက်ရော၊ ကိုယ်ခရီးသွားဖို့အတွက်ပါ မမလေးတို့ ရန်ကုန်ကို ဆင်းလာကြလိမ့်မယ်”


www.burmeseclassic.com

ကြားရသောစကားက သူ့အတွက် ဝမ်းသာဝမ်းနည်းစရာ။

ကိုကျော်ဇင်ငြိမ်း ကမ္ဘောဒီယားသွားရမည်ဆိုသောကြောင့် ဝမ်းသာရသည်။ သူ့ပွဲရုံဖွင့်ပွဲကို မတက်ရောက်နိုင်ခြင်းကြောင့် ဝမ်းနည်းရ၏။

"ကြိုသိခဲ့ရင်တော့ ကိုကျော်ဇင်ငြိမ်း ပြန်လာမှ စီစဉ်ပါတယ်၊ အဲဒီလိုပဲ ရက်ရွှေ့လိုက်ရင်ကောင်းမယ် ထင်တယ်"

ပွဲရုံဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် စုံစုံလင်လင် ရှိစေချင်၏။

"အဲဒီလိုမလုပ်နဲ့လေ ဖွဲ့၊ ဖွဲ့က စီးပွားရေးလုပ်နေတာ၊ ကိုယ်တစ်ယောက်မရှိတာနဲ့ စီစဉ်ထားတာတွေကို ဖျက်လို့ဘယ်ဖြစ်မလဲ၊ အမွန်လည်း ရှိနေတယ်၊ မမလေးတို့ ကိုကိုကြီးတို့လည်း ရောက်လာကြမှာပဲ ဖွဲ့၊ စီစဉ်ပြီးထားတဲ့အတိုင်းပဲ ဖွဲ့ဆက်လုပ်ပါ"

သူလုပ်တာတွေ လောသွားခဲ့သည်။ အားလုံးနှင့် တိုင်ပင်ပြီးမှ ဒီပွဲရုံဖွင့်ပွဲလေးကို တခမ်းတနား လုပ်သင့်သည်။ အခုတော့ ကိုကျော်ဇင်ငြိမ်းတစ်ယောက် သူ့အနားမှာ မရှိနိုင်တော့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ကိုကိုဇွဲ"

ပွဲရုံအတွက် အပြင်အဆင်တွေကို သူကြီးကြပ်နေတုန်းမှာပင် ထက်ထက်သူ ရောက်လာ၏။ အလုပ်သမားတွေ၊ ပစ္စည်းတွေနှင့် ပွနေသည်မို့ အဝင်ဝမှာတင် ထက်ထက်သူ ရပ်နေ၏။

"ဝင်ခဲ့လေ ထက်ထက်"

"မဝင်တော့ဘူး ကိုကိုဇွဲ၊ ဧည့်သည်တစ်ယောက်လည်း ပါလာတယ်၊ ပြီးတော့ ကိုကိုဇွဲနဲ့ ဧည့်သည်ကို မိတ်ဆက်ပေးချင်လို့"

ထက်ထက်သူ၏ စကားပြီးတော့ တစ်နေ့က မြို့ထဲမှာ ကားချင်းယှဉ်ပြီး ဆုံဖြစ်လိုက်ခြင်းတို့အား ဆက်စပ်ပြီး သူ သဘောပေါက်သွား၏။

ဆေးသုတ်စရာရှိသည်များကို သေသေချာချာ မှာထားခဲ့ပြီး ထက်ထက်သူနှင့် လိုက်ခဲ့ရသည်။

"ညီမလေးတွေပေးမယ်ဆိုတဲ့ ဧည့်သည်က ယောကျ်ားလေး မဟုတ်လား"

"ဟုတ်တယ် ကိုကိုဇွဲ"

ထက်ထက်သူအသံတွေပြောင်းသွားသလို သူ့ကိုလည်း


www.burmeseclassic.com

မျက်နှာချင်းဆိုင်ဖို့ ဝန်လေးနေ၏။

"တစ်နေ့က ရွှေဘုံသာလမ်းမီးပွိုင့်စိမ်းခါနီးလေးမှာ ထက်ထက်နဲ့အတူတွေ့လိုက်ရတဲ့ကောင်လေးလား"

"ဟုတ်ပါတယ်၊ ကိုကိုဖွဲ့ အလုပ်တွေရှုပ်နေမယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ အပြစ်ရှိတယ်လို့ ယူဆပြီး ညီမလေးတို့ လာတွေ့တာပါ"

သူ့အလုပ်တွေနှင့်သူ ရှုပ်နေပြီး ထက်ထက်သူကို သူစိမ်းယောကျ်ားလေးနှင့် ကားတစ်စီးပေါ်မှာ တွေ့လိုက်ရတော့ စိုးရိမ်စိတ်ဖြစ်သွားမိသည်။

အခုအခြေအနေအတိုင်းဆိုရင်တော့ . . .

ထက်ထက်သူ ဦးဆောင်ခေါ်သွားသော ဆိုင်ထဲသို့ သူလိုက်ဝင်လိုက်ရသည်။

ဖျတ်ခနဲတွေ့လိုက်ရသည်မို့ ရုပ်ကိုတော့ အသေအချာ မမှတ်မိ။ ထက်ထက်သူတို့နှင့် ရွယ်တူလောက်ပဲ ရှိဦးမည်ထင်၏။

"အစ်ကိုကြီး အအေးပဲ သောက်မှာလား"

"ရပါတယ် အဆင်ပြေတာ တစ်ခုခုပေါ့"

'နှမလင်နေတော့ မောင်ဘာဖြစ်သည်' . . . ဆိုသော



www.burmeseclassic.com

www.burmeseclassic.com

စကားပုံအတိုင်းပင် အနေအထိုင် ကျပ်နေသည်။ ကောင်းလေးက တော့ ရည်ရည်မွန်မွန်လေးပဲ ဖြစ်၏။

ကောင်းလေးမှာပေးသော အအေးရောက်လာချိန်အထိ ညီမလေးနှင့်ကောင်းလေးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတုန်းပင် ရှိသေး၏။

ထက်ထက်သူက အတင်းမျက်နှာရိပ်ပြတော့မှ . . .

"အစ်ကိုကြီးကို လာတွေ့ရတဲ့အတွက်ရော၊ အခု လိုပြောရတဲ့အတွက်ပါ ကျွန်တော် ကြိုတောင်းပန်ပါရစေ၊ ကျွန်တော်နဲ့ ထက်ထက်တို့ ချစ်သူတွေ စဖြစ်တာ အစ်ကိုကြီးနဲ့ဆုံတဲ့နေ့ကပါပဲ၊ ထက်ထက်နဲ့ ကျွန်တော် တစ်တန်းတည်းသားတွေပါ၊ ပြီးတော့ ကျွန်တော်က လည်း မိကောင်းဖခင်သားသမီးတစ်ယောက်ပါ အစ်ကိုကြီး၊ အစ်ကိုကြီး တွေ့သွားတာကို ထက်ထက် က အရမ်းကြောက်နေတာ၊ ဒါကြောင့် ကျွန်တော် . . ကျွန်တော်ကိုယ်တိုင် အစ်ကိုကြီးဆီ ရောက်လာပြီး အသိပေးတာပါ"

လူငယ်သဘာဝ ချစ်ကြကြိုက်ကြတာ မဆန်းပေ။ ပြီးတော့ ဆေးကျောင်းသူ ဆေးကျောင်းသားချင်းဖြစ်ရုံမက ကောင်းလေးက


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

လည်း သူ့အဆင့်နှင့်သူ ရှိနေသူဖြစ်၏။

"ဒါနဲ့ နာမည်က"

"ဟိန်းစိုးအောင်ပါ အစ်ကိုကြီး၊ ကျွန်တော့်မိဘတွေနဲ့လည်း ထက်ထက်ကို တွေ့ပေးဖို့စီစဉ်နေပါတယ်၊ ကျွန်တော်တို့နှစ်ယောက် ကျောင်းပြီးတာနဲ့ လက်ထပ်ကြမှာပါ"

"ငါကလည်း ထက်ထက်နဲ့ပတ်သက်ရင် အစ်ကိုဆိုတဲ့နေရာထက် အဖေနဲ့အမေနေရာမှာ နေရတာဆိုရင် ပိုမှန်မယ်၊ အခုလောလောဆယ်အနေအထားမှာတော့ ငါ့အနေနဲ့ လက်လွှတ်စပယ်လိုမျိုး ဖြစ်နေတယ်၊ သူ့နှမကိုယ့်နှမပဲ ဟိန်းစိုးအောင်၊ မင်း သစ္စာရှိဖို့ပဲ လိုတယ်၊ သစ္စာမဲ့ခဲ့ရင်တော့ ငါ ဘယ်လိုလူစားမျိုးလဲဆိုတာကို ထက်ထက်ကိုသာ မေးကြည့်ပေတော့၊ ငါ့ဘဝမှာ ငါ့အနီးအနားမှာ ငါ့ညီမလေးတစ်ယောက်ပဲ ရှိတာနော်"

"စိတ်ချပါ အစ်ကိုကြီးရာ၊ ထက်ထက်အပေါ်မှာ သေတစ်ပန်သက်တစ်ဆုံး သစ္စာမြဲပါ့မယ်"

ထက်ထက်သူကတော့ ဘာတစ်ခွန်းမှ ဝင်မပြောပေ။


www.burmeseclassic.com

www.burmeseclassic.com

သူတို့မောင်နှမနှစ်ယောက်၏ ကံဇာတာကတော့ အကောင်းဘက်ကို ရောက်လာခဲ့ပြီ။ ညီမလေးအတွက် ဝမ်းသာရသလို၊ စိတ်လည်းချရတော့၏။

⓪ ⁓⁓ ⓪

www.burmeseclassic.com

www.burmeseclassic.com

၃။

ပထမအစီအစဉ်က သူ့ပွဲရုံသို့ အမွန်နှင့်ထက်ထက်သူတို့ ကားငှားပြီး လာကြဖို့ပဲ ဖြစ်၏။

ဘုန်းတော်ကြီးများ၏အချိုပွဲအတွက် မုန့်ဝယ်စရာပေါ် လာသည်မို့ အသိကားကိုယူပြီး ထွက်လာရင်းက အမွန်တို့ကို ဝင်ခေါ်ခြင်းဖြစ်၏။

သူရောက်သွားတော့ အမွန်တို့ခြံရှေ့မှာ ဟိန်းစိုးအောင် ကားရပ်ထားသည်ကို တွေ့ရသည်။

"အစ်ကိုကြီးပါလား"

သူ့ကို တွေ့တွေ့ချင်းမှာပင် ထိုင်ရာမှထပြီး ဟိန်းစိုး



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အောင် နှုတ်ဆက်၏။

ပွဲရုံဖွင့်ပွဲနှင့်ပတ်သက်ပြီး ဟိန်းစိုးအောင်ကို ဖိတ်ဖို့ မေ့လျော့သွားခဲ့၏။

"အမွန်တို့ရော . . . သူတို့ကို လမ်းကြုံတာနဲ့ လှည့်ပြီး ဝင်ခေါ်တာ"

"ထက်ထက်တို့က သူတို့ဘာသာ ကားငှားသွားမလို့ပဲ၊ ကျွန်တော်လိုက်ပို့ပေးမယ်လို့ ကတိပေးထားလို့လေ အစ်ကိုကြီး"

"အေးကွာ . . . ငါလည်း မင်းကို ဖိတ်ဖို့မေ့သွားတယ်၊ မင်းလိုက်ပို့မယ်မှန်းသိရင် ဝင်မခေါ်ပါဘူး"

အမွန်နှင့်ညီမလေးတို့ကတော့ ပြင်ပြင်ဆင်ဆင်ဖြင့် အခန်းထဲမှ ထွက်လာကြ၏။

"ဒေါ်ဒေါ်က အဝတ်မလဲသေးပါလား၊ ဘာလဲ ဒေါ်ဒေါ် မလိုက်ဖြစ်တာလား"

"မလိုက်တော့ပါဘူး၊ သမီးနဲ့ထက်ထက်တို့ လိုက်ရင် ပြီးတယ် မဟုတ်လား ဖွဲ့ရယ်"

"မေမေက သိပ်နေမကောင်းဖြစ်ချင်နေတာ၊ ဒါကြောင့် အမွန်တို့ကလည်း အတင်းအကျပ် မခေါ်


www.burmeseclassic.com

www.burmeseclassic.com

တော့တာ”

ဒီပုံစံဆိုရင်တော့ အမွန်က သူမောင်းလာသောကားနှင့် လိုက်ပြီး ထက်ထက်သူက ဟိန်းစိုးအောင်ကားနှင့် လိုက်ဖို့သာ ရှိတော့၏။

“ဒါဆိုလည်း သွားကြတာပေါ့၊ အမွန်က ဖွဲ့ရဲ့ ကားနဲ့ လိုက်ပေါ့”

“ကောင်းတယ် ဖွဲ့”

ကားပေါ်ရောက်မှပင် အမွန့်ကို အသေအချာကြည့်ဖြစ်သည်။

သူဝယ်ပေးထားသော ပလက်တီနမ်၊ ဆွဲကြိုးလေးကတော့ အမွန့်အပြင်အဆင်ကြားမှာ ထင်းခနဲပေါ်နေ၏။

“ကားကို ဂရုတစိုက် မမောင်းဘဲ ဘာလို့ အမွန့်ကိုချည်း ကြည့်ကြည့်နေရတာလဲ ဖွဲ့”

“အမွန်က လှလို့လေ၊ ဒီလိုပွဲမျိုးမှာ ဒီပလက်တီနမ်ကြိုးလေးနဲ့ အရမ်းလိုက်ဖက်တာပဲ”

“သိပ်မြှောက်မနေနဲ့ ဖွဲ့”

အမွန့်အလှ၊ အမွန့်သံယောဇဉ်များကတော့ သူ့ရင်ကို ထုထည်ကြီးမားစွာ ရစ်ပတ်နှောင်ချည်ဆဲ။ သူ့နှလုံးသားကလည်း


www.burmeseclassic.com

အမွန်တစ်ယောက်တည်းကိုပင် အခါမလပ် တမ်းတနေဖြစ်ခဲ့၏။

"ဒါနဲ့ အမွန် . . . ဟိန်းစိုးအောင်ဆိုတဲ့ ငနဲလေးက အမွန်တို့အိမ်ကို အဝင်အထွက် ရှိနေတာပေါ့ ဟုတ်လား၊ ဖွဲ့ကတော့ ထက်ထက်တို့ကိစ္စကို အမွန်တို့ မသိသေးဘူး ထင်နေတာ"

"သိပ်သိတာပေါ့ ဖွဲ့၊ ထက်ထက် အဖြေမပေးခင်ကတည်းက ဟိန်းစိုးအောင်က အိမ်ကိုရောက်ဖူးနေတာ၊ ထက်ထက်ကလည်း ကိစ္စအားလုံးအတွက် ပွင့်ပွင့်လင်းလင်းပဲ တိုင်ပင်တယ် ဖွဲ့"

"ဟုတ်တယ် . . . ဖွဲ့ကလည်း ညီမလေးကို အမွန်တို့လက်ထဲမှာ စိတ်ချလက်ချထားခဲ့တာလေ"

"ဖွဲ့က သူတို့နှစ်ယောက်ကို ရုတ်တရက်တွေ့သွားတဲ့ကိစ္စမှာလည်း ဟိန်းစိုးအောင်ကိုယ်တိုင် ဖွဲ့ဆီသွားပြီး ဖွင့်ပြောဖို့ကို အမွန်ကပဲ အကြံပေးလိုက်တာလေ"

အမွန်တစ်ယောက်ကတော့ တကယ်အားကိုးရသည်။

သူ့ကိစ္စကိုသာမက ညီမလေးကိစ္စမှာလည်း ဝင်ပြီးဖြေရှင်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ညီမလေးကို အခုလို သွေးသားရင်းမခြား စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်တယ် အမွန်"

"ထက်ထက်တို့ကိုစွန့် ပတ်သက်ပြီး ဖွဲ့ကို ပြောပြ မလို့ပါပဲ၊ ဖွဲ့ကလည်း ဖွဲ့အလုပ်နဲ့ဖွဲ့ ရှုပ်နေတာ မဟုတ် လား၊ အေးအေးဆေးဆေးလည်း စကားပြောဖြစ်ချိန် လည်း မရှိခဲ့ဘူး၊ ဒီလိုဖြစ်နေတုန်းမှာပဲ ထက်ထက်တို့ ကို ဖွဲ့က တွေ့သွားခဲ့တာပဲ"

သူ့ဘဝကတော့ အတော်လေးကို ပြည့်စုံနေပြီ . . . ဟု ဆိုချင်သည်။

ညီမလေးအတွက်လည်း နောက်ဆံတင်းစရာ မလိုတော့ပေ။ သူလိုချင်သော အဖြေအတွက်လည်း အမွန့်ဆီက ကြားရဖို့ မဝေးတော့ပြီ . . . ဟု တွေးရင်း ပျော်နေမိပြန်သည်။

❧ ❧

သူ့ပွဲရုံ ဖွင့်ပွဲလေးက မထင်မှတ်ဘဲ စည်ကားသွားခဲ့တာ သူနှင့်လုပ်ငန်းအတူ လုပ်ဖူးဆက်ဆံဖူးကြသူများအားလုံး ပွဲရုံဖွင့်ပွဲ


www.burmeseclassic.com

www.burmeseclassic.com

သို့ တက်ရောက်ခဲ့သည်။ သူ့အနားမှာလည်း အမွန်ရှိနေ၏။ ညီမ လေးအပြင် ဟိန်းစိုးအောင်ပါ ရှိနေသည်။ ကိုကျော်ဇင်ငြိမ်း တစ်ယောက်သာ နိုင်ငံရပ်ခြားရောက်နေသည်မို့ သူ့ပွဲရုံဖွင့်ပွဲကို မတက်ရောက်နိုင်ရှာပေ။

"အမွန် . . . ဟိုမှာ ကိုကျော်ဇင်ငြိမ်းရဲ့ ကိုကို ကြီးနဲ့ မမလေးတို့ လာနေကြပြီ"

အမွန့်ကိုတော့ ကိုကိုကြီးတို့က မရင်းနှီးကြ။ သူနှင့်ပတ် သက်ပြီး သူပြောထားသမျှတွေနှင့်သာ အမွန့်ကို မမလေးတို့ သိထား ကြ၏။

"ဖွဲ့ရဲ့ ပွဲရုံဖွင့်ပွဲက မမလေးတို့ ထင်ထားတာ ထက်တောင် လူစည်နေသေးတယ်"

"မမလေးတို့ အေးအေးဆေးဆေးမှပြန်နော်၊ မမလေးတို့က ဖွဲ့ရဲ့ လူရင်းတွေ မဟုတ်လား"

မမလေးတို့ ကိုကိုကြီးတို့ကတော့ သူနှင့်ပတ်သက်သော ကောင်မလေးကို သိချင်နေပုံရ၏။

အမွန်နှင့်ညီမလေးတို့နှစ်ယောက်ကို မမလေးတို့က အသေအချာ အကဲခတ်နေ၏။

အမွန်နှင့်ညီမလေးတို့အလစ်တွင် ကိုကိုကြီးနှင့်မမလေးတို့


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

က သူ့ကို တိုးတိုးလေး ကပ်မေး၏။

"ဒါနဲ့ ဖွဲ့ ပလက်တီနမ်ဆွဲကြိုးဝယ်ပေးဖူးတဲ့ ကောင်မလေးရော ဒီပွဲကို မလာဘူးလား"

"မမလေးကလည်း မမလေးတို့ကို ဧည့်ခံနေတဲ့ နှစ်ယောက်ထဲက တစ်ယောက်လေ၊ ဖွဲ့ကတော့ အမွှန် လို့ပဲ ခေါ်တယ်၊ သူ့နာမည်က ရည်မွှန်ဦးတဲ့၊ အမွှန့် လည်ပင်းမှာ အဲဒီဆွဲကြိုးလေး ဆွဲထားတယ်၊ ကျန်တဲ့ တစ်ယောက်က ဖွဲ့ရဲ့ တစ်ဦးတည်းသော ညီမလေး ထက်ထက်သူတဲ့"

အမွှန်နှင့်ထက်ထက်သူတို့ကို မျက်နှာချင်းဆိုင် မိတ်ဆက် မပေးမိပြန်။ သူ့ဘက်က အမွှန်နှင့်ပတ်သက်ပြီး အခိုင်အမာတွေ ပြောထားလေတော့ မမလေးတို့ ကိုကိုကြီးတို့ လူသူရှေ့မှာ စကား ပြောတာတွေ လက်လွန်ခြေလွန်ဖြစ်သွားမည်ကို သူစိုးရိမ်၍ ဖြစ်၏။ အခန့်မသင့်ရင် ကိုကိုကြီးနှင့်မမလေးတို့၏စကားတွေကြောင့် သူ့ကို အမွှန် စိတ်ခုသွားနိုင်၏။

"ဟုတ်လား၊ ဖွဲ့ ဆွဲကြိုးဝယ်ပေးတဲ့သူက အမွှန် တဲ့လား၊ ဖွဲ့နဲ့ လက်ထပ်မယ်ဆိုတာ သူပဲပေါ့"

"ဟုတ်တယ် မမလေး၊ အမွှန်က သိပ်ရှက်တတ်


www.burmeseclassic.com

www.burmeseclassic.com

တာ အထူးသဖြင့် ဖွဲ့နဲ့ ပတ်သက်ပြီး ရှက်တတ်တာလွန်ရော၊ မမလေးတို့ သူ့ကို အရမ်းမနောက်ကြနဲ့ဦးနော်"

သူ့စကားတွေကြောင့်ပဲလား၊ ဒါမှမဟုတ် အမွန်၏လှုပခြင်းတွေကြောင့် သူနှင့်မထိုက်တန်လိုက်တာဟု . . အံ့သြ၍လားမသိ ကိုကိုကြီးနှင့်မမလေးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြ၏။

အမွန်နှင့်ထက်ထက်သူတို့ စားစရာတွေဖြင့် ဝိုင်းဆီသို့ ပြန်အရောက်မှာပင် ဧည့်သည်တွေ ထပ်ရောက်လာသည်မို့ မမလေးတို့ကို ခွင့်တောင်းပြီး သူ ဧည့်ခံနေရပြန်၏။

❦ ❦

သူကြိုးစားခဲ့သော အလုပ်များကို ကင်ပွန်းတပ်ခွင့်ရသော ပွဲလေး။ ရှေ့လျှောက်ပြီး အောင်မြင်မှုတွေရဖို့အတွက် လူတွေအား အသိပေးခဲ့သော ပွဲလေးကတော့ အောင်အောင်မြင်မြင်နှင့် ပြီးမြောက်ခဲ့၏။ မမလေးတို့အပါအဝင် သူ့လုပ်ငန်းခွင်မှအသိအကျွမ်းများရှေ့မှာ အမွန့်ကို ကြွားဝါပြနိုင်ခဲ့သည်။ အမွန်ကတော့ ဧည့်သည်တွေကို သူအပင်ပန်းခံပြီး ဧည့်ခံရှာသည်ဟုသာ ထင်ပေ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

မည်။ တက်ရောက်လာကြသူများကို ဧည့်ဝတ်ပြုရင်း အမွန်နှင့် ပတ်သက်၍ ကြွားခဲ့သည်ကိုတော့ အလုံးစုံ မသိနိုင်ရှာခဲ့ပေ။

"ကိုကိုကြီးနဲ့ မမလေးတို့က ဖွဲ့ကို အတော်လေး ခင်မင်ကြတာပဲနော်၊ အမွန်က အဲဒီလောက်ထိ မထင်ထားမိတာ အမှန်ပဲ ဖွဲ့"

"ဟုတ်တယ် အမွန်၊ ကိုကျော်ဇင်ငြိမ်းနဲ့ ပတ်သက်ပြီး မမလေးတို့မိသားစုက ဖွဲ့ကို သွေးသားရင်းလိုပဲ စောင့်ရှောက်ပေးခဲ့ကြတာ၊ သူတို့ရဲ့ အရိပ်အာဝါသကြောင့်ပဲ ဒီအခြေအနေအထိ ဖွဲ့ဖြစ်လာခဲ့တာလေ အမွန်"

သူကြိုတင်ကာထားသော စကားတွေကြောင့်ပင် အမွန့်ကို မမလေးတို့က အရမ်းကြီး စပ်စုကြမှာ မဟုတ်ပေ။

အမွန်ကလည်း မမလေးတို့နှင့် ရင်းနှီးခွင့်ရသည့်အတွက် ကျေနပ်နေ၏။

"ကိုကျော်ဇင်ငြိမ်းရှိရင် အရမ်းကံကောင်းမှာပဲလို့ ဆရာကိုခင်ဝင်းကတောင် ပြောသွားသေးတယ် ဖွဲ့"

"ဟုတ်တယ် အမွန်၊ အခုနောက်ပိုင်း စီးပွားရေး


www.burmeseclassic.com

www.burmeseclassic.com

ကို အရမ်းဇောကပ်ခဲ့တာကို ဝန်ခံပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဇွဲ အနီးနားက အမွန်တို့ ကိုကျော်ဇင်ငြိမ်းတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဇွဲ လျစ်လျူရှုသလိုမျိုး ဖြစ်ခဲ့တယ်၊ တကယ်ဆို ဒီပွဲလေးလုပ်တာကို အားလုံးနဲ့ တိုင်ပင်ပြောဆိုပြီးမှ လုပ်သင့်တာလေ၊ အခုတော့ ကိုကျော်ဇင်ငြိမ်းတစ်ယောက် ဒီပွဲကို လုံးဝမတက်နိုင်ခဲ့ဘူး”

“ဖြစ်တတ်ပါတယ် ဇွဲ၊ ဒီအတွက် အမွန်တို့ ကိုကျော်ဇင်ငြိမ်းတို့က ဇွဲကို အပြစ်မတင်ပါဘူး၊ ဇွဲရဲ့ အောင်မြင်မှုတွေအတွက် ပီတိဖြစ်လို့ မဆုံးဘူးလေ”

ပွဲရုံဖွင့်ပွဲလေးပြီးတော့ အမွန်နှင့်အေးအေးဆေးဆေး စကားပြောဖို့ သူစဉ်းစားမိသည်။

ဒါပေမဲ့ အခြေအနေက မပေးခဲ့ပြန်။

“အမွန် ထက်ထက်တို့ သူတို့ဘာသာပြန်ပစေ၊ အမွန်နဲ့ဇွဲလည်း တစ်နေရာရာမှာ အေးအေးဆေး ဆေးစကားပြောကြရအောင်နော်”

“နောက်မှပြောကြတာပေါ့ ဇွဲ၊ ဒီကအပြန် ဟိန်းစိုးအောင်ရဲ့အိမ်ကိုသွားဖို့ ပြောပြီးဆိုပြီးသား


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတယ်၊ ထက်ထက်နဲ့ ဟိန်းစိုးအောင်မိဘတွေနဲ့ တွေ့ကြမှာ၊ အမွန်က ထက်ထက်အတွက် အဖော်လိုက်ပေးရမှာ ဖွဲ့”

အမွန့်စကားကြောင့်ပင် သူ့ဆန္ဒတို့ ပျက်ပြယ်ခဲ့ရ၏။

ညီမလေး၏အရေးကိစ္စမို့ အတင်းအကျပ် တောင်းဆိုလို့ မဖြစ်ပြန်။ ကာလများစွာ စိတ်ရှည်ခဲ့ပြီးမှတော့ ဒီတစ်ကြိမ်ကိုလည်း သူ စိတ်ရှည်ပေးရဦးမည်ပဲ။ မကြာခင်သောကာလများမှာ အမွန်နှင့် သူတို့၏အိပ်မက်တွေက တကယ်ပင် ဖြစ်လာတော့မည်လေ။

◎ ❧❧ ◎

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၄။

ပွဲရုံဖြစ်ပြန်တော့ အရင်ထက်ပိုပြီး သူအလုပ်ရှုပ်လာသည်။ အရင်တုန်းကမှ သူတစ်ယောက်တည်းလိုလို အလုပ်တွေ လုပ်ရတာပဲ ရှိသည်။ အလုပ်သမားတွေ ခန့်ထားဖြစ်တော့ သူတို့တွေကို ထိန်းသိမ်းရသည့်အလုပ်၊ ပြီးတော့ စီမံခန့်ခွဲပေးရသည်များက ပိုလာခဲ့သည်။

"ဖွဲ့ကတော့ အလုပ်တွေနဲ့ လက်မလည်ဘူးနဲ့ တူတယ်"

သူ့စိတ်ထဲမှာတော့ မမလေးတို့မောင်နှမ ရန်ကုန်မှပြန်သွားကြပြီ . . . ဟု အောက်မေ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com

မမလေးတို့ ရုတ်တရက်ရောက်လာရုံတင်မကဘဲ ကြီးမေကိုပါ မမလေးတို့နှင့် အတူတွေ့လိုက်ရသည်။

"မမလေးတို့ကို ပြန်သွားကြပြီလို့ ထင်နေတာ၊ ဘာလဲ နောက်တစ်ခေါက် ရန်ကုန်ကို ပြန်ဆင်းလာကြတာလား"

သူ့အဖို့ အလုပ်တွေ ရှုပ်နေသော်လည်း မမလေးတို့အတွက်ဆိုရင်တော့ အချိန်မဖြစ်ဖြစ်အောင် ပေးရမည်ပဲ။

"မပြန်ဖြစ်သေးတာပဲ ဖွဲ့၊ မမလေးတို့ရဲ့ ကိုယ်ရေးကိုယ်တာ အရေးကြီးကိစ္စရှိနေတာနဲ့ မပြန်ဖြစ်ကြတာလေ၊ မေမေ့ကိုပါ လှမ်းခေါ်လိုက်ရတာ၊ မောင်လေးကျော်ဇင်ငြိမ်းနဲ့ လူချင်းတွေ့ပြီးကြမှပဲ မမလေးတို့ ပြန်ဖြစ်မှာ"

"ကိုယ်ရေးကိုယ်တာ အရေးကြီးကိစ္စဆိုတာ အလုပ်ကိစ္စလား"

မမလေးရော၊ ကြီးမေကပါ သူ့ကို ဘာမှမပြောဘဲ ကြည့်နေကြ၏။ သူနှင့်ပတ်သက်နေသောကိစ္စများလား . . . ဟု မလုံမလဲဖြစ်ရသေးသည်။

သူ့ပခုံးကို အသာဖက်ပြီး ကိုကိုကြီး ပြော၏။


www.burmeseclassic.com

"အလုပ်ကိစ္စ မဟုတ်ဘူး ဖွဲ့၊ လူမှုရေးကိစ္စပဲ၊ ညီလေးကျော်ဇင်ငြိမ်းနဲ့ ပတ်သက်နေတဲ့ကိစ္စကြောင့်ပဲ၊ ကိုကိုကြီးတို့ မပြန်ဖြစ်ကြသေးတာ"

ကိုကျော်ဇင်ငြိမ်းနှင့် ပတ်သက်သည်ပြောမှ သက်ပြင်းချမိ၏။ ကိုကျော်ဇင်ငြိမ်းနှင့် ပတ်သက်သည့် လူမှုရေးကိစ္စဆိုမှ သူသိထားတာတစ်ခုပဲရှိ၏။ ဟိုတလောတုန်းက ကိုကျော်ဇင်ငြိမ်း လက်ထပ်မည့် အမျိုးသမီးကိစ္စပဲဖြစ်မည် ထင်သည်။

"ဘာလဲ ကိုကိုကြီး . . . ကိုကျော်ဇင်ငြိမ်းရဲ့ ကောင်မလေးနဲ့ ပတ်သက်တဲ့ကိစ္စလား၊ အရေးတကြီးကိစ္စဆိုတော့ ကိုကျော်ဇင်ငြိမ်း ပြန်ရောက်တာနဲ့ လက်ထပ်ဖြစ်ကြတော့မှာလား ကိုကိုကြီး"

"အရင်အခြေအနေအတိုင်းဆိုရင်တော့ ဖွဲ့ ပြောတဲ့အတိုင်း ဖြစ်ရင်ဖြစ်နိုင်ကောင်းတာပေါ့ ဖွဲ့၊ အခုအခြေအနေမှာတော့ တော်တော်လေးကို မထင်မှတ်ထားဘဲ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့တာပဲ၊ အလိမ်ညာခံနေရတာ၊ မရိုးမဖြောင့် သစ္စာမထားတတ်တဲ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်နေတာကို မထင်မှတ်ဘဲ ကိုကိုကြီးတို့ သိခဲ့ရတယ် ဖွဲ့"



www.burmeseclassic.com

သူ့ကိုပြောပြရင်းကပင် ကိုကိုကြီးလေသံတွေမှာ ဝမ်းနည်းခြင်းတွေရော၊ ဒေါသဖြစ်ခြင်းတွေပါ စွက်ဖက်နေလေတော့သည်။

ကြားရသော အမင်္ဂလာစကားကြောင့်ပင် စိတ်မကောင်းဖြစ်ရ၏။

သူ တွေးထင်ထားသည်က ကိုကျော်ဇင်ငြိမ်းနှင့် ပတ်သက်ပြီး မင်္ဂလာစကား . . . ဟု ထင်ခဲ့၏။

"ဟုတ်လား . . . ကိုကျော်ဇင်ငြိမ်းလို လူစားမျိုးကို ဘယ်လိုမိန်းကလေးမျိုးက လှည့်ဖြားဖို့ ကြိုးစားခဲ့တာတုန်း၊ နေပါဦး အဲဒီအမျိုးသမီးနဲ့ကိုကိုကြီးတို့ဟိုတစ်ခါတုန်းက တွေ့ခဲ့ကြတာ မဟုတ်လား"

"တွေ့ခဲ့ကြတာပေါ့ ဖွဲ့၊ အပေါ်ယံအမြင်မှာတော့ မမလေးတို့အတွက်ရော မောင်လေးအတွက်ပါ မင်္ဂလာကျက်သရေနဲ့ ပြည့်စုံတဲ့ အမျိုးသမီးလေး တစ်ယောက်ပါပဲ၊ ဒါပေမဲ့ကွယ် မိန်းမယုတ် တစ်ယောက်ရဲ့ ကောက်ကျစ်တတ်တဲ့မာယာက သဲကိုးဖြာမက ရှိနေတာ မဟုတ်လား၊ မမလေးတို့ကတော့လေ မောင်လေးမှာ ချစ်ရေးချစ်ရာ မကောင်းဘူးလို့ပဲ ဖြေရမလို ဖြစ်နေပြီ"



www.burmeseclassic.com

ကိုကျော်ဇင်ငြိမ်း အလှည့်စားခံရပြီတဲ့။ ရိုးသားပြီး စိတ သဘောထားပြည့်စုံသူကိုမှ ဘယ်လိုမိန်းကလေးမျိုးက လှည့်စားခဲ့ပါသလဲ။ မိန်းမတစ်ယောက်၏လှည့်စားမှုကို မခံရဖူးသော်လည်း ကိုကျော်ဇင်ငြိမ်းအတွက် ကိုယ်ချင်းစာစိတ်ဖြစ်မိပြန်သည်။

"သားလေးကတော့ ဒီအကြောင်းတွေ မသိသေးပါဘူးကွယ်၊ သားလေးသာသိရင် တော်တော်လေး ရှက်ပြီး တစ်ခုခုဖြစ်သွားမှာတောင် ကြီးမေတို့ စိုးရိမ်နေတာပေါ့ ဖွဲ့"

"ကိုကျော်ဇင်ငြိမ်း မသိသေးဘူး၊ ဒီရက်ပိုင်းမှာ ကြီးမေတို့ သိခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ် ဖွဲ့၊ ဖွဲ့ အချိန်ရရဲ့လား၊ ကိုကိုကြီးတို့ အေးအေးဆေးဆေး တစ်နေရာရာသွားပြီး စကားပြောကြရအောင်"

"ရပါတယ် ကိုကိုကြီး၊ ကိုကျော်ဇင်ငြိမ်းအတွက် အခုလို ကြားရတာ တကယ်စိတ်မကောင်းဘူး၊ အဲဒီအမျိုးသမီး ဘယ်သူ ဘယ်ဝါဆိုတာကိုလည်း ဖွဲ့ သိချင် တယ်၊ ရန်ကုန်ဇာတိပဲလား"

"ကဲပါ ဖွဲ့ရယ်၊ စွပ်ကျယ်ကြီးနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အပြင်ထွက် မလိုက်ပါနဲ့၊ ချွေးတွေသံတွေနဲ့ဆိုတော့ ရေမိုးချိုး အဝတ်လဲလိုက်ဦး၊ ကြီးမေတို့တစ်တွေ ကားပေါ်ကပဲ ဖွဲ့ကို စောင့်နေပါ့မယ်”

အပြင် အေးအေးဆေးဆေးသွားဖို့ ကြီးမေတို့ ဖိတ်ခေါ်နေသည်။ ကိုကျော်ဇင်ငြိမ်းနှင့် ပတ်သက်သောကိစ္စမို့ သူ့ကို တရင်းတနှီး တိုင်ပင်ချင်ပုံရ၏။

ဓာ ဓာ

“အဲဒီအမျိုးသမီးလေးက ရန်ကုန်ဇာတိပါပဲ ဖွဲ့၊ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မမလေးတို့ ပြောပြလိုက်ရင် ဖွဲ့ အံ့သြပြီး စိတ်မကောင်းဖြစ်မှာ သေချာတယ်၊ အဲဒီအမျိုးသမီးလေးကြောင့်ပဲ မောင်လေးပြီးရင် ဖွဲ့ ဒုတိယလူအဖြစ် စိတ်မကောင်းခြင်းကို ခံစားရမှာ”

မမလေးစကားက တကယ့်ကို အထူးအဆန်းပင်။

ကိုကျော်ဇင်ငြိမ်းကို လှည့်ဖျားနေသူ မိန်းကလေးက သူနှင့်သိနေ ပတ်သက်နေသည်ဟူသောသဘော ရောက်နေ၏။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ဖွဲ့တို့ စီးပွားရေးပတ်ဝန်းကျင်ကပဲလား . . . ဘယ်သူ့ရဲ့သမီးများလဲ"

"တခြားက မဟုတ်ဘူး၊ ဖွဲ့ရဲ့ ပတ်ဝန်းကျင်ကပဲ"

"ဖွဲ့ရဲ့ပတ်ဝန်းကျင်က"

ကြီးမေစကားကြောင့်ပင် ခေါင်းရှုပ်သွားရသည်။ သူ့ပတ်ဝန်းကျင်မှာ ကိုကျော်ဇင်ငြိမ်းနှင့် ပတ်သက်နိုင်စရာဆိုလို့ . . .

"ဖွဲ့ရဲ့ ပတ်ဝန်းကျင်ကဆိုတာထက် ဖွဲ့ရဲ့အနီးနားကဆိုရင် ပိုမှန်လိမ့်မယ်၊ ဒီနေ့ ဖွဲ့ကို လာတွေ့ပြီး ပြောရတာကလည်း ဖွဲ့အတွက်ပါပဲ၊ မောင်လေးအတွက်ကတော့ မမလေးတို့ ရှင်းခဲ့လင်းခဲ့ပြီးပြီ၊ ဖွဲ့ကိစ္စကတော့ ကာယကံရှင်ဖြစ်တဲ့ ဖွဲ့ကိုယ်တိုင် ရှင်းမှလင်းမှ ဖြစ်မှာလေ"

"ဘယ်သူလဲ မမလေး၊ ဖွဲ့ကို ရှင်းရှင်းလင်းလင်းသာ ပြောပြလိုက်စမ်းပါ"

သူ့ပတ်ဝန်းကျင် ပြီးတော့ သူ့အနီးအနားကတဲ့။

သူ့ရင်တွေ ပူလောင်စေမည့်စကား။ သူ့နားတို့သည်ပင် ကြားရသည်များကို ယုံကြည်ဖို့ ခဲယဉ်းနေ၏။

"ဖွဲ့မှာ လက်ထပ်ရမယ့်သူ ရှိတယ်၊ ဘယ်သူ


www.burmeseclassic.com

ဘယ်ဝါဆိုတာ မမလေးတို့ မသိခဲ့ဘူး၊ ဖွဲ့ပြောလို့သာ ကြားခဲ့ရတာ၊ နာမည်ကိုတောင် စကားစပ်ပြီး မမလေးတို့ ပြောဖူးခဲ့တာ မဟုတ်ဘူးနော်၊ ဒါနဲ့ဖွဲ့ အဲဒီမိန်းကလေးနဲ့ဖွဲ့က တွေ့ကြတာ ကြာရောကြာပြီလား”

ကိုကျော်ဇင်ငြိမ်းကို လှည့်စားနေသည် . . . ဟု စွပ်စွဲခံ အမျိုးသမီးအကြောင်းကို ပြောနေဆိုနေရင်းကပင် အမွှန်၏ အကြောင်းကို ရုတ်တရက်ရောက်သွား၏။

“အမွှန်နဲ့ သံယောဇဉ်ဖြစ်တာ နှစ်တွေနဲ့ချီပြီး ကြာခဲ့ပြီ မမလေး၊ ဘာလဲ အမွှန်နဲ့ ပတ်သက်တဲ့ တစ်ယောက်ယောက်ဖြစ်နေလို့များလား”

“ထားပါလေ၊ ဖွဲ့နဲ့ ဖွဲ့ကောင်မလေးတို့ အခြေအနေက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ပါ၊ ဖွဲ့ကောင်မလေးအတွက် ပလက်တီနမ်ကြိုးတစ်ကုံးကို မမလေးကိုယ်တိုင် လိုက်ဝယ်ပေးခဲ့တယ်ဆိုတာ ဖွဲ့ မှတ်မိတယ်နော်”

“ဟုတ်ကဲ့ မမလေး”

“အဲဒီဆွဲကြိုးလေးကို မမလေးသာ အရင်မတွေ့ခဲ့ရင်၊ ပြီးတော့ မှတ်မိနေလောက်အောင်ကို မနှစ်သက်ခဲ့ရင် ဒီပြဿနာက ဒီလောက်မြန်မြန်ကြီး



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဖြစ်ပျက်ခဲ့မှာ မဟုတ်ဘူး ဇွဲ”

ကိုကျော်ဇင်ငြိမ်း လှည့်ဖြားခံရမှုတွင် အမွန့်အမည်သာ မက၊ ပလက်တီနမ်ဆွဲကြိုးလေးပါ တရားခံအဖြစ် ဘယ်လို ပတ်သက်နေမှန်း သူ မသိနိုင်တော့ပြီပဲ။

မမလေးကို ခွန်းတုံ့ပြန်စကား မပြောနိုင်လောက်အောင် ပင် သူ့နှုတ်တို့ ဆွံ့အခဲ့ရ၏။ မမလေး ဆက်ပြောသည့် စကားတွေ ကြောင့်ပင် သူ့ရင်ထဲမှာ မုန်တိုင်းဆင်ခဲ့ရတော့သည်။

“ဇွဲ အံ့ဩနေတာ မဟုတ်လား . . . မမလေး ပြောပြပါ့မယ်၊ မောင်လေးရဲ့အမျိုးသမီးနဲ့ မမလေး တို့မိသားစု ရန်ကုန်မှာ တွေ့ခဲ့ကြတယ်၊ အဲဒီအမျိုး သမီးလည်ပင်းမှာ ဆွဲလာတဲ့ ဆွဲကြိုးလေးကို မြင်တာ နဲ့ မမလေး ကြောင်သွားမိတယ်၊ စိတ်ထဲမှာ သက်ာ မကင်း ဖြစ်မိပေမယ့် ဒီဇိုင်းတူတာ၊ မဟုတ်လောက် နိုင်ပါဘူးလို့ မနည်းဖြေခဲ့ရတယ် ဇွဲ၊ ဒါပေမဲ့ကွယ် ဇွဲရဲ့ ပွဲရုံဖွင့်ပွဲနေ့မှာ အဲဒီဆွဲကြိုးကိုရော အဲဒီအမျိုးသမီး လေးကိုပါ ထပ်တွေ့လိုက်ရပြန်တော့ အားလုံးဟာ လုံးဝသေချာသွားခဲ့တာပေါ့ ဇွဲ”

“ဘာရယ် . . ကိုကျော်ဇင်ငြိမ်း လက်ထပ်မယ့်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အမျိုးသမီးဟာ 'အမွန်' ပဲ . . . ဟုတ်ရဲ့လား"

ဝမ်းနည်းခြင်း ရှက်ကြောက်ခြင်းတို့ ရင်မှာကြီးစိုးလေ၏။

သူ့နှလုံးခုန်သံတို့သည် မူမမှန်ချင်တော့။ လောကကြီးကို ဘယ်လိုနားလည်ပြီး ဘယ်လိုသဘောပေါက်ရမှန်း မသိအောင်ဖြစ်ရ၏။

"ဟုတ်တယ် ဖွဲ့၊ ညီလေး လက်ထပ်မယ့်သူရော၊ ကိုကိုကြီးတို့မိသားစုနဲ့ တွေ့ခဲ့ကြတဲ့ အမျိုးသမီးလေးဟာ အမွန်လို့ခေါ်တဲ့ ရည်မွန်ဦးတစ်ယောက်တည်းပဲ ဖြစ်နေတယ် ဖွဲ့"

"ဒီသတင်းကြားရတော့ သားလေးအတွက် စိတ်မကောင်း ဖြစ်ရသလို ဖွဲ့အတွက်ပါ စိတ်မကောင်းဖြစ်ရတယ်၊ တခြားမိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရင် သိကြမှာ မဟုတ်ဘူး၊ သူလေးက . . . မိန်းမလည်တစ်ယောက်ပဲ၊ ဖွဲ့ကိုရော သားလေးကိုပါ မေတ္တာစစ်နဲ့ ချစ်ခဲ့တာမှ မဟုတ်ဘဲ၊ ရလိုမှုတွေအတွက်ပဲသူလေးက ဖွဲ့တို့နှစ်ယောက်စလုံးကို အသုံးချနေတာ ရှင်းနေတာပဲ"

"မမလေးတို့ အပိုင်းကတော့ မောင်လေး


www.burmeseclassic.com

www.burmeseclassic.com

ပြန်မလာခင် မောင်လေးနဲ့ကိစ္စ ရှေ့ဆက်မရအောင် အပြတ်ပြောဆိုခဲ့ပြီးပြီ၊ ဖွဲ့ စဉ်းစားပါ၊ ဒီအခြေအနေ အတိုင်းတော့ အဲဒီမိန်းမလည်လေးကို ဖွဲ့ ဆက်ပြီး မတွယ်ဖက်စေချင်ဘူး၊ လုံးဝမေ့ပစ်လိုက်ပါ၊ အဆက် ဖြတ်လိုက်ပါ ဖွဲ့၊ ဖွဲ့အပေါ် သစ္စာရှိရှိနဲ့ သေတစ်ပန် သက်တစ်ဆုံး ပေါင်းသင်းမယ့် မိန်းကလေးမျိုးကို မမလေးတို့ ရအောင်ရှာပေးမယ်၊ သူ့ထက် ရုပ်ရည် မသာပေမယ့် အသိုင်းအဝိုင်းရော၊ ပစ္စည်းဥစ္စာရော၊ အကျင့်စာရိတ္တပါ လုံးဝသာစေရမယ်လို့ မမလေးတို့ အာမခံတယ် ဖွဲ့”

ကံကြမ္မာကတော့ မထင်မှတ်ထားဘဲ သူ့ကို အလူးအလဲ တိုက်ခိုက်လေ၏။ အမွန်နှင့် ကိုကျော်ဇင်ငြိမ်းတို့ ဒီလောက်ထိ သံယောဇဉ်တွေ ဖြစ်ခဲ့ကြတာကို သူ, မသိရိုး မှန်ခဲ့တာ ရှက်ဖို့ ကောင်းနေ၏။

⓪ ❦❦ ⓪

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၅။

သွေးပူပူနှင့်မို့ မမလေးတို့သုံးယောက်ပြောသောစကား များကို ခွန်းတုံ့မပြန်နိုင်ခဲ့ပေ။ သူဝယ်ပေးဖြစ်ခဲ့သော ပလက်တီနမ် ဆွဲကြိုးလေးကတော့ တရားခံအဖြစ် ရာဇဝင်တွင်ရစ်ပြီထင်၏။

မမလေးတို့ရှေ့မှာ ပြောခဲ့သော စကားတွေက အမွှန်နှင့် ပတ်သက်ပြီး ခြေလွန်လက်လွန်တွေ များခဲ့၏။ သူ့စကားတွေကို အကြွင်းမဲ့ယုံပြီး မမလေးတို့မိသားစုက အမွှန့်ကို မာယာသည် အဖြစ် စွဲချက်တင်၏။

အမွှန့်ကို သူ ရင်မဆိုင်ဝံ့ပြီ။

အမွှန့်နှုတ်မှ ဒီအဖြစ်အပျက်တွေ မှန်ကန်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ပြောမည့်စကားသံတွေကိုလည်း သူ မကြားဝံ့ပြီ။

မမလေးတို့ကတော့ အားလုံးကို ရှင်းပြခဲ့ပြီ။

တစ်ပူပေါ်နှစ်ပူဆင့်သလို ခံစားလိုက်ရသည်။

အမွန်ကို ရင်မဆိုင်ရဲပေမယ့် အဖြစ်အပျက်တွေကို ပိုပြီး တိကျအောင်တော့ သူသိချင်သေး၏။

ဒီအကြောင်းတွေကို အသိနိုင်ဆုံးနှင့်သူရင်ဖွင့်နိုင်သောသူ ဟူ၍ ထက်ထက်သူတစ်ယောက်သာ ရှိလေ၏။

ထက်ထက်သူတို့ ဆေးကျောင်းကို နှစ်ခေါက်သုံးခေါက် လောက်တော့ သူရောက်ဖူးသည်။

သူရောက်သွားချိန်မှာတော့ ထက်ထက်သူတို့ စာသင်နေ တာ မပြီးသေးပေ။ သူလာရှာတာကို ထက်ထက်သူ တွေ့သွား၏။ ထက်ထက်သူ ထွက်မလာဘဲ ဟိန်းစိုးအောင်က ထွက်တွေ့၏။

"အစ်ကိုကြီး ထက်ထက်ဆီ လာတာလား"

"ဟုတ်တယ် ဟိန်းစိုးအောင်၊ သူနဲ့ငါ ပြောစရာ စကား နည်းနည်းရှိလို့၊ လက်ဖက်ရည်ဆိုင်ကပဲ ငါ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်စောင့်နေမယ်လို့ ပြောလိုက်ကွာ”

ဟိန်းစိုးအောင်ကိုပြောပြီး ဆိုင်မှာပင် သူထိုင်စောင့်နေ၏။

သူ ရုတ်တရက်ရောက်လာသည့်အတွက် တစ်စုံတစ်ရာ အရေးကြီးပြီဆိုတာကို ဟိန်းစိုးအောင် ရိပ်မိသည်။ သူနှင့်ထက်ထက် သူတို့ နှစ်ယောက်ချင်း စကားပြောသည့်နေရာမှာတော့ ဟိန်းစိုးအောင်ကို ရှိမနေစေချင်ပေ။

အတန်းပြီးသွားတော့ သူရှိရာသို့ ဟိန်းစိုးအောင်နှင့်ထက်ထက်သူတို့ နှစ်ယောက် ရောက်လာကြသည်။

ထက်ထက်သူကို အမွန်တို့အိမ်မှာ သွားတွေ့လို့ လွယ်ကူသော်လည်း အမွန်နှင့် ရင်မဆိုင်ရဲသည်မို့ ကျောင်းမှာ လာတွေ့ခြင်း ဖြစ်သည်။

“နင်နဲ့ငါ စကားအေးအေးဆေးဆေး ပြောချင်တယ် ညီမလေး၊ သိပ်လည်း အရေးကြီးတယ်”

တွေ့တွေ့ချင်းမှာပင် စိုးရိမ်တကြီးဟန်ဖြင့် သူပြောလိုက်မိသည်။

“ဘာကိစ္စများလဲ ကိုကိုဇွဲ”

“နင်နဲ့ငါ နှစ်ယောက်ချင်းပြောမှဖြစ်မယ် ထက်ထက်၊ ဒီနေရာမှာလည်း ပြောလို့မကောင်းဘူး၊


www.burmeseclassic.com

ဒီတော့ ငါယူလာတဲ့ကားနဲ့ပဲ တစ်နေရာရာကို သွားကြတာပေါ့”

“အစ်ကိုကြီး ကျွန်တော် တစ်ခုလောက် သိချင်လို့”

အရေးထဲမှာ ဟိန်းစိုးအောင်က တမျောင့်။

“တခြားမဟုတ်ပါဘူး၊ အစ်ကိုကြီးပြောမယ်ဆိုတဲ့စကားက ကျွန်တော်နဲ့ ပတ်သက်နေလားလို့ပါ”

ဟိန်းစိုးအောင်က ဘာတွေများ မလုံမလဲဖြစ်နေသည်မသိ။

“မင်းနဲ့ မပတ်သက်ပါဘူး၊ ငါတို့မောင်နှမချင်း ပြောရမယ့်ကိစ္စပဲ”

“ကျွန်တော်နဲ့ ပတ်သက်လို့ အစ်ကိုကြီး ကြားထားတာရှိရင် ကျွန်တော့်ကို ကြိုက်တာ ပြောနိုင်ပါတယ်”

“ဒုက္ခပါပဲ၊ မင်းနဲ့ လုံးဝမပတ်သက်ဘူး၊ အေး . . . ပတ်သက်နေရင် အခုချိန်လောက်ဆိုရင် မင်းကို ငါဆွဲထိုးပြီးနေပြီ ဟိန်းစိုးအောင်”

“ဟုတ်သားပဲ၊ ဘာမှန်းညာမှန်းမသိဘဲ တွေးပူနေရတယ်လို့၊ ထက်ထက် ကိုကိုဖွဲ့နဲ့ လိုက်သွားလိုက်ဦး



www.burmeseclassic.com

BURMESE CLASSIC .com

မယ်နော်”

ဟိန်းစိုးအောင်ကတော့ မျက်နှာငယ်လေးဖြင့် ကျန်ရစ်ခဲ့ရှာသည်။

ထက်ထက်သူကို ဟိန်းစိုးအောင် တကယ်ချစ်တာကိုတော့ အကြွင်းမဲ့ ယုံကြည်သွား၏။

ဟ ဟ

“ဒီရက်ပိုင်းမှာ အမွန့်အခြေအနေ ဘာထူးလဲ၊ ဘာဖြစ်သံကြားလဲ၊ နင် အမှန်အတိုင်း ငါ့ကို ပြောပြစမ်း ထက်ထက်ရာ”

မမလေးတို့မိသားစုနှင့် ရှင်းကြလင်းကြတာကို သူသိထားသည်။

ထက်ထက်သူက တစ်အိမ်တည်းနေသူမို့ သူ့ထက်ပိုပြီး ပြည့်ပြည့်စုံစုံ သိမှာသေချာ၏။

“ပြောရခက်နေတယ် ကိုကိုဖွဲ့ရာ”

“ခက်မနေနဲ့ ထက်ထက်၊ ငါ့ရင်တွေ အရမ်းပူနေတယ်၊ ငါလည်း သိသင့်သလောက် သိပြီးပြီ၊ ကိုကျော်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ဇင်ငြိမ်းတို့မိသားစု အမွန်တို့ဆီကို ရောက်လာတယ် မဟုတ်လား”

သူ မသိသေးဘူးထင်သောကြောင့် ထက်ထက်သူ အပြော ရခက်နေ၏။

သူ့ပုံစံကိုကြည့်ပြီး ထက်ထက်သူ သက်ပြင်းချသည်။

“တကယ့်ကို စိတ်မကောင်းစရာကိစ္စတစ်ခုပဲ ကိုကိုဇွဲ၊ ထက်ထက်လည်း သိသိချင်းမှာ ဘာလုပ်ရ မှန်း မသိဘူး၊ ပြဿနာဖြစ်မှ ကိုကျော်ဇင်ငြိမ်းနဲ့ မမမွန်တို့အကြောင်းကို ထက်ထက်သိရတာ”

“ကိုကျော်ဇင်ငြိမ်းနဲ့အမွန်တို့ တကယ်ချစ်ခဲ့ ကြပြီး လက်ထပ်ဖို့ အခြေအနေအထိ ရောက်ခဲ့ကြ တယ်ဆိုတာ ဟုတ်ရဲ့လား”

အလုံးစုံသိသော်လည်း မယုံရဲ။ ဒီစကားမေးဖို့ အချိန် မဟုတ်တော့မှန်းလည်း သူနားလည်၏။

“ဟုတ်တယ် ကိုကိုဇွဲ၊ ဒီအကြောင်းကိုသိတော့ ကိုကိုဇွဲ အရမ်းစိတ်ထိခိုက်သွားတယ် မဟုတ်လား၊ မမမွန်တို့ကလည်း ကိုကိုဇွဲ တစ်ခုခုဖြစ်မှာစိုးလို့ဆိုပြီး ဘယ်သူမှမသိအောင် ဖုံးဖုံးဖိဖိ နေခဲ့ကြတာတဲ့လေ၊


www.burmeseclassic.com

အခုတော့လည်း မမမွန်တို့ကိစ္စက ပြီးသလောက်ရှိနေပြီ”

“ကာယကံရှင် ကိုကျော်ဇင်ငြိမ်းမှ ပြန်မရောက်လာသေးဘဲ ထက်ထက်၊ ကိုကျော်ဇင်ငြိမ်းရဲ့ မိဘတွေ ညီအစ်ကိုမောင်နှမတွေက ဘာစကားတွေများ ပြောခဲ့ကြလို့လဲ”

“တိုက်ဆိုင်တယ်ပဲ ပြောရမလား မသိဘူး ကိုကို ဖွဲ့၊ သူတို့တွေ ရောက်လာချိန်မှာ ထက်ထက်ကလည်း အခန်းထဲမှာ ရှိနေတာ၊ သူတို့သားနဲ့ အဆက်ဖြတ်ဖို့ လာပြောတာ၊ ဘာကြောင့်ဆိုတာကိုတော့ မပြောသွားဘူး၊ မမမွန်ကိုလည်း ကိုယ့်အကြောင်း ကိုယ်အသိဆုံး ဖြစ်မှာပဲလို့ပဲ ပြောသွားတယ်၊ ညီမလေး တွက်တာကတော့ မမမွန်တို့က ဆင်းရဲတော့ ကိုကျော်ဇင်ငြိမ်း ဘက်က သဘောမတူတာမျိုးပဲ နေမှာပေါ့၊ မမမွန်လည်း အဲဒီကိစ္စအတွက် ရက်ပိုင်းလောက်နဲ့ စိတ်ထောင်းကိုယ်ကြေပုံစံမျိုး ဖြစ်နေရရှာတယ်”

“ငါ့ကိုရော အမွန်က တွေ့ချင်တယ်လို့ မပြောဘူးလား ထက်ထက်”

www.burmeseclassic.com

ဘာကိုမျှော်လင့်ရမှန်းမသိဘဲ မေးလိုက်မိသည်။

"မမမွန်က ကိုကိုဇွဲနဲ့ ပတ်သက်ပြီးတော့ကော၊ ကိုကျော်ဇင်ငြိမ်းနဲ့ ပတ်သက်ပြီးတော့ပါ အားလုံး ရင်ဖွင့်ပါတယ်၊ မမမွန်က ပြောသေးတယ် ကိုကိုဇွဲ ဇွဲရဲ့ သံယောဇဉ်ကြီးမှုတွေအပေါ် လျစ်လျူ ရှုခဲ့လို့များ ဒီလိုသောကမျိုးနဲ့ ကြုံရတာလား မသိဘူးလို့ ပြောတယ်"

"ဘာတတ်နိုင်မှာလဲ ညီမလေးရယ်၊ ကိုယ်ချစ်သလို ကိုယ်သံယောဇဉ်ကြီးသလိုမှ သူက မတုံ့ပြန်တာပဲ"

"ညီမလေးတော့ ကိုကိုဇွဲကို တကယ်ပဲ လေးစားသွားတယ်"

"ဘာဖြစ်လို့လဲ ညီမလေး"

"မမမွန်ရော ညီမလေးပါ ထင်ထားခဲ့ကြတာ၊ အခုကိစ္စက သူတို့တွေ မပြေမလည်ဖြစ်ကြလို့ ကိုကိုဇွဲ ဘာသာ သိသွားတာ၊ ဘယ်လိုကြောင့်ပဲ ကိုကိုဇွဲ သိသိ၊ အရမ်းပေါက်ကွဲထွက်မှာပဲလို့ ထင်နေကြတာလေ"

"ငါရင်ဖွင့်ပြလိုက်ချင်တယ် ညီမလေး၊ အပြင်



www.burmeseclassic.com

ပန်းမှာ တည်ငြိမ်လှပြီလို့ နင်ထင်နေပေမယ့် ငါ့ရင်ထဲမှာ ကမ္ဘာပျက်နေရပြီ ညီမလေး”

“ကိုယ်ချင်းစာပါတယ် ကိုကိုဖွဲ့ရာ၊ အချစ်ဆိုတာ သူချစ်လည်း မကောင်းဘူး၊ ကိုယ်ချစ်လည်း မကောင်းဘူး၊ နှစ်ယောက်စလုံးက နှစ်နှစ်ကာကာနဲ့ မြတ်နိုးကြမှ ကောင်းတာ၊ တစ်ခုတော့ မျှော်လင့်လို့ရတာပေါ့ ကိုကိုဖွဲ့ရာ”

အမွန်နဲ့ကို လက်လွှတ်ဆုံးရှုံးရသလို သူ့ကြောင့်ပင် အမွန်နှင့် ကိုကျော်ဇင်ငြိမ်းတို့ ပြဿနာတွေနှင့် ရင်ဆိုင်နေရ၏။

ဒါတွေကိုတော့ ထက်ထက်သူ သိအောင် သူ မပြောပြဖြစ်ပေ။

“ဘာမျှော်လင့်စရာ ရှိလို့လဲ ညီမလေး”

“အခုပြဿနာဖြစ်တာက တော်တော်ကြီးမားတယ်၊ ကိုကျော်ဇင်ငြိမ်းကို သူ့အသိုင်းအဝိုင်းက တုန်နေအောင် ချစ်တာ၊ ကိုကျော်ဇင်ငြိမ်းကလည်း သွေးထိုးတာနားယောင်ပြီး တွေဝေသွားရင် တွေဝေသွားနိုင်တယ်၊ အဲဒီအခါမျိုးမှာ မမွန်အနားမှာ ကိုကိုဖွဲ့တစ်ယောက်ပဲ သံယောဇဉ်ကြီးကြီးနဲ့ အနီးကပ်ရှိ

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

နေတာ မဟုတ်လား”

ထက်ထက်သူကတော့ မိန်းမတွက် တွက်ခြင်းလား၊ သဘာဝကျစွာ တွက်ပြနေခြင်းလား . . . ဟု မဝေခွဲချင်တော့ပေ။

“နင့်ကို ငါပြောမယ်၊ နင့်ကို လာတွေ့ပြီး နင်နဲ့ စကားပြောဖြစ်တာတွေကို အမွှန် မသိပါစေနဲ့ဦး၊ ငါ အမွှန်နဲ့လူချင်းတွေ့နိုင်ဖို့ ကြိုးစားမယ်၊ အခုကိစ္စက သိမ်သိမ်မွေ့မွေ့လေးနဲ့ အရမ်းရှုပ်ထွေးနေတာ ညီမလေး၊ တစ်နေ့ကျရင်တော့ အားလုံးကို ညီမလေး သဘောပေါက်သွားမှာပါ”

“ကိုကိုဇွဲ မပြောနဲ့ဆို မမမွှန်ကို ထက်ထက် မပြောပါဘူး၊ ကိုကိုဇွဲလည်း အရမ်းစိတ်ညစ်ပြီး ပေါက်ကရတွေ လျှောက်မလုပ်နဲ့ဦးနော်”

ညီမဖြစ်သူကတော့ သူ့ကို စိုးရိမ်နေ၏။

အမွှန့်ကို ရိုးရိုးတန်းတန်း စွန့်လွှတ်လိုက်ရခြင်းတော့ မဟုတ်။ ရာဇဝင်မှာ အမည်းစက်တင်ကျန်ရစ်ခြင်းမျိုးနှင့် စွန့်လွှတ်လိုက်ရခြင်းပဲလေ။

◎ ❧❧ ◎

www.burmeseclassic.com

၆။

သူမွေးသော မီးတစ်စကတော့ အားလုံးကိုယ်စီ ရင်ကို လောင်ကျွမ်းလေပြီ။ မရည်ရွယ်ခဲ့ပေမယ့် အမွန်နှင့်ကိုကျော်ဇင်ငြိမ်းတို့ ချစ်ခြင်းကို တမင်ကွေကွင်းအောင် လုပ်ခဲ့မိပြီ။

နိုင်ငံရပ်ခြားသို့ရောက်နေသော ကိုကျော်ဇင်ငြိမ်းကတော့ ဘာမှမသိရှာသေးပေ။

အမွန့်အရိပ်အခြည်ကို သိလိုသောကြောင့်ပင် လိပ်ပြာမလုံစွာဖြင့် မျက်နှာချင်းဆိုင်ဖြစ်ခဲ့၏။

"ဖွဲ့တစ်ယောက် ရောက်လာတယ် သမီးရေ"

"အမွန်တစ်ယောက်ရော နေကောင်းရဲ့လား

www.burmeseclassic.com
BURMESE CLASSIC .com

ဒေါ်ဒေါ်”

အားလုံးကို မသိသလိုမျိုးဖြင့် မေးလိုက်မိသည်။

သူ့အမေးစကားကြောင့် ဝမ်းသာနေရာမှ ဒေါ်ဒေါ့် မျက်နှာ သောကသင့်သွားသည်။

“အေးကွယ် . . . တနိုးနိုး တခွေခွေနဲ့ အစား ကောင်းကောင်း မစားသလို အအိပ်လည်း မမှန်ချင် ဘူး”

ဒေါ်ဒေါ်ပြောလိုက်သော စကားတွေကိုတော့ အမွန် ပီပီ သသကြီး ကြားမည်လေ။

အမွန့်မျက်နှာလေးသည် ဝေဒနာဖိစီးမှုကြောင့် ချောင်ကျ နေလေ၏။

“မေမေကလည်း ဖွဲ့ရောက်တုန်းရောက်ခိုက်မှာ ဘာတွေပြောမှန်း မသိပါဘူး၊ အမွန်နေကောင်းပါ တယ် ဖွဲ့ ဘာမှမဖြစ်ပါဘူး၊ ဖွဲ့ကိုတွေ့လိုက်တော့ အား ရှိသွားသလိုပဲ”

အမွန့်စကားတွေကြောင့်ပင် ရင်နာရလေသည်။ သိပ်သိ တာပေါ့ အမွန်ရယ်။ အားလုံးကို ဖွဲ့ သိနေပါတယ် . . . ဟု ရင်ထဲ မှာတော့ အော်ဟစ်ပြီး ပြောနေမိ၏။


www.burmeseclassic.com

www.burmeseclassic.com

"ညီမလေးရော အမွန်"

"ဟိန်းစိုးအောင် လာခေါ်လို့ အပြင်ခဏ လိုက်သွားတယ် ဖွဲ့၊ ဒီနားဟိုနား တစ်ခုခုသွားစားကြတာပါ ဖွဲ့၊ သူတို့ လွတ်လပ်ပါစေဆိုပြီး အမွန် မလိုက်သွားတာပါ"

အမွန်၏ နုံးခွေနေသောသဏ္ဍာန်လေးကြောင့် သူရင်မချိ။ အမွန့်ရင်မှာ ဝေဒနာဖြစ်အောင် သောကဖိစီးမှုတွေရအောင် သူပြုမိသလို ဖြစ်နေ၏။

"မင်းသူငယ်ချင်းကို ရောက်တုန်းရောက်ခိုက်မှာ အပြင်လေး ဘာလေး ခေါ်ထုတ်သွားစမ်းပါကွယ်၊ ကြာရင် လူမမာကြီးလုံးလုံး ဖြစ်နေပါ့မယ်"

"မေမေကလည်း ပြောလေဆိုးလေပါလား"

"ဟုတ်တယ် အမွန် . . . အမွန် အခုချက်ချင်း အဝတ်လဲပြီး ပြင်လိုက်ဆင်လိုက်၊ ဖွဲ့နဲ့ အပြင်သွားရအောင်၊ ဖွဲ့လည်း အလုပ်တွေပိပြီး မပျော်ဘူးဖြစ်နေတာ၊ ဖွဲ့တို့နှစ်ယောက် လွတ်လွတ်လပ်လပ် လျှောက်သွားကြအောင်နော်"

"ဒါဆိုရင် ဖွဲ့ ခဏလေးစောင့်"

www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သူ့စကားကြောင့်ပင် အမွန် ရုတ်တရက် လန်းသွားသလို မျိုး တွေ့လိုက်ရ၏။

ထားခဲ့၊ ဖြစ်ခဲ့ဖူးသော သံယောဇဉ်တွေကိုတော့ အမွန် အသိအမှတ်ပြုသည်ပဲ။

ဟာ ဟာ

"လူတစ်ယောက်ဟာ လူ့ဘဝကို ရောက်လာကတည်းက ဒုက္ခတွေနဲ့ စတင်ခဲ့တာပါ၊ ဒါပေမဲ့လေ ဘာမှမသိသေးတဲ့အရွယ်၊ စိတ်သွားတိုင်းကိုယ်ပါနိုင်ခဲ့တဲ့ အချိန်လေးတွေကိုတော့ နှမြောတယ်၊ တမ်းတမိတာ အမှန်ပဲဗွဲ"

အမွန့်စကားတွေက ဘာကိုရည်ရွယ်သည်ဆိုတာကို သိသည်။ သောကတရားကြောင့် သံဝေဂစကားတွေ ပြောနေတာကိုလည်း သူနားလည်၏။

"ဒါပေါ့ အမွန်၊ တစ်နေ့တစ်ရက် ကြီးလာတာနဲ့ အမျှ ဒုက္ခဆိုတဲ့ အရာတွေကိုရော၊ သေခြင်းတရားဆိုတဲ့ မလွဲရှောင်နိုင်တဲ့ အရာကိုပါ တွေ့လိုက်မေ့ထား


www.burmeseclassic.com

www.burmeseclassic.com

လိုက်နဲ့ပဲ ဆက်ပြီးလမ်းလျှောက်နေရတာပါပဲ အမွန်၊ စိတ်ညစ်စရာ၊ ကြေကွဲစရာတွေသာ မရှိခဲ့ရင် လူဆိုတဲ့ တန်ဖိုးကလည်း ကမ္ဘာ့ရာဇဝင်မှာ ဘယ်ကျန်ခဲ့ပါ့မလဲ အမွန်ရာ”

“ဖွဲ့စကားတွေက တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ရင့်ကျက်လာသလို၊ လူကြီးလည်း ဆန်တတ်နေပြီပဲ၊ အမွန်ကတော့ အခုမှ စိတ်နုကိုယ်နုနဲ့ ဒုက္ခတရားကို မေ့လျော့ထားချင်သလို ဖြစ်နေပြီ ဖွဲ့”

ချစ်သူနှင့်ကွေကွင်းရမည့်အရေးဒုက္ခလောက် ကြီးမားတာ ရှိပါဦးမလား အမွန်ရယ် . . . ဟု ကိုယ်ချင်းစာစိတ်ဖြင့် ရင်ထဲမှာ တီးတိုးပြောမိသည်။

“ဖွဲ့စိတ်တွေ ဖွဲ့အသိတွေ ရင့်ကျက်လာအောင် ဒီဘဝ ဒီအခြေအနေရောက်လာအောင် လုပ်ပေးခဲ့တာ ကိုကျော်ဇင်ငြိမ်းပဲလေ၊ သူ့ကျေးဇူးတွေကတော့ ပြောလို့ကုန်မှာ မဟုတ်ဘူး၊ ဒါနဲ့ အမွန် ကိုကျော်ဇင် ငြိမ်းတောင် ပြန်ရောက်လာတော့မှာ မဟုတ်လား”

နဂိုကတည်းက ဟန်ဆောင်နေရသော အမွန်သည် သူ့စကားကြောင့်ပင် မျက်နှာပျက်ချင်နေ၏။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

"ဟုတ်တယ်"

"ကိုကျော်ဇင်ငြိမ်း သွားတုန်းကလည်း လေယာဉ်ကွင်းကို လိုက်မပို့ဖြစ်ဘူး၊ ပြန်ရောက်လာရင်လည်း အလုပ်တွေရှုပ်နေတာနဲ့ သွားကြိုဖြစ်မှာလည်း မဟုတ်ဘူး၊ အသွားတုန်းက လေယာဉ်ကွင်းကို အမွန် လိုက်ပို့ဖြစ်သေးလား"

ကိုကျော်ဇင်ငြိမ်းတို့မိသားစုနှင့်ရောပြီး ဆရာကိုခင်ဝင်း နှင့် လေဆိပ်လိုက်ပို့ဖြစ်ကြောင်းကို သူ သိထား၏။

"ဆရာကိုခင်ဝင်း အဖော်ရှိတာနဲ့ လိုက်ပို့ဖြစ်တယ် ဖွဲ့"

"ဒါဆိုရင် မမလေးတို့နဲ့ ပွဲရုံဖွင့်ပွဲမှာ ပထမဆုံး ဆုံဖြစ်ကြတာ မဟုတ်ဘူးပေါ့၊ ဖွဲ့ကတော့ အမွန်တို့ချင်း မသိကြဘူးလို့ပဲ အောက်မေ့နေမိတာ"

သူ့ဘက်က စကားကြောင်းပေးသော်လည်း အမွန့်ဆီက အသံထွက်မလာပေ။

ပြောလိုက်စမ်းပါ အမွန်ရယ်။ ကိုကျော်ဇင်ငြိမ်းနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတာပါလို့ ပြောလိုက်စမ်းပါတော့။

ပတ်ဝန်းကျင်ကတော့ ဆောင်းနှောင်းရာသီ။ ညနေ၏


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

လေပြေတို့သည် စိုစွတ်မှုမပြယ်ချင်သေး။ နှစ်ယောက်စလုံး၏ ရင်ထဲ မှာတော့ မီးတောက်တွေဖြင့် ပူလောင်နေကြသည်ပဲ။

ꩤ ꩤ

"မမလေးတို့ ကိုကိုကြီးတို့နဲ့ ဆက်ဆံရတာ အရမ်းအောက်ကျို့ခံခဲ့ရတာများ . . . ဖွဲ့ သူတို့တွေနဲ့ အဆင်ပြေအောင် ဖွဲ့ ပေါင်းသင်းတတ်တာကိုတော့ အမွှန် ချီးကျူးတယ်"

အမွှန့်စကား အတိမ်အနက်ကို ချက်ချင်းနားလည်လိုက်သည်။

သူ့ပယောဂတွေကို အမွှန် မသိသေးသောကြောင့် မမလေးတို့အပေါ် အမွှန် နားလည်မှုလွဲနေခြင်းဖြစ်သည်။

"ဘာလဲ အမွှန် . . . မမလေးတို့ ကိုကိုကြီးတို့က အမွှန့်မျက်စိထဲမှာ အရမ်းမောက်မာနေလို့လား"

"အဲဒီလိုပဲ ပြောရလိမ့်မယ် ဖွဲ့၊ ကိုကျော်ဇင် ငြိမ်းနဲ့ ဆက်ဆံရင်းနှီးခဲ့တာ အေးချမ်းသလောက် သူ့အသိုင်းအဝိုင်းကလူတွေကလည်း သူ့လိုပဲ နေမှာပဲ


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

လို့ လွယ်လွယ်တွေးခဲ့တယ်၊ တကယ်တမ်းမှာတော့ အမွန် သူတို့ကို အရှုံးပေးလိုက်ရတယ်၊ ဒီကိစ္စတွေကို ဇွဲ သိပြီးသားဖြစ်မှာပါ။ ဘာဖြစ်လို့ အမွန့်ကို ဖွင့်မမေးတာလဲ ဇွဲ”

“မမေးရက်လို့ အမွန်၊ အရှင်းဆုံးပြောရရင် ဒို့ပြင်လူတွေ ပြောတာဆိုတာထက် အမွန်ကိုယ်တိုင် ပြောမှာကို အရမ်းကြောက် ခဲ့မိလို့ပဲ”

“အမွန့်ကို ခွင့်လွှတ်ပါ ဇွဲရယ်၊ သူ့ကို ချစ်ခဲ့မိလို့ အမွန် နောင်တမရပါဘူး၊ ဒါပေမဲ့ အမွန့်အနားမှာ ဇွဲရှိနေပါလျက် သူ့ကို ချစ်မိသွားတာကတော့ အမွန့်မှာ အပြစ်ရှိပါတယ်”

မကြားရက်ဘူးဆိုပေမယ့် ကြားနေရသည်။ အမွန် စိတ်ဆင်းရဲသလို သူလည်း စိတ်ဆင်းရဲရ၏။ သူနှင့်အမွန်တို့နှစ်ဦး ကြားမှ သံယောဇဉ်တို့သည် တစ်ဘဝစာအတွက် ဘာမှဖေးမကူညီနိုင်စွမ်းမရှိတော့ပေ။

“ပြီးခဲ့ဖြစ်ခဲ့ကြပြီပဲ အမွန်ရယ်”

“မပြီးသေးဘူး ဇွဲ၊ အမွန့်မှာ ဇွဲနဲ့ပတ်သက်ပြီး စကားကြွေးတစ်ခု ကျန်နေသေးတယ်၊ ဒီပြဿနာဖြစ်


www.burmeseclassic.com

BURMESE CLASSIC .com

ရင်လည်း ပြောရမှာပဲ၊ မဖြစ်ခဲ့ရင်လည်း ပြောရမယ့် စကားကြွေးလေ ဖွဲ့”

သူ့ရင်ကို လှုပ်ခတ်နိုင်စွမ်းသောအသံ။ အတိတ်က အဖြစ်တွေကိုတော့ သူမေ့ထားချင်၏။ အကြွေး . . . ဟု သူ မသတ်မှတ်ချင်ပေ။

“အကြွေးဆိုတာ ပေးလိုက်ရတဲ့သူက သတ်မှတ်ရမှာပါ၊ ယူတဲ့သူက သတ်မှတ်လို့မရဘူး၊ ဖွဲ့က အကြွေးလို့ မသတ်မှတ်ရင် အမွန်က ပေးစရာမလိုတော့ဘူးလေ၊ စကားကို စကားနဲ့ပဲ ချေပါတယ် အမွန်”

“မရဘူး ဖွဲ့၊ အားလုံးက လွယ်လွယ်ကူကူနဲ့ ပြောခဲ့ဖြစ်ခဲ့ကြတာ မဟုတ်ဘူး၊ ပြောပါမယ်ဆိုတဲ့ စကားကို ဘယ်အခြေအနေမှာဖြစ်ဖြစ် ပြောလိုက်ရမှ အမွန် ကျေနပ်နိုင်မယ် ဖွဲ့၊ ဒါမှလည်း ကိုယ့်လိပ်ပြာကိုယ်လုံမယ်၊ ဘာတစ်ခုမှ ဖွဲ့အပေါ် အမွန်မညာခဲ့ဘူး၊ ဖုံးကွယ်မှု ခဏလေး လုပ်ခဲ့တယ်ဆိုတာလည်း ဖွဲ့အတွက်ပါ”

ဒီအခြေအနေရောက်ခဲ့ပြီးမှတော့ အမွန်ပြောမည့်စကားတို့ကို သူမကြားချင်တော့ပေ။ အမွန်က ဇွတ်ပြောချင်နေတော့


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

နာခံခက်စွာဖြင့် ကြားရတော့မည်ပဲ။

"အမွန်ပြောချင်နေမှတော့ ပြောပေါ့ အမွန်ရယ်"

"ပြောမယ် ဇွဲ၊ ဇွဲတောင်းခဲ့ဖူးတဲ့ အဖြေကို အဲဒီအချိန်က အမွန် မပေးဖြစ်ခဲ့ဘူး၊ ဒါပေမဲ့ ဇွဲ အမွန့်စိတ်ကိုတော့ ဇွဲသိမှာပါ၊ အမွန် သံယောဇဉ်ပဲ ဖြစ်နိုင်တယ်၊ ဇွဲကို ချစ်လို့မရဘူးဆိုတာကို အမြဲပြောခဲ့တယ်၊ ဇွဲက ထင်မယ်၊ အဲဒီအခြေအနေတုန်းက ဆိုးခဲ့ မိုက်ခဲ့လွန်းလို့ရယ်၊ မိန်းကလေးတစ်ယောက် အားကိုးချင်လောက်အောင် ဇွဲမှာ ဘာတစ်ခုမှ အခြေအနေမရှိသေးတာရယ်ကြောင့်လို့ ထင်မှာပဲ၊ ဒါကြောင့်ပဲ ဇွဲ ကြိုးစားပါ၊ ဇွဲဘဝမှာ အရင်တုန်းက အခြေအနေနဲ့ မတူဘဲ လူတစ်လုံး သူတစ်လုံးဖြစ်အောင်ကြိုးစား၊ အဲဒီအနေအထားရောက်မှ အမွန့်ရဲ့အဖြေကို ပေးမယ်လို့ ပြောခဲ့မိတယ်၊ အချစ်ဆိုတာ ဆိုးတာပေတာ မိုက်တာနဲ့လည်း မဆိုင်ဘူး၊ ဆင်းရဲတာ ချမ်းသာတာနဲ့လည်း မဆိုင်ဘူး၊ အမွန်ပြောမယ်၊ ဟိုတုန်းကလည်း ဇွဲကို သံယောဇဉ်ရှိတာကလွဲပြီး ချစ်သူတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

အဖြစ် အမွန် စိတ်ကူးမယဉ်ခဲ့ဘူး၊ အခုအခြေအနေမှာ ကိုကျော်ဇင်ငြိမ်းတို့ အသိုင်းအဝိုင်းနဲ့ ပြဿနာဖြစ်လို့ ပိုတောင်မှ ပြောလို့ကောင်းသေးတယ် ဖွဲ့ အခုရော နောက်နောင်ကာလတွေမှာရော ဖွဲ့ကို သံယောဇဉ်ရှိရုံကလွဲပြီး အမွန် ချစ်လာနိုင်မှာ မဟုတ်ဘူး”

အမွန့်စကားတွေကြောင့်ပင် သူ့မျက်ဝန်း၏အကြည့်တို့ ဝေဝါးလာ၏။

ဝမ်းနည်းခြင်းကြောင့်ပင် မျက်ရည်တို့ ဝေ့ဝဲခဲ့သည်လား။

အမွန်ကတော့ ပြောချင်တာတွေ ပြောလိုက်ရလို့ ပေါ့ပါးသွားသည် ထင်၏။

အမွန်မမြင်အောင် မျက်ရည်တို့ကို သုတ်ဖယ်ပစ်လိုက်ရသည်လေ။

⓪ ❧❧ ⓪

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၇။

အမွန်ကတော့ သူနှင့်ပတ်သက်ခဲ့သော စကားကြွေးကို မကျေကျေအောင် ဆပ်ပြခဲ့သည်။ သံယောဇဉ်ချင်းနီးကြရုံမျှဖြင့်သာ ဒီဘဝမှာ နေခွင့်ပေးခဲ့သည်ပဲ။ အမွန်နှင့်သူသည် ရင်ချင်းနားလည်ပြီး ဘဝတစ်ခုကို တည်ဆောက်ကြဖို့ လမ်းမမြင် ကမ်းမမြင်။

သူ့အတွက်ကတော့ အကြွေးတွေ မဆပ်နိုင်သေး။ အမွန့်အပေါ်မှာသော်လည်းကောင်း၊ ကိုကျော်ဇင်ငြိမ်းပေါ်မှာသော်လည်းကောင်း အကြွေးတွေ တင်ရစ်ပြီ။

"ဆရာ . . . ဧည့်သည်တစ်ယောက် ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်”

ပွဲရုံ၏ကိုယ်ပိုင်အခန်းကျဉ်းလေးထဲမှာပင် စိတ်ညစ်ညစ်နှင့် ဝင်ခွေဖြစ်သည်။

သူ့အလုပ်သမားလေးက အလိုက်မသိစွာဖြင့် လာပြီးနှောင့်ယှက်၏။

“အပြင်သွားတယ်လို့ ပြောလိုက်တာ မဟုတ်ဘူး၊ ငါ ကောင်းကောင်းနေမကောင်းချင်တာနဲ့ မေးနေတာ သိရဲ့သားနဲ့”

အလိုက်မသိရကောင်းလားဆိုပြီး ကောင်လေးကို ငေါက်ငမ်းပစ်လိုက်သည်။

“ဒါဆိုလည်း ဆရာမရှိဘူးလို့ ပြန်ပြောလိုက်ရမလား”

“မင်းကိုယ်တိုင် လာခေါ်ပေးတာကို သိနေမှတော့ ငါ ထွက်တွေ့ရမှာပေါ့၊ နေ . . နေ . . သူ့ကိုခဏစောင့်ခိုင်းလိုက်၊ မျက်နှာသစ်ပြီး ငါထွက်လာခဲ့မယ်”

အလုပ်သမားကောင်လေးကတော့ နားမလည်စွာဖြင့် ခေါင်းကုတ်ပြီး ပြန်ထွက်သွားသည်။ ဒီရက်ပိုင်းမှာတော့ စိတ်တွေ


www.burmeseclassic.com

www.burmeseclassic.com

ညည်းညူသောကြောင့် အလုပ်တွေကို ဒီအတိုင်း ပစ်ထားဖြစ်သည်။

"ဟာ . . . ကိုကျော်ဇင်ငြိမ်းပါလား"

အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်သူ၊ အလုပ်နှင့်ပတ်သက်သောသူပဲဖြစ်မှာ . . . ဟု ထင်ထားခဲ့သည်။ ကိုကျော်ဇင်ငြိမ်းကို တွေ့လိုက်ရတော့ အံ့သြသွားသည်။ ကိုကျော်ဇင်ငြိမ်းတောင် ပြန်ရောက်နေပြီပဲ။

သူကလည်း ကိုကျော်ဇင်ငြိမ်းကို တွေ့ချင်နေ၏။

"ဇွဲ . . . အလုပ်ရော အားရဲ့လား"

"အားပါတယ် ကိုကျော်ဇင်ငြိမ်း၊ အခုတောင် အခန်းထဲဝင်ပြီး အိပ်နေတာ၊ ကိုကျော်ဇင်ငြိမ်းမှန်း မသိလို့ လာခေါ်ရမလားလို့ ဆူလွှတ်လိုက်သေးတယ်၊ ဘယ်နေ့က ပြန်ရောက်တာလဲ"

"မနေ့က ပြန်ရောက်တာပဲ ဇွဲ"

ကိုကျော်ဇင်ငြိမ်း၏ မျက်နှာပြင်ပေါ်မှာ မေးချင်စရာတွေရှိနေမှန်း သူ အကဲခတ်မိသည်။

သူ့ဆီကို အားချင်းလာတွေ့သည့်အတွက် ကိစ္စအားလုံးကို သိပြီးလောက်ပြီ . . . ဟု ယူဆမိသည်။

"ဒါဆိုလည်း ဇွဲတို့ အေးအေးဆေးဆေးရှိမယ့်


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တစ်နေရာရာကို သွားပြီး စကားပြောကြတာပေါ့”

ကိုကျော်ဇင်ငြိမ်း မတောင်းဆိုခင်မှာပင် ဦးအောင် သူ ပြောလိုက်ရသည်။ ပွဲရုံမှာဆိုရင် အလုပ်သမားတွေ၊ အရောင်း အဝယ်ကိစ္စတွေနှင့် လွတ်လပ်မှုရှိမှာ မဟုတ်ပေ။

“အဲဒါကောင်းတယ် ဖွဲ့၊ အခုအခြေအနေမှာ
ကိုယ်တို့နှစ်ယောက် မခွင်းမချန်စတမ်း ပွင့်ပွင့်လင်း
လင်း ဆွေးနွေးမှ ဖြစ်တော့မယ်”

အမွန်နှင့် ကိုကျော်ဇင်ငြိမ်းအသိုင်းအဝိုင်းတို့ ဖြစ်ကြသည့် ပြဿနာအရင်းမြစ်ကိုတော့ ကိုကျော်ဇင်ငြိမ်း ရိပ်စားမိသည် ထင်၏။

အမွန်နှင့်ပတ်သက်သော စွပ်စွဲချက်များကို မမလေးတို့က ပြောကြမှာသေချာ၏။

❧ ❧

လမ်းတစ်လျှောက်လုံး ကိုကျော်ဇင်ငြိမ်း ငြိမ်သက်နေ၏။

ဆိုင်သို့ရောက်ပြီး စားပွဲမှာ ထိုင်ကြသည့်တိုင် ငြိမ်သက် နေဆဲ။ အဖြစ်အပျက်များနှင့်ပတ်သက်ပြီး ကိုကျော်ဇင်ငြိမ်း စကား



www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

စပြောဖို့ ခက်နေပုံရသည်။

“ဖွဲ့ဆီမလာခင် အမွန်နဲ့ရော တွေ့ပြီးခဲ့ပြီလား ကိုကျော်ဇင်ငြိမ်း”

သူဝင်ရှုပ်သောဇာတ်လမ်းတွေကြောင့်ပင် အမွန့်ခမျာ သူတစ်ပါး၏ စွပ်စွဲမှုနှင့် အကုသိုလ်ဆိုး ဝင်ခဲ့၏။

“အခုအခြေအနေမှာ တွေ့လို့မဖြစ်ဘူး ဖွဲ့၊ ကိုယ် ပြန်ရောက်တဲ့နေ့ လေဆိပ်မှာ အမွန့်ကို မတွေ့ရ ကတည်းက တစ်ခုခုပဲဆိုတာကို သိလိုက်ရတယ်၊ မေမေတို့ မမလေးတို့ ဝိုင်းပြောကြတဲ့စကားကို ကြား ရတော့ ဘယ်လိုဖြေရှင်းရမှန်း မသိအောင် ဖြစ်သွား တယ် ဖွဲ့၊ အခုချိန်မှာ ကိုယ် အလုပ်သင့်ဆုံးက ဖွဲ့နဲ့ အရင်တွေ့ဖို့ပဲလို့ ယူဆမိတယ်လေ၊ ဒါကြောင့်ပဲ ဖွဲ့နဲ့ အရင်ဆုံး လာတွေ့ရတာ”

ရှင်းရှင်းလေးနှင့်ရှုပ်ထွေးခဲ့သော ဇာတ်လမ်းမှာတော့ အမွန့်အတွက် ဝယ်ပေးဖြစ်ခဲ့သော ဆွဲကြိုးလေးက အဓိက ဇာတ် ဆောင်ဖြစ်နေ၏။

“အခုလိုဖြစ်ကြပျက်ကြတာတွေအတွက် ဖွဲ့မှာ တာဝန်အရှိဆုံးဆိုတာကို ဝန်ခံပါတယ်၊ တစ်ခုတော့


www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်နော်၊ ဖွဲ့က အားလုံးကို သိသိကြီးနဲ့ ပျက်ရာပျက်စီးကြောင်း မှားယွင်းခဲ့တာတော့ မဟုတ်ဘူး၊ ဖွဲ့ ပြောလိုက်တဲ့ စကားအဓိပ္ပာယ်ကိုတော့ ကိုကျော်ဇင်ငြိမ်းနားလည်လိမ့်မယ် ထင်တယ်”

မျက်စိရှေ့မှောက်မှာ ရင်ဆိုင်နေရသောသူသည် အခြားသူမဟုတ်။ သူအရမ်းချစ်ခဲ့ရသော အမွန်၏ ချစ်ရသူ။ ပြီးတော့ သူတဖွဖွပြောခဲ့သော သူ့ကျေးဇူးရှင်တစ်ဦး။

“ဟုတ်ပါတယ် ဖွဲ့၊ ကိုယ်နဲ့ အမွန်တို့ ချစ်သူတွေဖြစ်ခဲ့ကြတဲ့နောက်ပိုင်းမှာရော၊ မဖြစ်ခင် ရှေ့ပိုင်းမှာပါ ကိုယ်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို မရိုးသားစွာနဲ့ပဲ ဖုံးဖိထားခဲ့ကြပါတယ်၊ အဲဒါကိုက ကိုယ်တို့ရဲ့အမှားတွေပဲ၊ ဒါကလည်း ကိုယ်တို့အကြောင်းကို ဖွဲ့ သိသွားပြီး၊ ဖွဲ့ မျှော်လင့်ချက်တွေ ဖွဲ့ရဲ့အိပ်မက်တွေ အကြောင်းမဲ့ ပျက်စီးသွားမှာ ကြောက်လို့ပါပဲ”

“ကိုကျော်ဇင်ငြိမ်းတို့အခြေအနေကို ဖွဲ့ မသုံးသပ်နိုင်ခဲ့မိဘူး၊ ထင်လည်း မထင်ဘူး၊ အမွန်ကိုယ်တိုင်က ဖွဲ့အပေါ်မှာပဲ သံယောဇဉ်အကြီးဆုံးဖြစ်ပြီး တစ်နေ့မှာတော့ ချစ်သူတွေဖြစ်လာလိမ့်မယ်လို့ ဖွဲ့


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မျှော်လင့်ခဲ့တာ အမှန်ပဲ၊ ဒါကြောင့်ပဲ ကိုကိုကြီးတို့ အားလုံးကို ဖွဲ့မှာ လက်ထပ်ရမယ့် မိန်းကလေးရှိကြောင်းကို ပြောဖြစ်ခဲ့တယ်၊ ဒါကလည်း ဖွဲ့က လီဆယ်ပြီး လုပ်ကြံပြောခဲ့တာ မဟုတ်ပါဘူး”

“အမွန်နဲ့ ခင်ရာမင်ရာကနေ ကိုယ့်စိတ်တွေ မရိုးသားခဲ့တာ၊ ပြီးတော့ ဖွဲ့အပေါ် မပွင့်လင်းခဲ့တာတွေအတွက် ကိုယ့်မှာ အပြစ်ရှိပါတယ်ဖွဲ့၊ ဖွဲ့ ခွင့်မလွှတ်ရင်လည်း ရတယ်၊ ဒါပေမဲ့ ဘာမှ အပြစ်မရှိတဲ့၊ ရိုးသားတဲ့ အမွန့်အပေါ်မှာ ကိုယ့်အသိုင်းအဝိုင်းက အထင်မြင်လွဲရုံမကဘူး၊ စော်ကားမော်ကားတဲ့ အပြုအမူတွေလည်း ပြုခဲ့ကြပြီးပြီ၊ အမွန့်ကိုယ်ကျင့်သိက္ခာကို ထိခိုက်တဲ့အတွက်တော့ ဖွဲ့ ဖြေရှင်းပေးသင့်တယ်လို့ တောင်းပန်ပါတယ်”

ကိုကျော်ဇင်ငြိမ်းစကားကြောင့်ပင် ရင်ထဲမှာမကောင်း။ အခြေအနေအားလုံးကတော့ အမွန့်အပေါ် သူ တာဝန်မကင်းရာ ဖြစ်နေ၏။

“နေပါဦး ကိုကျော်ဇင်ငြိမ်း၊ မမလေးတို့ ကြီးမေတို့ ပြောကြဆိုကြတဲ့ စကားတွေကို ဘာမှဖြေရှင်းချက်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

မထုတ်ဘဲ ခေါင်းငုံ့ နာခံတာပဲလား၊ အမွန့်ဘက်ကနေ ခုခံကာကွယ်ပြီး ဘာမှမပြောခဲ့ဘူးလား”

“ပြောလို့ရော ဘာထူးမှာလဲ၊ မေမေတို့အားလုံး က ကိုယ်နဲ့ ဖွဲ့တို့အတွက် အမွန့်ကို မိန်းမလည်ကြီး လုံးလုံးဖြစ်အောင် ယုံကြည်နေကြတာပဲ၊ မေမေတို့ စွပ်စွဲချက်တွေကို ဖွဲ့ကိုယ်တိုင်မှ မဖြေရှင်းပြခဲ့ဘဲ ကိုယ် ဖြေရှင်းပြလို့ ဘယ်အရာထင်ပါ့မလဲ”

“မဟုတ်သေးပါဘူး”

“ကိုယ်တောင်းပန်ပါတယ် ဖွဲ့၊ ဖွဲ့ရင်ထဲကနေ အမွန့်ကို ဆွဲထုတ်မိတဲ့အတွက် ကိုယ့်မှာ အပြစ်ရှိပါ တယ်၊ ဖွဲ့ ကြိုက်သလို အပြစ်ပေးပါ၊ ဒါပေမဲ့ ဖွဲ့ရယ် . . . အမွန်ကိုတော့ မိန်းမလည်တစ်ယောက်၊ သစ္စာ မထား မျက်နှာများတဲ့ ကိုယ်ကျင့်သိက္ခာမဲ့တဲ့ မိန်းမ တစ်ယောက်အဖြစ်နဲ့တော့ သမိုင်းမတွင်ရစ်ပါစေနဲ့ ဖွဲ့”

ကိုကျော်ဇင်ငြိမ်း၏စကားတွေကတော့ နည်းနည်းလေး အစွန်းရောက်ချင်လာ၏။ တခြားသူတစ်ယောက်ယောက်သာဆိုရင် တော့ သူ့ဒေါသနှင့်သူ့လက်တို့က သွေးစွာဖြစ်မှာ သေချာသည်။


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

ထောက်ထားအပ်သော ကျေးဇူးတွေကြောင့်ပင် စကား အရာဖြင့်သာ လက်တုံ့ပြန်ဖြစ်သည်။

"ဘာလဲ ကိုကျော်ဇင်ငြိမ်း . . . ဖွဲ့က ကိုကျော် ဇင်ငြိမ်းတို့အကြောင်းကို သိသွားပြီး မစားရတဲ့အမဲကို သဲနဲ့ပစ်သလိုမျိုး၊ ချော်လဲရောထိုင်လုပ်ပြီး ကိုကျော်ဇင် ငြိမ်းတို့ကို ပြဿနာမပေါ်ပေါ်အောင် လုပ်ခဲ့တယ်လို့ စွပ်စွဲလိုက်တာလား၊ ကိုကျော်ဇင်ငြိမ်းလည်း စဉ်းစား ကြည့်ပါ၊ ပြဿနာဖြစ်ခဲ့တယ်ဆိုပေမယ့် ဖွဲ့လုပ်တာ တွေဟာ ရိုးသားစွာ မှားယွင်းခဲ့တာတွေချည်းပဲ၊ မမ ကြီးတို့ ကြီးမေတို့ လာပြောကြဆိုကြမှ ကိုကျော်ဇင် ငြိမ်းတို့နှစ်ယောက်အကြောင်းကို သိရတာ၊ အဲဒီအချိန် မှာလည်း သူတို့ဘာသာသူတို့ ဆုံးဖြတ်ပြီး အမွန့်ဆီကို သွားပြီး ပြောပြီးဆိုပြီးနေပြီ၊ မထင်ထားတဲ့ကိစ္စကို ရုတ်တရက်ကြီး ကြားရ၊ ကြုံရလိုက်တာဆိုတော့ ဖွဲ့မှာ တွေးတောနိုင်စွမ်း မရှိတော့ဘူး၊ ဖွဲ့နေရာကနေ ဝင်ပြီး ကိုယ်ချင်းစာကြည့်ပါဦး"

အမွန့်ကိုတော့ မိန်းမလည်အဖြစ် လူတွေ သတ်မှတ်ပြီ လား။ ဒီလိုဆိုရင်တော့ သူ အရမ်းမိုက်မဲရာကျသွားမည်။ အမွန်


www.burmeseclassic.com

www.burmeseclassic.com
BURMESE CLASSIC .com

သာ ကိုကျော်ဇင်ငြိမ်းလို အကြောင်းစုံသိခဲ့ရင်တော့ သူ့အဖို့ အသက်ရှင်စရာမကောင်းတော့ပေ။

"ကိုယ်ထပ်ပြီး တောင်းပန်ပါတယ် ဖွဲ့၊ အမွန့်ကို အခုချိန်ထိ ကိုယ်မတွေ့ရဲဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အမွန့်ကို တွေ့တာနဲ့ ဖွဲ့နဲ့ပတ်သက်တာတွေကို ကိုယ်ပြောမိဆိုမိမှာပဲ၊ အမွန့်ကို မတွေ့တော့နဲ့ဆို ကိုယ်မတွေ့ဘဲ နေပေးပါ့မယ်၊ အခုအခြေအနေအတိုင်းပဲ ကိုယ်နောက်ဆုတ်ပေးဆို နောက်ဆုတ်ပေးပါ့မယ် ဖွဲ့၊ ဖွဲ့ကိုလည်း အမွန်က အပြစ်မမြင်စေချင်ဘူး၊ ပြီးတော့လည်း အမွန့်အပေါ်မှာလည်း ကိုယ့်အသိုင်းအဝိုင်းက မတရားစွပ်စွဲတာကို မခံစေချင်ဘူး၊ ဖြစ်ခဲ့တဲ့ကိစ္စအဝဝတွေအားလုံးကို ဖွဲ့ကပဲ ကိုယ့်အသိုင်းအဝိုင်းက လူတွေသိအောင် ရှင်းပြပေးပါ"

"ကောင်းပြီ ကိုကျော်ဇင်ငြိမ်း . . . ကိုကျော်ဇင်ငြိမ်းနဲ့ ဖွဲ့ ဆက်ဆွေးနွေးစရာ မလိုတော့ဘူး၊ အခုချက်ချင်းပဲ ဖွဲ့ရှေ့ကနေ ကိုကျော်ဇင်ငြိမ်း အမြန်ထွက်သွားပေးပါ၊ ဖွဲ့ ဘာလုပ်ရမယ်၊ ဘာလုပ်သင့်တယ်ဆိုတာကို ဖွဲ့ဘာသာဖွဲ့ ဆုံးဖြတ်ပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com


သူ့အသားတွေက ဒေါသကြောင့် မဟုတ်ဘဲ ဝမ်းနည်းခြင်းကြောင့် တဆတ်ဆတ်တုန်ယင်နေ၏။

သူ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ ရုတ်ခြည်းပြောင်းလဲသွားသောကြောင့်ပင် သူ့ရှေ့မှ ကိုကျော်ဇင်ငြိမ်း ထွက်သွားလေ၏။

⓪ ⁓⁓ ⓪

www.burmeseclassic.com

www.burmeseclassic.com

၈။

ထက်ထက်သူတို့ စာသင်ကျောင်းသို့ သူရောက်သွားရပြန်၏။ ဒီတစ်ခါမှာတော့ သူ့မှာ ကားပါမလာ။ သူနှင့်အတူ ခရီးဆောင်အိတ်တစ်လုံးသာ ပါလာ၏။

"ကားမပါလာဘူးလား ကိုကိုဇွဲ"

"မပါလာဘူး ညီမလေး"

သူတို့မောင်နှမနှစ်ယောက် ပြောကြဆိုကြတာတွေကို ကြည့်ပြီး ဟိန်းစိုးအောင် နားလည်မှာ မဟုတ်ပေ။

"ကိုကျော်ဇင်ငြိမ်း ပြန်ရောက်နေတာ သုံးရက်ရှိသွားပြီ၊ အခုထိ မမမွန်ကို လာမတွေ့သေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရတာ သူ့အသိုင်းအဝိုင်းရဲ့စကားကို လုံးဝ နားထောင်လိုက်ပြီထင်တယ်”

“ငါ့ဆီ လာတွေ့ပြီးပြီ ညီမလေး”

“ဟာ . . . ဟုတ်လား၊ ညီမလေးကတောင် ပြောဖြစ်သေးတယ်၊ ဘာကြောင့်ဖြစ်ရတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိရအောင် ကိုကိုဖွဲ့ကတစ်ဆင့် ကိုကျော်ဇင်ငြိမ်းကို မေးပါလားလို့လေ၊ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ ဘာတွေများပြောလဲ ကိုကိုဖွဲ့”

ထက်ထက်သူကို အစမှအဆုံး သူ ရှင်းပြမနေချင်။ ဒီကိစ္စတွေနှင့် ပတ်သက်ပြီးတော့လည်း နောက်ကြောင်းပြန် မပြောချင်တော့။

“ငါ ဘာမှမပြောချင်ဘူး ထက်ထက်၊ တစ်ခု တော့ ပြောမယ်၊ မကြာခင်မှာပဲ ကိစ္စတွေအားလုံး ရှင်းရှင်းလင်းလင်းဖြစ်ပြီး နင်တို့တွေအားလုံး သဘော ပေါက်သွားလိမ့်မယ်၊ နင့်ဆီ ငါလာတွေ့တာက ငါ ခရီးထွက်စရာရှိလို့ပဲ”

သူ့ဦးနှောက် ပုံမှန်မဟုတ်တော့ဘူး . . . ဟု ဆရာဝန် မဖြစ်တဖြစ် အသိဖြင့် ထက်ထက်သူ နားလည်သွားမည်လား မသိ။


www.burmeseclassic.com

"ကိုကိုဇွဲကလည်း ကိုကိုဇွဲအလုပ်ကိစ္စနဲ့ ခရီးသွားနေတာ ခဏခဏပဲဥစ္စာ၊ တစ်ခါမှလည်း ခရီးသွားခါနီး ညီမလေးဆီ လာမတွေ့ပါဘူး၊ ဒီတစ်ခါမှ ထူးထူးဆန်းဆန်း"

"ဒီတစ်ခါ ခရီးထွက်မှာက အလုပ်ကိစ္စနဲ့ မဟုတ်ဘူး ညီမလေး၊ ပြီးတော့ တစ်လနှစ်လလောက် အနည်းဆုံးကြာရင်ကြာမယ်၊ ငါ့စိတ်တွေ ကြည်လင်ပြီး အားလုံးနဲ့ မျက်နှာချင်းဆိုင်လို့ ရပြီဆိုတော့မှ နင်တို့ရှိရာကို ငါ ပြန်လာဖြစ်မှာ"

"ကိုကိုဇွဲက ဘာတွေလျှောက်လုပ်ဦးမလဲ မသိဘူး၊ ကိုကိုဇွဲရဲ့ လုပ်ငန်းတွေနဲ့ ပွဲရုံကို ဒီတိုင်းကြီး ထားပစ်ခဲ့တော့မှာလား"

"ငါ့အလုပ်တွေ ပွဲရုံကိစ္စတွေကို စိတ်ချရတဲ့ လူတစ်ယောက်နဲ့ ခဏလွှဲပေးထားခဲ့တယ်၊ ကဲပါ ငါတို့ စကားပြောတာကို ကြားထဲက နားထောင်ပေးနေရတဲ့ ဟိန်းစိုးအောင်ကို ငါ အားနာလာပြီ၊ နင့်ဆီ ဝင်လာဖြစ်တဲ့ အဓိကအကြောင်းက အမွန့်အတွက် စာတစ်စောင်ပေးခဲ့ချင်လို့ပဲ၊ ဒီစာကို အမွန့်လက်ထဲရောက်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အောင် ပေးလိုက်ပါ ညီမလေး”

ဟိန်းစိုးအောင်နှင့် ထက်ထက်သူကို နှုတ်ဆက်ပြီး ကျောင်းဝင်းအတွင်းမှ ထွက်လာခဲ့သည်။

သူ့ကိုယ်ပေါ်မှာလည်း ခရီးဆောင်အိတ်တစ်လုံးလွယ်ပိုးထား၏။ မွန်းတည့်နေက သူ့အပေါ် တည့်တည့်ကျရောက်နေ၏။

စီးကျလာသော ချွေးစများကို သုတ်ဖယ်ရင်းကပင် အမွန့်အတွက် ရေးဖြစ်ခဲ့သောစာကို စိတ်ကူးဖြင့် မြင်ယောင်မိပြန်၏။

❧❧

အမွန် . . .

ဒီစာကို ဖတ်ပြီးတာနဲ့ ကိုကျော်ဇင်ငြိမ်းနဲ့ တွေ့ဖို့ အမြန်ကြိုးစားပါ အမွန်။ ပြောစရာတွေ အများကြီး ရှိပေမယ့် အဓိကကျတာကိုပဲ ပြောပါ့မယ်။

ဖွဲ့ပြောမှာကို အမွန်သိပြီးတာနဲ့ စိတ်ထဲကနေ ထုတ် ပယ်ပစ်လိုက်ပါ။

အမွန် ပြောခဲ့တယ်နော် . . .

ဒီဘဝမှာ သံယောဇဉ်ရှိရုံကလွဲပြီး ချစ်သူအဖြစ်ကို


www.burmeseclassic.com

ဘယ်သောအခါမှ မမျှော်လင့်နဲ့ဆိုတာလေ။

ကောင်းပါပြီ အမွန်။ ဒီဘဝမှာတော့ အမွန့် သံယောဇဉ်တွေကို ရလို့ ဖွဲ့နေပျော် သေပျော်ပါပြီ။ ဒါပေမဲ့ ကွယ် နောက်နောင်ဘဝတွေမှာတော့ အမွန့်အချစ်ကို ရတဲ့သူအဖြစ် ဖွဲ့ တောင်းတချင်တယ်။

ဒီစကားအတွက်တော့ အမွန့်မှာ တားပိုင်ခွင့်မရှိဘူး ထင်ပါတယ်၊ သံယောဇဉ်ကြောင့် သံသရာတွေ ရှည်သလို ပဲ၊ စွဲလမ်းခြင်းကြောင့် ဘဝတွေ များပါစေ အမွန်ရယ်၊ ဘဝတစ်ခုခုမှာတော့ အမွန်နဲ့အတူ ဆုံချင်ပါသေးတယ်။

ဖွဲ့ပြောချင်တာက ဒါပါပဲ။ ဒီစကားတွေကို စိတ် ထဲကနေ ဖျောက်ပစ်လိုက်ပါ အမွန်။

ဖွဲ့ဆက်ပြောမှာကို အမွန် နားထောင်ပါ။

ကိုကျော်ဇင်ငြိမ်းနဲ့ အမြန်ဆုံးတွေ့အောင် ကြိုးစားပါ အမွန်။ အမွန့်ကို တွေ့တဲ့အခါ ဘာတွေဖြစ်ခဲ့သလဲဆို တာကို သူက ပြောပြလိမ့်မယ်။

အမွန်ကပဲ ကိုကျော်ဇင်ငြိမ်းကို တစ်ဆင့် ပြောပေး ပါ။ အမွန်တို့နှစ်ယောက် ဆုံကြတဲ့အချိန်မှာပဲ ဖွဲ့က သူ့ မိဘတွေရှိတဲ့နေရာကို သွားနေပါပြီလို့လေ။

www.burmeseclassic.com

အမွန့်အပေါ် မှတ်မထင်ဘဲ တင်သွားခဲ့တဲ့ အကြွေး၊ ကိုကျော်ဇင်ငြိမ်းအပေါ် တင်ဖြစ်တဲ့ အကြွေးတွေ ဆပ်ဖို့ အတွက် ကိုကျော်ဇင်ငြိမ်းရဲ့ အသိုင်းအဝိုင်းတွေကို ဖွဲ့က ရှင်းပြပေးမှာပါ။

သံယောဇဉ်ရှိဖူးတဲ့

ဖွဲ့

❧ ❧

သူ့ကို တင်ဆောင်ခေါ်ယူသွားသော အဝေးပြေးကားကြီး ကတော့ တရွေ့ရွေ့ ခရီးနှင်နေဆဲပင်။

မြို့များ ရွာများတို့သည် နောက်ဆီမှာ ကျန်ရစ်ခဲ့လေပြီ။

ဘယ်နေရာမှာ ဘာတွေကျန်ရစ်ခဲ့မှန်းကို မမှန်းဆနိုင်။ သူ့ရင်နှင့်ဝေးရာဆီမှာတော့ သူ့အချစ်တွေ ကွင်းကျန်ရစ်သည် လား။

ဝေးဝေးကိုတော့ သူမပြေးနိုင်။ တစ်နေ့မှာတော့ အမွန်နှင့် မျက်နှာချင်းဆိုင် ဖြစ်ဦးမည်။


www.burmeseclassic.com

www.burmeseclassic.com

အမွန်နှင့်ဆုံအတွေ့မှာ ချစ်ခြင်းဗလာ ဖြစ်ရသော်လည်း သံယောဇဉ်တို့ မမဲ့ချင်။

သံယောဇဉ်မကင်းသော အမွန့်အကြည့်များကိုတော့ မြင်နိုင်စွမ်းရှိသရွေ့ မြင်တွေ့သွားချင်သေးသည်လေ။

⓪ ꧁꧂ ⓪


မောင်ညိုအေး (ပန်းတော)

တိုက် ၂၅။ အခန်း (၁၀၄)။

၅ လမ်း။ ဘီ = ဘလောက်

ယုဇနဥယျာဉ် မြို့တော်

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်။

ဖုန်း = ၅၉၃၁၄၂


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com